# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အမျက်ဒေါသ မရှိ**

အမျက်ဒေါသသည် ဆင်းရဲစေ၏။ စိုးရိမ်ပူပန်ရ၏။ ထို့ကြောင့် အမျက်ဒေါသကို ပယ်နိုင်ရန် သည်းခံတတ်သော စိတ်ကို မွေးမြူရာ၏။ အမျက်ဒေါသမရှိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာမြတ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြည်ညိုရာ၏။ **ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၄၀၀)**


၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ သောကြာနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၃၃)


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံအား ဂုဏ်ပြုပါ၏။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယနေ့ အစည်းအဝေးဆက်လက်ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယနေ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

**သဘာပတိအဖွဲ့ဝင်များ**

ယနေ့ အစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ် ပဒိုစောကွယ်ထူးဝင်း၊ အစိုးရကိုယ်စားလှယ် ဦးသိန်းဆွေ၊ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း၊ တပ်မတော်ကိုယ်စားလှယ် ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ် ဦးညဏ်ဝင်းတို့က ဆောင်ရွက်ကြသည်။

သဘာပတိ ပဒိုစောကွယ်ထူးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ တက်ရောက်ကြသည့် အဖွဲ့အစည်းအသီးသီးမှ အနာဂတ်မြန်မာနိုင်ငံတော်အတွင်းနေထိုင်ကြသည့် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အနာဂတ်မြန်မာနိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကို မိမိတို့အဖွဲ့အစည်းအသီးသီး၏ အမြင်သဘောထားများကိုတင်ပြကြမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ တင်ပြကြရာတွင် မိမိတို့၏ မတူညီသောရင်ဆိုင်ဖြတ်သန်းလာရသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးတို့ ဘရူနိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

စာမျက်နှာ-၆


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# အားလုံးအတွက် (၂၁)ရာစုပင်လုံ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို ဩဂုတ်လ ၃၁ ရက်နေ့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါပြီ။ လွတ်လပ်ရေးရသည့်အချိန်မှစ၍ မငြိမ်းမချမ်းဖြစ်ခဲ့သော မြန်မာ့နိုင်ငံရေးနှင့် ပြိုကွဲခဲ့ရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ကို ပြန်လည်တည်ဆောက်မည့်အရေးပါသော ခြေလှမ်းတစ်ရပ်အဖြစ် (၂၁)ရာစုပင်လုံကိုကျင်းပနိုင်ခဲ့ပါပြီ။

ညီလာခံကျင်းပရေးခန်းမကြီးအတွင်း နိုင်ငံရေးအင်အားစုအသီးသီးနှင့် တိုင်းရင်းသားစုံညီတို့၏ အသွေးအရောင်အမျိုးမျိုးရှိသော ရိုးရာဝတ်စုံများဖြင့် မြင်တွေ့ရသည်မှာ ကျေနပ်အားရဖွယ်ကောင်းလှသည်။ တက်ရောက်သူအားလုံးတွင်လည်း ကျေနပ်အားရမှု၊ ဝမ်းမြောက်ဝမ်းသာရှိမှုတို့ကို မြင်တွေ့နေရသည်။ ဤသို့သော သမိုင်းဝင်နေ့ကို တက်ရောက်ပါဝင်ခွင့်ရခြင်းမှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပေသည်။

သို့ကြောင့်ပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းတွင် “ ဒီခန်းမကြီးဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားတဲ့ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များနဲ့သာ ပြည့်နေရုံမက၊ ကမ္ဘာတစ်ဝန်းက ကျွန်မတို့အပေါ် စိတ်ကောင်းစေတနာထားတဲ့ မိတ်ဆွေများရဲ့မျှော်လင့်ချက်တွေ၊ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ အိပ်မက်တမ်းတချက်တွေနဲ့ လျှံနေပါတယ်” ဟု ပြောသွားသည်။ ဤသို့ အိပ်မက်တမ်းတချက်များနှင့် လျှံနေရခြင်းမှာလည်း မငြိမ်းချမ်းသော ကာလရှည်ကြာလှသောကြောင့်ဟုပင် ဆိုရပါမည်။ မည်မျှကြာသနည်းဆိုသော် ကမ္ဘာတွင် အရှည်ကြာဆုံး ပြည်တွင်းပဋိပက္ခဟုပင် ဆိုနိုင်ပါသည်။

လွတ်လပ်ရေးရပြီးသည်မှစ၍ နှစ်ပေါင်း ၇၀ နီးပါးကာလအတွင်း မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ဖြတ်သန်းဖူးသည်။ စစ်တပ်အာဏာသိမ်းမှုကို ကြုံတွေ့ဖူးသည်။ ဆိုရှယ်လစ်စနစ်ကိုလည်း ဖြတ်သန်းဖူးသည်။ ထို့နောက် ၈၈ လူထုအရေးတော်ပုံကြီးပြီးနောက် စစ်အာဏာရှင်စနစ်ကို ဖြတ်သန်းခဲ့ရပြန်သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ထွက်လာသော အယူဝါဒရေးရာလက်နက်ကိုင်များ ၁၉၉၀ တွင် ချုပ်ငြိမ်းသွားခဲ့သော်လည်း ဆက်လက်ကျန်ရှိနေသည်မှာ တိုင်းရင်းသားလက်နက်ကိုင်များ ဖြစ်ပေသည်။ ခေတ်အဆက်ဆက်က ပြည်တွင်းစစ်ချုပ်ငြိမ်းဖို့ နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးပန်းတိုင်နှင့် အလှမ်းကွာခဲ့ရကြောင်း၊ ထို့ကြောင့် မအောင်မြင်ခဲ့သော သမိုင်းဖြစ်စဉ်များကို သင်ခန်းစာယူပြီး ယနေ့ခေတ်၊ ယနေ့အချိန်အခါတွင် ကျွန်မတို့အားလုံးစုပေါင်းပြီး သမိုင်းသစ်ကို ရေးသားကြရမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ခြင်းဖြစ်ပေသည်။


ငြိမ်းချမ်းရေးရသင့်သည်မှာ ကြာမြင့်ခဲ့ပါပြီ။ တိုင်းပြည်သည်လည်း ဒေသတွင်း နောက်အကျဆုံးနိုင်ငံတစ်ခုဖြစ်နေရသည်။ “အချိန်လွန်နေပြီဖြစ်သော ငြိမ်းချမ်းရေး” ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သုံးနှုန်းသွားသည်။ ထို့ကြောင့်ပင် ယခုကြိုးပမ်းဆောင်ရွက်မှုများသည် ဒီကနေ့အခန်းထဲတွင်ရှိနေသော လူများ၏ အကျိုးစီးပွားအတွက် အဓိကမဟုတ်ဘဲ အနာဂတ်မျိုးဆက်သစ်များ စိတ်ရောကိုယ်ပါ ငြိမ်းချမ်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်ဖို့အတွက်ဖြစ်ကြောင်း၊ နောက်လာမယ့်မျိုးဆက်များဟာ ပဋိပက္ခများ၊ ဆုံးရှုံးနစ်နာမှုများကြောင့် စိတ်၊ ခန္ဓာဒဏ်ရာအနာတရတွေ ဘယ်တော့မှ မရသင့်တော့ကြောင်းလည်း ထည့်သွင်းပြောကြားသွားသည်။

ယနေ့ အဓိကတာဝန်မှာ လက်နက်ကိုင်ပဋိပက္ခများ၏ မူလဇာစ်မြစ်ဖြစ်သည့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်ဖို့ဖြစ်သည်။ ထိုသို့ဖြေရှင်းနိုင်ရန် အဓိကလိုအပ်ချက်မှာ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းအဖြေရှာနိုင်ရန်ပင် ဖြစ်သည်။ ၁၉၄၇ ခုနှစ် (၂၀) ရာစုပင်လုံကာလကလည်း ပြည်သူလူထုအားလုံး၏ လွတ်လပ်ရေးအတွက် မျှော်လင့်ချက်များကို ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်းနှင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ထိုပင်လုံစိတ်ဓာတ်မှာ ယခုရောက်ရှိနေသော (၂၁) ရာစုတွင်လည်း မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်နေပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် MPC ကို ထူထောင်ပြီး အပစ်အခတ်ရပ်စဲရေးကို ကြိုးပမ်းခဲ့သော သမ္မတဟောင်း ဦးသိန်းစိန်ဦးဆောင်ခဲ့တဲ့ အစိုးရအဖွဲ့ကို ဂုဏ်ပြုကြောင်း၊ ယခင်အစိုးရက ငြိမ်းချမ်းရေးဆောင်ရွက်မှုကို ယခုကျွန်မတို့က ဆက်လက်ပြီး တည်ဆောက်သွားပါမယ်ဟုလည်း ပြောကြားခဲ့သည်။ ထို့ကြောင့်ပင် ယခုရရှိထားသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကိုအခြေခံ၍ ဆွေးနွေးညှိနှိုင်းပြုပြင်ထားသော နိုင်ငံရေးဆွေးနွေးမှုမူဘောင်ဖြင့် (၂၁) ရာစုပင်လုံကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယခုလိုစုံညီ ညီလာခံကြီးများကို ခြောက်လတစ်ကြိမ် ကျင်းပရန် ရည်ရွယ်ထားရာ ကြားကာလများတွင်လည်း အမျိုးသားအဆင့် ဆွေးနွေးပွဲများကို ဒေသအလိုက်၊ အကြောင်းအရာအလိုက်၊ လူမျိုးအလိုက် ဆွေးနွေးမှုများ ရှိနေဦးမည်ဖြစ်သည်။ ယခုညီလာခံတွင် မပါဝင်နိုင်ကြသေးသော အဖွဲ့များအတွက်လည်း နောင်ညီလာခံများတွင်ပါဝင်ရန် လမ်းဖွင့်ထားသည်ဖြစ်ရာ အနာဂတ်ကာလတွင် ပိုမိုပြည့်စုံသော၊ ပိုမိုအောင်မြင်သော အားလုံးအတွက် တွေ့ဆုံညှိနှိုင်းမှုများကို မြင်တွေ့လာရစရာရှိပါကြောင်း တင်ပြရပါသည်။ ။





## မြိတ်မြို့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ဂုဏ်ပြုပွဲကျင်းပ



**မြိတ် စက်တင်ဘာ ၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ဂုဏ်ပြုပွဲကို မြိတ်မြို့ ကမ်းနားလမ်း ပုလဲရတနာခန်းမရှေ့၌ ဩဂုတ် ၃၁ ရက် ညနေ ၄ နာရီက ကျင်းပခဲ့ရာ မြိတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးမှ အဖွဲ့ဝင်များ၊ မြိတ်ခရိုင်တက္ကသိုလ်များ၊ ကျောင်းသားသမဂ္ဂမှ အဖွဲ့ဝင်များ၊ မြိတ်ခရိုင် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းဝင်များ၊ မြိတ်ခရိုင် တောင်သူလယ်သမားသမဂ္ဂဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြိတ်ခရိုင် (၂၁)ရာစု Onlie မောင်နှမအဖွဲ့မှအဖွဲ့ဝင်များ၊ လမ်းစပရဟိတအဖွဲ့(မြိတ်)မှ တာဝန်ခံနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထောက်ခံကြိုဆိုပွဲတွင် တက်ရောက်လာသူများထဲမှ ဦးတင်ကိုကိုဦးနှင့် ဒေါ်အမာနီတို့က ပင်လုံညီလာခံထောက်ခံရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဦးတင်ကိုကိုဦးက ပင်လုံဆိုတာကဗျာအားရွတ်ဆို၍ တက်ရောက်လာသူများက စစ်ပွဲတွေချက်ချင်းရပ်၊ ကျည်ဆန်တွေအစား ပန်းများပွင့်စေ၊ (၂၁)ရာစုပင်လုံညီလာခံအား ထောက်ခံကြိုဆိုပါသည်ဟု ကြွေးကြော်ခဲ့ကြောင်း သိရသည်။

ခိုင်ထူး( ပြန်/ဆက်)

## (၂၁)ရာစု ငြိမ်းချမ်းရေးပန်း

❊ ရွှေချိုးဖြူ ဟန်ဝင့်လို့
မိုးထက်သို့ဆင့်ပျံ
တိုးတက်ဖို့မြန်မြန်
ကြိမ်ဖန်ဖန် ကူသံပေး
ငြိမ်းချမ်းရေးအောင်လံတော်
ရောင်ပြန်နော် လွှင့်ထူစို့လေး....။

❊ ငြိမ်းချမ်းရေးအောင်လံစိုက်လို့
မှောင်မိုက်လ အလင်းဖြာ
“၂၁ ရာစုပင်လုံ”မှာ
ပေါင်းဆုံကာ ညီနောင်ရင်းတို့
ဟန်မထယ် မာန်ဆွယ်ကင်းပါလို့
လက်ချင်းရယ် သွယ်သွယ်ယှက်
လှမ်းတက်စို့လေး.....။

❊ လှမ်းပါတဲ့ လှမ်းပါ
ငြိမ်းချမ်းရေးပန်းတိုင်အရောက်
လှမ်းလျှောက်ကြပါ
ပြည်သူတွေမျှော်ကြတာ
ငြိမ်းချမ်းရေးအောင်ပန်းပါ
လက်လှမ်းခါခါယူလို့
ပြည်သူ့အတွက် ပေးဆက်ကမ်း
ငြိမ်းချမ်းရေးအောင်ပန်း

(၂၁)ရာစုပင်လုံညီလာခံကို ဂုဏ်ပြုလျက် ....

သူဇာနွယ်(ဖျာပုံ)

## ရေဘေးသင့်သူများအတွက် ရေသန့်ဘူး၊ ထမင်းဘူးနှင့် မုန့်များလှူဒါန်း

**တပ်ကုန်း စက်တင်ဘာ ၁**

နေပြည်တော် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စု သံပုရာကုန်းနှင့် လက်ပံအိုင့်ကျေးရွာပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည့် လက်ပံအိုင့်ကျေးရွာသို့ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက သောက်ရေသန့်ဘူး၊ ထမင်းဘူးနှင့် မုန့်မျိုးစုံများ သွားရောက်လှူဒါန်းကြကြောင်း သိရသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ဝန်ထမ်းများက ငွေတောင်တပ်ကုန်း RO သောက်ရေသန့်ဘူးကြီး ၂၅၀၊ ဘုရင့်နောင်ရပ်ကွက်၊ မြဝတီရပ်ကွက်၊ အနော်ရထာရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ စေတနာရှင်ပြည်သူများစုပေါင်းကာ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာအဖြစ် တစ်ရပ်ကွက်လျှင် ထမင်းဘူး ၅၀၀ စုစုပေါင်း ထမင်းဘူး ၁၅၀၀ နှင့် ရေသန့်ဘူး၊ မုန့်မျိုးစုံများ ဒေသခံပြည်သူများ လက်ဝယ်အရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/ ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၃၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၂ |
| တရုတ် | တစ်ယွမ် | ၁၈၁.၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၁၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

**✱ ရှေ့ဖုံးမှ**

အတွေ့အကြုံ၊ အနာဂတ်တွင် ဖြစ်စေချင်သည့်ဆန္ဒများသည် တစ်ထပ်တည်းတူညီနိုင်မည် မဟုတ်ကြောင်း၊ မတူညီသည့် သဘောထားအမြင်များကို အခြေခံ၍ စည်းလုံးညီညွတ်မှု ငြိမ်းချမ်းရေးနှင့် အနာဂတ်မြန်မာနိုင်ငံတော်ကို မည်ကဲ့သို့ တည်ဆောက်မည်ကို ချမှတ်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။ ဒုတိယနေ့ နံနက်ပိုင်း အစည်းအဝေးတွင် အဖွဲ့အစည်းအသီးသီး၏ သဘောထားအမြင်များကို ဆက်လက်တင်ပြကြသည်။



ပဒိုစောကွယ်ထူးဝင်း
သဘာပတိ



ဦးကျော်တင့်ဆွေ
ပြည်ထောင်စုဝန်ကြီး



စောတာဒိုမူး
ကရင်အမျိုးသားအစည်းအရုံး(KNU)



ဦးဝင်းထိန်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ



ဦးပြုံးချို (ခ) ဦးဌေးဝင်းအောင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်



စောကျော်ညွန့်
KNU/ KNLA _ PC

## နိုင်ငံတကာလုံခြုံရေးမူဝါဒများ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မြန်မာနိုင်ငံ၏ နိုင်ငံတကာလုံခြုံရေးမူဝါဒများ အပြောင်းအလဲကာလအတွင်းသာမက အပြောင်းအလဲလွန်ကာလများတွင်လည်း တူညီသည့်အခြေခံများရှိရမည် ဖြစ်ပါကြောင်း၊ နယ်စပ်လုံခြုံရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက် အရေးကြီးပါကြောင်း၊ ကမ္ဘာကြီး၏ လုံခြုံရေးအတွက် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရမည် ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂ၏ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ကူညီနိုင်အောင် လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ အပြောင်းအလဲလွန်ကာလတစ်ခုတွင် မြန်မာနိုင်ငံ၏ကာကွယ်ရေးနှင့် လုံခြုံရေးကို မည်သို့ပုံဖော်သင့်သည်ကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားလုံခြုံရေးမူဝါဒသည် ဒီမိုကရေစီစနစ်ကို အခြေခံပြီး တရားဥပဒေစိုးမိုးရေးကို မဏ္ဍိုင်ထားရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်အခြေခံသည့် အမျိုးသားလုံခြုံရေးမူဝါဒဖြစ်ရန် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်လိုက်သည့် အစိုးရတစ်ရပ်၏ လုံခြုံရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအကောင်အထည်ဖော်မှုများတွင် အရပ်သားများပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် စတင်အကောင်အထည်ဖော် စဉ်းစားရမည် ဖြစ်ပါကြောင်း။

## လက်နက်ဖြုတ်သိမ်းရေး

ဘက်စုံလုံခြုံရေးယန္တရားတစ်ခု ခိုင်ခံ့အောင် တည်ဆောက်နိုင်ရန် အရပ်ဘက်၊ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မရှိမဖြစ်လိုအပ်သည်မှာ လက်နက်ဖြုတ်သိမ်းရေး၊ တပ်စုဖွဲ့ဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးဆိုသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ လက်နက်ကိုင်ရသည့် အခြေအနေမှ ငြိမ်းချမ်းရေးဆွေးနွေးမှုရလဒ်အဖြစ် နိုင်ငံရေးသဘောတူညီချက်များရရှိပါက လက်နက်များစုဖွဲ့မှုများကို စနစ်တကျထိန်းချုပ်ဖယ်ရှားသွားရန် လိုအပ်ပါကြောင်း၊ လက်နက်ကိုင်ခဲ့သူများကိုလည်း တိုင်းပြည်၏အကျိုး၊ လူထု၏အကျိုးအတွက် တာဝန်ထမ်းဆောင်နိုင်ရန် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများလုပ်ဆောင်ရန် လိုလိမ့်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးသည် ခွဲခြားမရအောင် ဆက်နွှယ်နေပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများသည် စီးပွားရေးနှင့် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အဟန့်အတားဖြစ်ပါကြောင်း။

## အကျိုးအမြတ်များကို ခွဲဝေသုံးစွဲ

မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် စစ်ပွဲများ၊ ပဋိပက္ခများကို ရပ်တန့်ရုံသာဖြစ်သည့် ငြိမ်းချမ်းမှုမျိုးမဟုတ်ဘဲ တကယ်တမ်း ရေရှည်ခိုင်မာသည့် ငြိမ်းချမ်းလုံခြုံမှုမျိုးကို တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ရေသယံဇာတအပြင် မြေသယံဇာတ၊ တွင်းထွက်သယံဇာတများကို မျှတစွာ ခွဲဝေသုံးစွဲရန်နှင့် ၎င်းတို့မှရရှိသည့် အကျိုးအမြတ်များကို ခွဲဝေသုံးစွဲရန်ဆိုသည့် စီမံခန့်ခွဲမှုအပိုင်းကိုလည်း ထည့်သွင်းစဉ်းစားရန်လိုပါကြောင်း၊ ယခင်ပဋိပက္ခများဖြစ်ပေါ်ခဲ့သည့် နယ်မြေများကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမှုများရောက်ရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသဆိုင်ရာ အစိုးရများအတွက်သာမက ဒေသခံများအတွက်ပါ အကျိုးအမြတ် ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများကို ပြဿနာတစ်ခု နည်းလမ်းရှာဖွေမှုအတွက် အသွင်ပြောင်းယူရမည်ဖြစ်ပါကြောင်း။

## ကြောက်ရွံ့မှုကို အခြေမခံ

ငြိမ်းချမ်းရေးကို မိမိတို့ပြည်သူများ လိုလားစောင့်မျှော်နေကြသည်မှာ ကြာလှပြီဖြစ်ပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှာဖွေရာတွင် ဖြစ်သင့်သည်များကို အခြေခံပြီး ဖြစ်နိုင်သည်များကို လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ ကြောက်ရွံ့မှုကို အခြေမခံဘဲ အပြန်အလှန်ယုံကြည်မှုကို အခြေခံမည်၊ ပူးပေါင်းဆောင်ရွက်ရမည်ဆိုသည့် ပင်လုံစိတ်ဓာတ်ကို အခြေခံပြီးဆောင်ရွက်ပါက ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် အဆိုပါလမ်းကို လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

## အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု

ကရင်အမျိုးသားအစည်းအရုံး (KNU) မှ စောတာဒိုမူးက အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးထံမှ ဆင်းသက်ရမည်၊ တိုင်းရင်းသားလူမျိုးတိုင်းသည် လူမျိုးရေးနှင့် နိုင်ငံရေးအရ တန်းတူခြင်း ရှိသည်သာမက ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ရိုးရာအစဉ်အလာအရ ရှိသင့်သည့် အခွင့်အရေးများ ကာကွယ်ပေးနိုင်ရေးကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self – Determination) အပြည့်အဝ ရှိရမည်ဖြစ်ပါကြောင်း။

## ကြွင်းကျန်အာဏာ

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ သက်ဆိုင်ရာ လွှတ်တော်၊ အစိုးရနှင့် တရားရုံးချုပ်တို့ကို လွတ်လပ်စွာထူထောင်ခွင့်ရှိပြီး ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်ဘဲ ပြည်နယ်များမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွတ်လပ်စွာရေးသားပြဋ္ဌာန်းခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပြည်ထောင်စုနှင့်အတူ စုပေါင်းအုပ်ချုပ်ခွင့်တို့ကို ပေါင်းစပ်ထားခြင်းဖြင့် အာဏာခွဲဝေကျင့်သုံးခြင်းစနစ်ဖြစ်၍ ကြွင်းကျန်အာဏာများကို ပြည်ထောင်စုအာဏာသက်ဆင်းသည့် ပြည်နယ်များတွင် အပ်နှင်းထားရှိပါကြောင်း။

## ပူးတွဲအာဏာ

သဘာဝသယံဇာတနှင့် အခွန်ဘဏ္ဍာဆိုင်ရာကိစ္စရပ်များ၌ မျှတသော ခွဲဝေမှုစနစ်ထူထောင်ပြီး Horizontal Equalization နှင့် Vertical Equalization စနစ်ကို ကျင့်သုံးပြီး ဖွံ့ဖြိုးမှုကွာဟမှုနည်းပါးရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်သော အင်စတီကျူးရှင်းများ ပေါ်ပေါက်လာစေရန်အတွက် ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်ဖော်ထုတ်ခြင်း အပါအဝင် အင်စတီကျူးရှင်းများ အားကောင်းစေခြင်းနှင့် ထိရောက်စွာ အထောက်အကူပြုပိုင်ခွင့်ရရမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်ရေး၊ အထူးစီးပွားရေးဇုန်၊ အထူးစက်မှုဇုန်၊ မဟာဓာတ်အားလိုင်းနှင့် အဝေးပြေးလမ်းမကြီး စသည့်ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရနှင့် ပူးတွဲအာဏာများ ရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

## မြောက်အိုင်ယာလန်နှင့် တောင်အာဖရိကနိုင်ငံ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဝင်းထိန်က ကမ္ဘာ့သမိုင်းကို ပြန်ကြည့်မည်ဆိုပါက မြောက်အိုင်ယာလန်တွင် ဖြစ်ခဲ့သော ဘာသာရေးအခြေခံလက်နက်ကိုင်ပဋိပက္ခ၊ တောင်အာဖရိကနိုင်ငံတွင် ဖြစ်ခဲ့သော အသားအရောင်ခွဲခြားရေး အခြေခံသည့် ပဋိပက္ခအပြင် ယနေ့အထိဖြစ်ပွားနေသော ဆီးရီးယားလက်နက်ကိုင်ပဋိပက္ခများကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ မြောက်အိုင်ယာလန်နှင့် တောင်အာဖရိကနိုင်ငံပဋိပက္ခများသည် ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးအဖြေရှာနိုင်ခဲ့ပြီဖြစ်သည့်အတွက် အဆိုပါနိုင်ငံများသည် တည်ငြိမ်သောနိုင်ငံရေးလမ်းစဉ်များအတိုင်း လျှောက်လှမ်းနေကြပြီဖြစ်ပါကြောင်း၊ ၎င်းတို့၏ ပဋိပက္ခများကို ဖြေရှင်းပုံ၊ ဖြေရှင်းနည်းများ လေ့လာဆန်းစစ်ကြည့်သည့်အခါ စိတ်ရှည်၊ သည်းခံလျက် လပေါင်း၊ နှစ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းဖြေရှင်းခဲ့သည့် အချက်များကို သတိပြုမိပါကြောင်း။

## ပဋိပက္ခများ ချုပ်ငြိမ်းစေမည့်အဖြေ

ထိုဖြစ်ရပ်များကို ထောက်ရှုခြင်းအားဖြင့် မိမိတို့တွင်ဖြစ်နေသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေမည့်အဖြေကို စိတ်ရှည်သည်းခံစွာဖြင့် လပေါင်းများစွာ၊ ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမည်ကို မိမိတို့သဘောပေါက်ရန်လိုပါကြောင်း၊ အထူးသဖြင့် မပြေလည်သောအချက်များကြောင့် ဆွေးနွေးညှိနှိုင်းမှုများသည် လပေါင်းများစွာအတွင်း အဖြေရှာနိုင်လျက် နှစ်ပေါင်းများစွာအထိ မကြာရှည်ရန် ဆန္ဒပြုအပ်ပါကြောင်း၊ ယခုညီလာခံကြီးတွင် တက်ရောက်နေကြသည့် လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သော တိုင်းရင်းသား များအပြင် ညီလာခံတက်ရောက်လာကြသည့် တပ်မတော်သားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီအသီးသီးကလည်း မိမိတို့တစ်တွေ ငြိမ်းချမ်းရေးမရမချင်း တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်မည်ဆိုသည့် ယုံကြည်သည့်စိတ်ဓာတ်ကို မွေးမြူဆောင်ရွက်ကြရန် အထူးတိုက်တွန်းအပ်ပါကြောင်း။

## ခလုတ်တံသင်းအချို့လည်း ပေါ်ပေါက်နေ

လောကဓမ္မတာအရ အကျိုးဖြစ်အောင် လုပ်သည့်ကိစ္စမှန်သမျှ အကျိုးပျက်ရာပျက်ကြောင်း ရှေးရှုကြိုးပမ်းသည့်ဖြစ်ရပ်များ ရှိခဲ့ပါကြောင်း၊ အဆိုပါသာဓကအတိုင်း ယခုညီလာခံက ရှေးရှုသည့် ငြိမ်းချမ်းရေးရရှိရန်ဆိုသည့် အကျိုးကို အနှောင့်အယှက်ဖြစ်စေမည့် ခလုတ်တံသင်းအချို့လည်း ပေါ်ပေါက်နေသည်ကို သတိပြုမိပါကြောင်း၊ သို့သော် ယခုညီလာခံတွင် ပါဝင်သည့် ပုဂ္ဂိုလ်များ၏ စိတ်ဓာတ်၊ သတ္တိနှင့်ဇွဲတို့ကြောင့် ခလုတ်တံသင်းမှန်သမျှကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

## နိုင်ငံရေးအဆင့်ဆင့် အခြေခံမှုများ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးဌေးဝင်းအောင်က ပြည်သူလူထု လူမှုဘဝလုံခြုံသော ငြိမ်းချမ်းရေးဖော်ဆောင်မှုအနေဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု၊ လုံခြုံသော၊ အကာအကွယ်ရှိသော၊ အာမခံချက်ရှိသော လူသားချင်းစာနာမှု၊ နိုင်ငံရေးအဆင့်ဆင့် အခြေခံမှုများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနှင့် ပြည်သူလူထုဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်၊ နိုင်ငံရေးဆွေးနွေးမှု မှုဘောင်ရည်ရွယ်ချက်ပါ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရန်တို့ ဖြစ်ပါကြောင်း။

## စိတ်ဒဏ်ရာ ထိခိုက်မှုအား ကုစား

အပစ်အခတ်ရပ်ပြီးပါက မူလနေရာတွင် လုံခြုံစိတ်ချစွာ နေထိုင်၊ လုပ်ကိုင်စားသောက်ရေးအတွက် စိတ်ဒဏ်ရာ ထိခိုက်မှုအားကုစားခြင်း၊ သဘာဝဘေးကဲ့သို့ အချက်အလက်ကောက်ယူပြီး ပြန်လည်ထူထောင်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ဆုံးရှုံးမှု အချက်အလက်ကောက်၍ ပြန်လည်ထူထောင်ခြင်း၊ အထောက်အပံ့ပစ္စည်းစီမံခန့်ခွဲရေး စနစ်ကျမှု၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေး (ကူညီကယ်ဆယ်ရေးသွားရောက်နိုင်မှု လွယ်ကူလုံခြုံရေး) နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရေးမူချထားရန် လိုပါကြောင်း၊ ဒေသခံများ ပြန်လည်အခြေချပြီး ငြိမ်းချမ်းရေးပြန်လည်ဖော်ဆောင်နိုင်ကာ မူလအခြေအနေနီးပါးရောက်ရှိရန် လိုအပ်ပါကြောင်း၊ အလေးထားဆောင်ရွက်သင့်သည်များမှာ အတင်းအကျပ်တပ်သားစုဆောင်းခြင်း၊ ယာယီခိုလှုံစရာ နေရာ ထားရှိခြင်း၊ လူသားချင်းစာနာထောက်ထားမှု အလေးထားရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများအတွက် အာမခံချက်ကို အလေးထားရန် လိုပါကြောင်း ဆွေးနွေးသည်။

## မြေယာနှင့် သဘာဝသယံဇာတ ဆိုင်ရာ

ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ ) (KNU /KNLA – PC) မှ စောကျော်ညွန့်က မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ အားလုံးသည် အစိုးရကသာ တိုက်ရိုက်စီမံခန့်ခွဲပိုင်ခွင့်ရှိအောင် အခွင့်အာဏာပေးအပ်ထားသောကြောင့် ဤအချက်သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု စုဖွဲ့မှုအတွက် စိန်ခေါ်မှုတစ်ခု ဖြစ်နေပါကြောင်း၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့် ပြည်ထောင်စုအဖွဲ့ဝင်များဖြစ်သော ပြည်နယ်များ၏ ပါဝင်ဆုံးဖြတ်ခွင့်များကို လျစ်လျူရှုထားသည်ကို တွေ့ရှိရပါကြောင်း။

## ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး

တိုင်းရင်းသားပြည်သူလူထုမှ မြေယာပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရရှိခြင်းကို ဥပဒေဖြင့် အကာအကွယ်ပြုခြင်း၊ မိရိုးဖလာဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်၊ ကျင့်သုံးခွင့်နှင့် ပိုင်ဆိုင်ခွင့်များကို ဥပဒေအရ အသိအမှတ်ပြုကာကွယ်မြှင့်တင်ခြင်း၊ တိုင်းရင်းသားပြည်နယ်ဒေသများအတွင်းရှိ ရေ၊ မြေ၊ သစ်တော၊ သားငါးနှင့် ဆက်စပ် သဘာဝသယံဇာတများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ဖွံ့ဖြိုးရေး စီမံကိန်းနှင့် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် တရားမျှတမှုရှိခြင်းနှင့် ဒေသခံပြည်သူလူထုမှ ပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး အနာဂတ်အတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးကိုရှေးရှုရန်လိုအပ်ပါကြောင်း၊ ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့အစဉ်အလာအရ ကျင့်သုံးလာသော သဘာဝသယံဇာတ စီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြုအာမခံသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်များအတွက် မြေယာ၊ သဘာဝသယံဇာတနှင့် ပတ်သက်ပြီး ထုတ်ယူသုံးစွဲခွင့်၊ တိုက်ရိုက်အကျိုးအမြတ် ခွဲဝေ ခံစားခွင့်၊ ထိန်းချုပ်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် အာဏာစသည့် ပြည်နယ်လွှတ်တော်မှ ဥပဒေပြုရေးဆွဲပြဋ္ဌာန်းရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

## သက်ကြီးရွယ်အိုစောင့်ရှောက်ရေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးမြင့်စိုးက ပထဝီအနေအထားအရ အခြေခံထားပြီး ဖက်ဒရယ်စနစ်ကို တည်ဆောက်သွားသင့်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် တရားဥပဒေ၏ ရှေ့မှောက်တွင် တန်းတူအခွင့်အရေးရရှိရေး၊ ဥပဒေ၏ အကာအကွယ်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသများ ပိုမိုတိုးတက်ရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လုပ်ဖော်ကိုင်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အမျိုးသမီးများ ကလေးသူငယ်များကို ဥပဒေအရ အပြည့်အဝကာကွယ်ရေး၊ ကျား / မ တန်းတူအခွင့်အရေးရရှိရေး၊ တောင်သူလယ်သမား၊ အလုပ်သမား၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးပြီး ရသင့်ရထိုက်သော အခွင့်အရေးများရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း။

ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးကို ဖော်ဆောင်ရာတွင် လူမျိုးစွဲ၊ ဝါဒစွဲ ကျဉ်းမြောင်းသော မျိုးချစ်စိတ်ဓာတ်နှင့် လူမျိုးကြီးဝါဒတို့ကို ရှောင်ရှားရန် လိုပါကြောင်း၊ ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်စေနိုင်သော Confederation ပုံစံမျိုး မဖြစ်ရန်လိုပါကြောင်း၊ သမိုင်းကြောင်းအရ ဒီမိုကရေစီဆိတ်သုဉ်းခဲ့ရသည့် (၈)ပြည်နယ်မူ၊ ပြည်ထောင်စုပြိုကွဲရေး

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဦးတည်စေနိုင်သည့် အမျိုးသားပြည်နယ်၊ အမျိုးသားများပြည်နယ်ဆိုသည့် အယူအဆမျိုးများသည် နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားလှသည့်အတွက် ရှောင်ရှားသင့်ပါကြောင်း ဆွေးနွေးသည်။

**ဖက်ဒရယ် ဝိသေသလက္ခဏာရပ်များ ပါရှိပြီးဖြစ်**

တပ်မတော်မှ ဗိုလ်မှူးကြီးတင့်နိုင်အေးက မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပါဝင်သည့် နိုင်ငံတော်ဖွဲ့စည်းပုံကို လေ့လာဆန်းစစ်ရာတွင် ပါမောက္ခ Ronald Watts ၏ ပြည်ထောင်စုနိုင်ငံများ၏ အဓိကကျသော လက္ခဏာများဖြစ်သည့် "ရေးဆွဲပြဋ္ဌာန်းထားသည့် နိုင်ငံ၏ အမြင့်ဆုံးအခြေခံဥပဒေရှိခြင်း၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာနှစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပိုင်းခြားသတ်မှတ်ပေးထားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များအတွက် ပြဋ္ဌာန်းချက်များ အကျုံးဝင်သည့် အခြေခံဥပဒေမျိုးရှိခြင်း" စသည့်အချက်များနှင့် ကိုက်ညီသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ဖက်ဒရယ် ဝိသေသလက္ခဏာရပ်များ ပါရှိပြီးဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း။

**ညီမျှစွာ ကိုယ်စားပြုခွင့်ပေးထား**

တိုင်းရင်းသားအားလုံး တန်းတူညီမျှမှု၊ တရားမျှတမှုရှိသော ဒီမိုကရေစီနှင့် ပြည်ထောင်စု(ဖက်ဒရယ်)စနစ်ကို တည်ဆောက်ရေးဆိုသည့်အချက်နှင့်စပ်လျဉ်း၍ ဖက်ဒရယ်စနစ်များတွင် တွေ့ရလေ့ရှိသော ဝိသေသ လက္ခဏာတစ်ခုမှာ ပြည်နယ်များကို ကိုယ်စားပြုသည့် လွှတ်တော်တစ်ရပ်(မြန်မာနိုင်ငံတွင် အမျိုးသားလွှတ်တော်)ကို ပါလီမန်လွှတ်တော်(မြန်မာနိုင်ငံတွင် ပြည်သူ့လွှတ်တော်)တွင် ထည့်သွင်းထားခြင်းပင် ဖြစ်ပါကြောင်း၊ အချို့သောနိုင်ငံများတွင် ပြည်နယ်များကို ညီမျှစွာ ကိုယ်စားပြုခွင့်ပေးထားပြီး လူဦးရေကို ထည့်သွင်းစဉ်းစားခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်ကို ဖွဲ့စည်းထားသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား အရွယ်အစား ပမာဏကွာဟမှုမှာ ၂၅ ဆပင်ရှိစေကာမူ၊ အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ကိုယ်စားလှယ် ၁၂ ဦးစီဖြင့် တန်းတူကိုယ်စားပြုခွင့်ရသည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

**နိုင်ငံရေးအရ အဖြေရှာမှု လိုအပ်နေ**

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စောစိန်ဝင်းက IDPs နှင့် Refugees များ နေရပ်ပြန်လည်အခြေချမှုတွင် ခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာသော ရေရှည်တည်တံ့ခိုင်မြဲရေးကို ဦးတည်၍ အစီအစဉ်ချမှတ်လုပ်ဆောင်ရန်လိုပြီး ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်မှုအတွက် အာမခံချက်၊ ဘဝပြန်လည်ထူထောင်နိုင်ရေး အာမခံချက် အပြည့်အဝနှင့် ဂုဏ်သိက္ခာရှိစေရေးတို့အတွက် စီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်ရာဒုက္ခသည်များ ယုံကြည်အားထားသော ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူရင်းဌာနေလူထု၏ ကိုယ်စားလှယ်များအကြား အဆင့်တိုင်းတွင် ဆုံးဖြတ်ချက် အတူတကွချမှတ်ပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုများရှိရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြန်လည်နေရာချထားခြင်းခံရသူများအတွက် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာကူညီထောက်ပံ့မှု၊ ရေရှည်အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖော်ထုတ်မှုအပြင် နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးအတွက် အာမခံချက်ရရှိစေရမည်ဖြစ်ပြီး လက်ခံမည့် မူရင်းဌာနပြည်သူလူထုအတွက် ထိခိုက်နစ်နာမှုမရှိစေရန်လည်း လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

**အခြေခံအချက်အလက်များ**

အထက်ပါဖော်ပြပါ တင်ပြမှုများသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်မှုဆိုင်ရာအတွက် နိုင်ငံရေးဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားမည့် အခြေခံအချက်အလက်များဖြစ်ပြီး ဤအခြေခံများအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်မည်ဆိုလျှင် ကျွန်ုပ်တို့၏ "မြန်မာနိုင်ငံသစ်"တွင် တိုင်းရင်းသားလူမျိုးများအားလုံး အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ကြမည်ဖြစ်ပြီး စစ်မှန်သော ငြိမ်းချမ်းရေးကို ဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ရခိုင်အမျိုးသားပါတီ**

ရခိုင်အမျိုးသားပါတီမှ ဒေါက်တာအေးမောင်က လက်ရှိနိုင်ငံရေး အခြေအနေသည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်စေရေးအတွက် ရခိုင်အမျိုးသားပါတီအပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းကြိုးပမ်းရန်ဆန္ဒတညီတညွတ်တည်း ရှိနေကြသော အချိန်ကာလဖြစ်ပါကြောင်း။

**အချိုးကျစေလွှတ်**

ပြည်နယ်များအလိုက် ပြည်နယ်အမျိုးသားတပ်မတော်များအား ပြည်နယ်များက ဖွဲ့စည်းခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်များအလိုက်ဖွဲ့စည်းသော ပြည်နယ်အမျိုးသားတပ်မတော်သည် သက်ဆိုင်ရာ ပြည်နယ်၏ စီမံကွပ်ကဲမှုအောက်တွင် ရှိရမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် ပြည်နယ်အမျိုးသားတပ်မတော်များအား အခြေခံ၍ဖွဲ့စည်းရမည်ဖြစ်ပြီး ပြည်နယ်အမျိုးသား တပ်မတော်များမှ အချိုးကျစေလွှတ်သောတပ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း။

**အခွန်အကောက်**

ပြည်နယ်များအတွင်းရှိ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများကို ပြည်နယ်အစိုးရများက တိုက်ရိုက်စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်များအတွင်းရှိပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများမှ ရရှိလာသောအကျိုးအမြတ်၊ အခွန်အကောက်များအပေါ်တွင် ပြည်နယ်များက အပြည့်အဝ စီမံခန့်ခွဲပိုင်ခွင့်နှင့်ရယူခံစားပိုင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကြောင့် ပေါ်ပေါက်လာမည့် စီမံကိန်းများတွင် ဒေသခံလူမျိုးလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးလုပ်ပိုင်ခွင့်ရရှိစေရမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေ၊ သစ်တော၊ ရေချိုကမ်းနီးကမ်းဝေးရေလုပ်ငန်းများစသည့် သဘာဝအရင်းအမြစ် ထုတ်ယူသုံးစွဲသည့်ကဏ္ဍများသည် ဒေသ ဖွံ့ဖြိုးရေးအတွက် အရေးပါခြင်းကြောင့် ပြည်နယ်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရရှိစေမည်ဖြစ်ပါကြောင်း၊ အခွန်အခကောက်ယူခြင်းအား ပင်မအားဖြင့် စီမံခန့်ခွဲသူများမှာ ပြည်နယ်အစိုးရများဖြစ်ပြီး ပြည်နယ်ဘဏ္ဍာငွေသို့ ထိုအခွန်အခများ စီးဝင်စေရမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ(ဗဟိုအစိုးရ)သို့ ခွဲခြားသတ်မှတ်ပေးသော အခွန်အချို့မှလွဲ၍ ကျန်သောအခွန်ကောက်ခံပိုင်ခွင့်အားလုံးသည် ပြည်နယ်အစိုးရ၏ ကောက်ခံရယူပိုင်ခွင့် ဖြစ်စေရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**အသင့်လျော်ဆုံး ဖက်ဒရယ်စနစ်ကို တည်ဆောက်ရန်**

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၂၀၀ ကျော်အနက် ၂၈ နိုင်ငံသည် ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေသော နိုင်ငံများ ဖြစ်ကြပါကြောင်း၊ ကမ္ဘာ့လူဦးရေနှင့်ဆိုလျှင် လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ဖက်ဒရယ်စနစ်အောက်တွင် ရှင်သန်ရပ်တည်နေထိုင်နေသူများ ဖြစ်ကြပါကြောင်း၊ ယင်းနိုင်ငံများသည် ဖက်ဒရယ်စနစ်နှင့် လည်ပတ်အုပ်ချုပ်နေသည်ဆိုသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီကြသည့် ဖက်ဒရယ်စနစ်များနှင့် အုပ်ချုပ်နေကြသော နိုင်ငံများဖြစ်ကြပါကြောင်း၊ ဖက်ဒရယ်စနစ်တစ်ခုကို လက်ခံကျင့်သုံးမည်ဆိုလျှင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးလိုသည့် တိုင်းပြည်အတွင်းရှိ နိုင်ငံသားများ၏ ကွဲပြားခြားနားသော လူမှုရေး၊ ဘာသာရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ သမိုင်းကြောင်းများနှင့် ပထဝီအနေအထားစသည့် အချက်များစွာကို အခြေခံပြီး ထိုတိုင်းပြည်အတွက် အသင့်လျော်ဆုံး ဖက်ဒရယ်စနစ်ကို တည်ဆောက်ရန် လိုအပ်ပါကြောင်း။



ဦးမြင့်စိုး(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)



ဗိုလ်မှူးကြီး တင့်နိုင်အေး (တပ်မတော်ကိုယ်စားလှယ်)

**အနှစ်သာရ**

အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကိုစဉ်းစားကြသည့်အခါ ဗမာနှင့် တိုင်းရင်းသားဆိုသည့် အသွင်ကွဲပြားမှု သက်သက်မဟုတ်ဘဲ တိုင်းရင်းသားအားလုံးအကြား ပူးတွဲအကောင်အထည်ဖော်မှုဆိုသည့် အနှစ်သာရကိုစဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု၏စုဖွဲ့မှုကို စဉ်းစားရာတွင် လူမျိုးစုကို အခြေခံသည့် ပြည်နယ်များထက် အနှစ်သာရအရ လူမျိုးစုအားလုံးကို ကိုယ်စားပြုနိုင်သည့် အမျိုးသားလွှတ်တော်၏ စုဖွဲ့မှုကိုအခြေခံပြီးစဉ်းစားရန် လိုအပ်ပါကြောင်း။

**ကိုယ်ပိုင်အခွင့်အရေး**

လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်အခွင့်အရေးရှိသကဲ့သို့ တိုင်းရင်းသားအစုအဖွဲ့တစ်ခုစီ၏ လူမျိုးစုအခွင့်အရေး Group Rights ဆိုသည့် ဖက်ဒရယ်သဘောတရားထဲတွင် ထည့်သွင်းစဉ်းစားကြရမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားအစုအဖွဲ့၏ အခြေခံလက္ခဏာ (Identity) နှင့် ပတ်သက်ပြီး မူဝါဒချမှတ်သည့်အခါ သက်ဆိုင်ရာ လူမျိုးစုများ၏ အများသဘောဆန္ဒကို ထည့်သွင်းစဉ်းစားရမယ့် ဖက်ဒရယ်မျိုးကို ဆိုလိုပါကြောင်း၊ မည်သည့်တိုင်းရင်းသားကမှ အခြားတိုင်းရင်းသားတစ်ခု၏ ကံကြမ္မာကို လက်ဝါးကြီးအုပ် ဆုံးဖြတ်သွားခြင်းမျိုးမဖြစ်စေရသည့် စနစ်မျိုးကိုဦးတည် တည်ဆောက်သွားရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**အထက်လွှတ်တော် ဆီးနိတ်**

ချင်းအမျိုးသားတပ်ဦး (CNF) မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ယခုလက်ရှိအခြေအနေတွင် အသင့်လျော်ဆုံးဟု ယူဆရသည်မှာ ယာယီဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ကိုသာ ပြဋ္ဌာန်း၍ ထိုယာယီဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖက်ဒရယ်ကောင်စီတစ်ခုကို ဖွဲ့စည်းသင့်ပါကြောင်း၊ ထိုဖက်ဒရယ်ကောင်စီက ပြည်ထောင်စုအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကိုင်တွယ်၍ နောင်သောအခါ ထိုဖက်ဒရယ်ကောင်စီကို ပြည်ထောင်စုဥပဒေအဖွဲ့ သို့မဟုတ် အထက်လွှတ်တော် ဆီးနိတ်အဖြစ် အသွင်ပြောင်းသင့်ပါကြောင်း။

**စုပေါင်းအုပ်ချုပ်ခြင်း**

မိမိတို့ချင်းလူမျိုးများ လိုလားသည့် ပြည်ထောင်စုစနစ်သည် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော Pu Kio Mang ပြောကြားခဲ့သည့်အတိုင်း မိမိတို့ရဲ့ချင်းပြည်ကို မိမိတို့ချင်းလူမျိုးများက လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့်ရှိပြီး ပြည်ထောင်စုကြီးတစ်ခုလုံးကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် အတူတကွ ပူးပေါင်း အုပ်ချုပ်စီမံသော ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် စုပေါင်းအုပ်ချုပ်ခြင်းတို့ကို ပေါင်းစပ်သည့်စနစ်ပင် ဖြစ်ပါကြောင်း၊ ထို့ပြင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် အတိအလင်းဖော်ပြထားသည့်အတိုင်း ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝအာမခံပေးနိုင်သည့် စစ်မှန်သော ဖက်ဒရယ်စနစ်သာဖြစ်ကြောင်း ဆွေးနွေးသည်။

**ဗိုလ်ကျစိုးမိုးသည့် အမူအကျင့်များကို ရုပ်သိမ်း**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ စိုင်းထွန်းအေးက မတူကွဲပြားမှုကို အသိအမှတ်ပြုသော အစဉ်အလာထူထောင်ပြီး အားကြီးသူက အားနည်းသူအပေါ် ဗိုလ်ကျစိုးမိုးသည့် အမူအကျင့်များကို ရုပ်သိမ်းမှသာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အခြေခံကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ တိုင်းရင်းသားအရေးနှင့် လက်နက်ကိုင်ပဋိပက္ခပြဿနာ အမြစ်တွယ်နေရခြင်းသည် ပင်လုံကတိကဝတ်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းနှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းလမ်းအရ ဖြေရှင်းခွင့်မရသည့် အကျိုးဆက်ကြောင့် ဖြစ်ပါကြောင်း။

**ကွယ်ပျောက်သွားမည့်အရေးကို သတိချပ်ရန်လို**

မိမိတို့ကိုယ်စီ၏ အမျိုးသားအကျိုးစီးပွားအပေါ်၌သာ အလေးပေးသည့် မူဝါဒနှင့် အားကောင်းသန်မာသော ပြည်ထောင်စုကို တည်ဆောက်၍ မရနိုင်သကဲ့သို့ စီးပွားရေး၊ စစ်ရေး၊ ယဉ်ကျေးမှု အင်အားကြီးနိုင်ငံအကြား၊ လူဦးရေပေါက်ကွဲမှု ဖြစ်ပွားနေသည့် နိုင်ငံများအလယ်တွင် မိမိတို့ကိုယ်စီ ဆုပ်ကိုင်ထားသည့် Identity များသည်လည်း ရာစုနှစ်အနည်းငယ်အတွင်း ကွယ်ပျောက်သွားမည့်အရေးကို သတိချပ်ရန် လိုပါကြောင်း ဆွေးနွေးသည်။

**မငြိမ်းချမ်းခြင်းကြောင့် ဆိုးမွေ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ဝင့်ဝါထွန်းက မိမိတို့ ရှားတောမြို့နယ်သည် ရာစုနှစ်ဝက်ကျော် ဖြစ်ပွားလာခဲ့သည့် မငြိမ်းချမ်းခြင်း၏အကျိုးကို ယနေ့တိုင် ခံစားနေရဆဲ ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့် ဆိုသော်လည်း ကယားပြည်နယ်အတွင်းတွင် ဖွံ့ဖြိုးမှု အနည်းဆုံးဖြစ်နေပါကြောင်း၊ ထို့အတူ ယမ်းငွေ့များ၊ ပေါက်ကွဲသံများမရှိတော့သော်လည်း မိမိတို့၏ နေ့စဉ် လူမှုဘဝ စားဝတ်နေရေးအတွက် လုံခြုံမှုမရှိဘဲ မြေမြှုပ်မိုင်းများ၏ ဒဏ်ကို ခံစားနေရပါကြောင်း၊ မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် မိမိတို့ နေရာဌာနများကို မည်သို့ပင် မက်မောခင်တွယ်နေပါမူ မငြိမ်းချမ်းခြင်း၏ ဆိုးမွေကြောင့် စစ်ဘေးရှောင်သူများအနေဖြင့် ဒုက္ခသည်စခန်းများတွင် ခိုလှုံနေရပါကြောင်း။

**ခွဲထွက်ခွင့်မဟုတ်**

နိုင်ငံရေးနည်းကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ဆိုသည့်မူကိုလည်း ချထားပြီးဟု ယုံကြည်သကဲ့သို့ ယမန်နေ့က ဦးအင်ဘန်လ ပြောကြားခဲ့သည့် ခွဲထွက်ရေးမပါသော ဖက်ဒရယ်စနစ်ကို အခြေခံမည်ဆိုသည့်အချက်သည် ကာလအတန်ကြာ လွဲမှားစွာ သတ်မှတ်နေသည့် ခွဲထွက်ခွင့် မဟုတ်ဘူး ဆိုသည်ကို သတိချပ်ပြီး မိမိတို့ နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို တည်ထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

**သေနတ်သံတစ်ချက်မျှ မထွက်ခဲ့**

ရှမ်းပြည်နယ် အရှေ့ပိုင်း အထူးဒေသ(၄) မိုင်းလား (PSC/NDAA) မှ ဦးကြည်မြင့် က ၁၉၈၉ ခုနှစ် ငြိမ်းချမ်းရေးယူပြီး ၂၇ နှစ်အတွင်း မိမိတို့အနေဖြင့် သေနတ်သံတစ်ချက်မျှ မထွက်ခဲ့ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို ကောင်းမွန်စွာ ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ အခြားတိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့်လည်း အမြန်ဆုံး အပစ်အခတ်ရပ်စဲပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ကြရန် မျှော်လင့်ပါကြောင်း။

**နမ့်ပန်း၊ မိုင်းလားနှင့် ဆီလူး**

မိမိတို့ဒေသ ပကတိအခြေအနေအရ အောက်ပါအတိုင်း တင်ပြတောင်းဆိုလိုပါကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုအောက်တွင် ပင်လုံစိတ်ဓာတ်နှင့် ကိုက်ညီမှုအပြည့်ရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွဲ့စည်းပေးစေလိုပါကြောင်း၊ မိမိတို့ တောင်းဆိုသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လက်ရှိ ရှမ်းပြည်နယ် အရှေ့ပိုင်း အထူးဒေသ(၄) အုပ်ချုပ်ရေးနယ်မြေဖြစ်သည့် နမ့်ပန်း၊ မိုင်းလားနှင့် ဆီလူး စသည့် ဒေသ(၃)ခု ပါဝင်ပြီး နယ်နိမိတ်မှာ ၁၉၈၉ ခုနှစ်က သတ်မှတ်ထားသည့်အတိုင်း သတ်မှတ်ပေးစေလိုပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ တိုက်ရိုက်ဦးဆောင်မှုအောက်တွင် တရားဥပဒေနှင့်အညီ မိမိဒေသ မိမိအုပ်ချုပ်၍ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ တရားစီရင်ရေး၊ စီးပွားရေး ကိစ္စရပ်များအားလုံးကို ပင်လုံစိတ်ဓာတ်နှင့်အညီ အပြည့်အဝ စီမံအုပ်ချုပ်ခွင့်ပေးစေလိုပါကြောင်း။

**တာဝန်ယူအုပ်ချုပ်**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒီမိုကရေစီနည်းလမ်းဖြင့် ခေါင်းဆောင်များ ရွေးချယ်တင်မြှောက်ပြီး နိုင်ငံတော်အစိုးရထံ တင်ပြအစီရင်ခံသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့် ပေါင်းစပ်၍ မိမိဒေသလက်တွေ့အခြေအနေနှင့် ကိုက်ညီသည့် ဥပဒေများကို ရေးဆွဲပြီး နိုင်ငံတော်အစိုးရထံ တင်ပြ၍ ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသ၏ ထူးခြားသည့် အခြေအနေပေါ် မူတည်၍ ဥပဒေစိုးမိုးရေးကို ထိရောက်စွာ ဖော်ဆောင်နိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် သီးခြားလွတ်လပ်သည့် တရားစီရင်ပိုင်ခွင့် ရရှိလိုပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် နိုင်ငံတော် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်နှင့် စီးပွားရေးပေါ်လစီအရ မိမိဒေသအတွင်းရှိ စီးပွားရေး လုပ်ငန်းများကို တာဝန်ယူအုပ်ချုပ်ပြီး ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပေါ် စီမံကိန်းဘတ်ဂျက်ငွေများ ကူညီပံ့ပိုးပေးစေလိုပါကြောင်း ဆွေးနွေးသည်။

တအာင်း (ပလောင်) အမျိုးသားပါတီမှ မိုင်းဝင်းထူးက ယခု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံသည် နိုင်ငံရေးအရ အားလုံးအတွက် အရေးကြီးသည့် ဆွေးနွေးပွဲ ဖြစ်ပါကြောင်း၊ အခြားအရေးကြီးသည့် ကိစ္စရပ်များကို ဆွေးနွေးလိုသော်လည်း အခြေအနေနှင့် အချိန်အခါအရ နိုင်ငံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင်သာ အဓိကထား ဆွေးနွေးခဲ့ခြင်းဖြစ်ပါကြောင်း၊ တအာင်းပါတီ အနေဖြင့် ဆန္ဒပြုလိုသည်မှာ အချင်းချင်း တုတ်တုတ်ချင်း၊ ဓားဓားချင်း ရင်ဆိုင်ဖြေရှင်းသည့်၊ အမြစ်ဖြုတ်ချေမှုန်းတိုက်ခိုက်သည့် နည်းလမ်းများကို မသုံးတော့ဘဲ နှစ်ဖက်စလုံး အနိုင်ရရှိမည့် win-win မူဝါဒကို အသုံးပြုသွားမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယနေ့အစည်းအဝေး မွန်းလွဲပိုင်းအစီအစဉ်များဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယနေ့ အစည်းအဝေး မွန်းလွဲပိုင်းအစီအစဉ်များကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ဆက်လက်ကျင်းပသည်။**



ခွန်မြင့်ထွန်း



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ ဝင်းမြတ်အေး



ဦးပူကျင်ရှင်းထန်



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယနေ့ အစည်းအဝေးသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်



ဦးခိုင်ထွန်းဝင်း



ဗိုလ်မှူးကြီး စိုးတင့်



ဒေါက်တာမနာမ်တူးဂျာ



ဦးရန်ကျော်



နိုင်လယိတမ



ဦးယောသပ်

တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးသန့်ဇော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၂၀၀၈)ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်ခွင့်နယ်မြေများအလိုက် ရရှိသည့် အခွင့်အရေးများနှင့် လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုစနစ် သဘောသဘာဝများနှင့်အညီ ပြည့်စုံစွာပြဋ္ဌာန်းထားသည်ကို တွေ့ရကြောင်း၊ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ်ပြဋ္ဌာန်းချက်များသည်လည်း ပြည်ထောင်စုစနစ်နှင့် ကိုက်ညီသည်ကို လေ့လာတွေ့ရှိရကြောင်း ဆွေးနွေးသည်။

**နိုင်ငံရေးပြဿနာများ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်း**

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်မြင့်ထွန်းက နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ ပအိုဝ်းအမျိုးသားများအနေဖြင့် တိုင်းရင်းသားညီနောင်ရင်းများနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို လက်တွဲထူထောင်ရန် သန္နိဋ္ဌာန်ချထားကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်စေရေးအတွက် ပြည်ထောင်စုဖွားညီအစ်ကိုမောင်နှမများအားလုံး အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ တန်းတူညီမျှ ဖက်ဒရယ်မူဖြင့် စနစ်သစ်များ ပေါ်ထွန်းလေ့ရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်ခြင်းနှင့်အတူ တည်ငြိမ်အေးချမ်းသော၊ ညီညွတ်သော ရှမ်းပြည်နယ်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရန် ပအိုဝ်းအမျိုးသားပြည်နယ် ပေါ်ထွန်းရေးအတွက် မည်သည့်အကြမ်းဖက်နည်းလမ်းများကိုမျှ အသုံးမပြုဘဲ ဥပဒေဘောင်အတွင်းက နိုင်ငံရေးနည်းလမ်းများဖြင့် ကြိုးပမ်းရန်၊ စစ်ရေးပဋိပက္ခများအပါအဝင် အင်အားသုံး ဖြေရှင်းမှုများနှင့် မည်သည့်ထိပ်တိုက်ရင်ဆိုင်မှုမျိုးကိုမဆို သက်ဆိုင်ရာအင်အားစုအားလုံးက သတိထားရှောင်ကြဉ်ကြစေရန်နှင့် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားအရေးလှုပ်ရှားမှုများကြောင့် ဆက်နွယ်ထိန်းသိမ်းဖမ်းဆီးခံထားရသူများ အားလုံးကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ဒီမိုကရေစီရေး၊ တိုင်းရင်းသားအရေးလှုပ်ရှား ဆောင်ရွက်မှုကြောင့် ပြည်ပတွင် ရောက်ရှိနေသည့်သူများကို ဂုဏ်သိက္ခာရှိရှိ ပြန်လာနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ပြည်ထောင်စုလူမျိုးများဟု ခေါ်ဆို**

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီမှ ဦးခွန်ထွန်းရွှေက တည်ဆောက်မည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် တိုင်းရင်းသားလူမျိုးများဟု ခေါ်ဆိုမည့်အစား ပြည်ထောင်စုလူမျိုးများဟုခေါ်ဆိုခြင်းသည် ပို၍မျှတပြီး ပို၍အဓိပ္ပာယ်လေးနက်စေမည်ဟု အကြံပြုလိုကြောင်း၊ ပြည်ထောင်စုလူမျိုးများနေထိုင်ရာဒေသကိုအကြောင်းပြု၍ ဒေသန္တရပထဝီကိုအခြေခံသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်တည်ဆောက်သွားရန် အကြံပြုလိုကြောင်း၊ အနာဂတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတွင် အခြေခံဂုဏ်အင်္ဂါရပ်များနှင့်ပြည့်စုံသော ပြည်ထောင်စုလူမျိုးများအတွက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်အပြည့်အဝပေးနိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများ၊ ပြည်ထောင်စုဝင်ပြည်နယ်နှင့် တိုင်းဒေသကြီးအသစ်များ ပေါ်ထွန်းရေးအခြေခံမူကို ထည့်သွင်းရေးဆွဲပေးရန် အလေးအနက်ထားအကြံပြုလိုကြောင်း။

**အခြားလူမျိုးများနည်းတူ ရရှိရေး**

လက်ရှိပအိုဝ်းလူမျိုးသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဆင့်သို့လည်းကောင်း၊ ပြည်ထောင်စုဝင်ပြည်နယ်အသစ်များပေါ်ထွန်းရာတွင်လည်းကောင်း၊ ထိုက်တန်သော လူမျိုးတစ်မျိုးဖြစ်သဖြင့် နောင်တည်ဆောက်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတွင် ခံစားသင့်ခံစားထိုက်၊ ရသင့်ရထိုက်သော အခွင့်အရေးများကို အခြားလူမျိုးများနည်းတူ ရရှိရေးအတွက် ဖော်ဆောင်ပေးပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

**ပဋိပက္ခများချုပ်ငြိမ်းရေး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ၏ဒုက္ခများ၊ တိုက်ပွဲများနှင့် မိုင်းအန္တရာယ်ကြောင့် မသန်စွမ်းဖြစ်ရသူများ၊ ကျောင်းမနေရသော ကလေးများ၊ လူကုန်ကူးခံရသူများနှင့် မူးယစ်ဆေးသုံးစွဲသူများ စသည်တို့သည် ပြည်တွင်းငြိမ်းချမ်းမှုမရှိခြင်း၏ ရလဒ်များကြောင့်ဖြစ်ကြောင်း အဆိုပါအဖြစ်အပျက်များ လျော့ပါးကင်းစင်မှသာ ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ပြည်တွင်းအပစ်အခတ်ရပ်စဲရေး၊ ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် ၎င်း၏ဇာစ်မြစ်ဖြစ်သော နိုင်ငံရေးပြဿနာများ ပြေလည်အောင် နိုင်ငံရေးစားပွဲဝိုင်းတွင် ညှိနှိုင်းဖြေရှင်းရေး စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ ညှိနှိုင်းသည့်နေရာတွင်လည်း အဖြေထွက်ရေးကို ဦးတည်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**အနာဂတ်အလားအလာ တွက်ဆ**

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ရဲဘော်မြင့်ဟိန်းက လုံခြုံရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာတွင် သက်ဆိုင်ရာကဏ္ဍစုံ ထောင့်ပေါင်းစုံမှ တလုံးတစည်းတည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးကဏ္ဍ၏ မူဝါဒကို ရေးဆွဲရာတွင် အနာဂတ်အလားအလာကို တွက်ဆရမည်ဖြစ်ပြီး လက်ရှိအခြေအနေနှင့် သမိုင်းကြောင်းကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ လူသားတစ်ဦးချင်းစီ၏ လုံခြုံရေးမှစ၍ အခြေတည်ရမည်ဖြစ်ပြီး အရပ်ဘက်ကွပ်ကဲမှုနှင့် အုပ်ချုပ်မှုအောက်တွင် စွမ်းရည်ပြည့်ဝသည့် ဒီမိုကရေစီတန်ဖိုးများကို အာမခံသည့် အဖွဲ့အစည်းများဖြစ်လာအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း အနာဂတ်ပြည်ထောင်စုနှင့်စပ်လျဉ်းပြီး မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးရာတွင် မိမိ၏အကျိုးစီးပွားနှင့် မိမိတို့စုပေါင်းပိုင်ဆိုင်သည့် ပြည်ထောင်စု၏ ဘုံအကျိုးစီးပွားကို ချိန်ညှိကျင့်သုံးရန်လိုကြောင်း၊ အမျိုးသားတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးသည် အမျိုးသားလက္ခဏာရှိသည့် တိုင်းရင်းသားတိုင်း သက်ဆိုင်သည့် အခွင့်အရေးဖြစ်ရန်လိုကြောင်း၊ ဖက်ဒရယ်စံတန်ဖိုးနှင့် ဒီမိုကရေစီစံတန်ဖိုးများအကြား ဟန်ချက်ညီ ထိန်းညှိပြီး ထိုတန်ဖိုးများကို ဥပဒေစိုးမိုးမှုအဖြစ် စည်းနှောင်ထားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**အားလုံးဝိုင်းဝန်းပူးပေါင်း**

ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးပူကျင်ရှင်းထန်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို စိတ်ရင်းစေတနာမှန်ဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးသည်။

**ပြည်တွင်းစစ် ရပ်တန့်ရန်**

လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန့်သန်းသန်းလွင်က ဖက်ဒရယ်စနစ်သည် ပုံစံများ မည်သို့ပင်ရှိစေကာမူ Horizontal ဆိုသည့် အလျားလိုက်အာဏာခွဲဝေမှုနှင့် Vertical ဆိုသည့် အထက်အောက်အာဏာခွဲဝေသည့် ပုံစံများသာဖြစ်ကြောင်း၊ ဖက်ဒရယ်၏အခြေခံ (သို့မဟုတ်) အနှစ်သာရမှာ အာဏာရှင်စနစ်မပေါ်ပေါက်အောင် အချုပ်အခြာအာဏာကို တစ်နေရာတည်းတွင် စုစည်းချုပ်ကိုင်ထားခြင်းမရှိဘဲ အာဏာကို ခွဲဝေသတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်ပုံစံများစွာရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ နောက်ခံသမိုင်းမတူညီခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမတူညီခြင်း၊ သဘာဝအရင်းအမြစ်ကြွယ်ဝမှု မတူညီခြင်းတို့ကြောင့် အခြားနိုင်ငံများ၏ ဖက်ဒရယ်ပုံစံကို ကူးချ၍မရနိုင်ပါကြောင်း၊ မိမိတို့၏ နှစ် ၆၀ ကျော်ကြာ ပြည်တွင်းစစ် ရပ်တန့်ရန်မှာ ဒီမိုကရေစီအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးတန်းတူညီမျှ ရနိုင်ရန် အကောင်အထည်ဖော်မည့်ပုံစံကို ရွေးချယ်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**ဒီမိုကရေစီ၏ အခြေခံအခွင့်အရေးများ**

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ ဦးခိုင်ထွန်းဝင်းက နိုင်ငံတော်တည်ဆောက်ရေးတွင် မိမိတို့မျှော်မှန်းထားသော အခြေအနေမှာ၊ လွတ်လပ်၍ ဆန္ဒတူညီမှုနှင့် ပူးပေါင်းပါဝင်ခွင့်၊ ဒီမိုကရေစီ၏ အခြေခံအခွင့်အရေးများ၊ ဖက်ဒရယ်စနစ်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အခွင့်အာဏာထိရောက်စွာစီမံခန့်ခွဲနိုင်ရေးတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုအဖွဲ့ဝင်ဦးရေကို ပြည်နယ်များအတွက် အပြည့်အဝပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ အပြည့်အဝအပ်နှံရေးအတွက်အာမခံရန်လိုကြောင်း၊ ပြည်နယ်တစ်ခု၏ သဘာဝအရင်းအမြစ်စီမံခန့်ခွဲခွင့်၊ အကောက်ခွန်စီမံခန့်ခွဲခွင့် အာဏာကို ခွဲဝေပေးရမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွင်လည်း လုပ်ပိုင်ခွင့်ပေးရမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတွင် နေထိုင်နေကြသည့် ရခိုင်မျိုးနွယ်စုများ နေရပ်သို့ပြန်လာသည့်အခါ နိုင်ငံသားအဖြစ် အချိန်နှောင့်နှေးမှုမရှိစေဘဲ အသိအမှတ်ပြုပေးရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**လီဆူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) မှ ဦးရွှေမင်းက နိုင်ငံတော်အနေဖြင့် လူမျိုးအမည်ကို အခြေခံသည့် ပြည်နယ်နှင့် ပြည်နယ်သစ်များ ဖွဲ့စည်းသွားမည်ဆိုပါက မိမိတို့လူမျိုးစုများ တစုတစည်းတည်းနေထိုင်သည့် ကချင်ပြည်နယ်အတွင်းရှိ ခေါင်လန်ဖူးမြို့နယ်၊ ဆော့လော်မြို့နယ်၊ ချီဖွေမြို့နယ်၊ မချမ်းဘောမြို့နယ်နှင့် ပူတာအိုမြို့နယ်များကို လီဆူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးပါရန် ယခုညီလာခံသို့ တင်ပြလိုကြောင်း။

**မလိုလားသော အမည်မှားများ**

မိမိတို့ လူမျိုးအမည်မှန်ကို လီဆူးဟု တရားဝင်သတ်မှတ်ပေးပါရန်နှင့် မိမိတို့ မလိုလားသော အမည်မှားများကို တရားဝင်ပယ်ဖျက်ပေးပါရန်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လီဆူးတိုင်းရင်းသားလူဦးရေမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သတ်မှတ်ချက်အရ လီဆူးတိုင်းရင်းသားရေးရာလွှတ်တော်ကိုယ်စားလှယ်ဝန်ကြီးရရှိနိုင်မည့် သတ်မှတ်ရာခိုင်နှုန်းထက်ကျော်လွန်နေပြီဖြစ်သော်လည်း လူမျိုးအမည်ကွဲများဖြင့် ဖော်ပြရေးသားနေသောကြောင့် လီဆူးတိုင်းရင်းသားရေးရာဝန်ကြီးနေရာမရရှိခြင်းအပေါ် ပြန်လည်စိစစ်ပြီး လီဆူးတိုင်းရင်းသားရေးရာဝန်ကြီးနေရာရရှိအောင် ပြန်လည်ဆောင်ရွက်ပေးပါရန်၊

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့ ဘရူနိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj. Gen. Dato Paduka Seri Mohd Tawih Bin Abdullah ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များအား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ပထမဦးဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံအကြီးအကဲ၊ ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နိုင်ငံအတွင်း ထင်ရှားသောနေရာများအား ကြည့်ရှုလေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

*စာမျက်နှာ ၅ မှ*

လီဆူးတိုင်းရင်းသားများသည် မွေးရာပါတိုင်းရင်းသားဖြစ်သဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းကို ကန့်သတ်ခြင်းမရှိဘဲ အခြားတိုင်းရင်းသားများနည်းတူဥပဒေဘောင်အတွင်းမှ အမြန်ဆုံးပြုလုပ်ပေးနိုင်ပါရန် တင်ပြလိုကြောင်း၊ ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ဒေသန္တရကို အခြေခံသည့် တိုင်းဒေသကြီး နှင့် ပြည်နယ်များကို တန်းတူဖွဲ့စည်းပေးရန်၊ လူမျိုးကြီး ဝါဒကင်းရှင်းသည့် ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီတူအခွင့်အရေးရရှိနိုင်ရန် မိမိတို့လီဆူးလူမျိုးများအတွက် လီဆူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိနိုင်ရေးဆောင်ရွက်ပေးပါရန်တင်ပြလိုကြောင်း ဆွေးနွေးသည်။

### ကြိုးပမ်းဆောင်ရွက်

တပ်မတော်မှ ဗိုလ်မှူးကြီး စိုးတင့်က မိမိတို့ရရှိပိုင်ဆိုင်ထားသည့် ဖွဲ့စည်းပုံအရ ပေးအပ်ထားသောအခွင့်အရေးများကို ထိထိရောက်ရောက်အသုံးချ၍ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ကိုယ်တိုင်ပါဝင် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့်သာ မိမိဒေသ၊ မိမိလူမျိုး တိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ဦးစိုင်းငင်းက ပြည်ထောင်စုကြီးအတွင်း စုစည်းကြရာတွင် တစ်မျိုးသားချင်း၏ ကိုယ်ပိုင်စရိုက်လက္ခဏာများမပျောက်ပျက်စေဘဲ ရှင်သန်ခွင့်၊ ထိန်းသိမ်းခွင့်၊ ဖော်ထုတ်ခွင့်ရှိစေရမည်ဖြစ်ကြောင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် (RCSS/SSA)အနေဖြင့် ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စုနှင့် ပြည်နယ်အတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူနည်းစုတိုင်းရင်းသားများအခွင့်အရေး၊ အေးအတူပူအမျှ အတူယှဉ်တွဲနေထိုင်ရေးတို့ကို ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်တွင် ပါဝင်ဆက်စပ်နေသူများအားလုံးနှင့်လည်းကောင်း၊ ရဲဘော်ရဲဘက် မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံးနှင့် လည်းကောင်း ပူးပေါင်း၍ မဆုတ်မနစ် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

### အကြံဉာဏ်ရယူသွားသင့်

ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ ဒေါက်တာမနာမ်တူးဂျာက ကချင်ပြည်နယ်၏ နယ်နိမိတ်၊ နယ်မြေနှင့်အမည်ကို လွတ်လပ်ရေးရခါစ စတင်ဖွဲ့စည်းစဉ်ကအတိုင်း လုံးဝမပြောင်းလဲသင့်ပါကြောင်း၊ ကချင်ပြည်နယ်၏လုံခြုံရေးအတွက် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့ကို ဖွဲ့စည်းထားရမည်ဖြစ်ပြီး ၎င်းကို ဖက်ဒရယ်တပ်မတော်၏ လက်အောက်ခံအဖြစ် ထားရှိရမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်တွင်း ကောင်းမွန်သော ပညာရေးစနစ်၊ အခမဲ့မသင်မနေရ ပညာရေးစနစ် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားတို့၏ စာပေကို အစိုးရကျောင်းနှင့် ပုဂ္ဂလိကကျောင်းတို့တွင် လွတ်လပ်စွာ သင်ကြားခွင့်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေး ဝန်ဆောင်မှုရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူလူထု၏ လက်အောက်ခံဖြစ်ရမည်ဖြစ်ပြီး နိုင်ငံရေးနှင့် ကင်းရှင်းရမည်ဖြစ်ကြောင်း၊ နောင်ကျင်းပမည့် ပြည်ထောင်စုညီလာခံများတွင် ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများမှ ရှေ့မီ၊ နောက်မီ ဝါရင့်နိုင်ငံရေးသမားများပါဝင်သော အကြံပေးအဖွဲ့ ဖွဲ့ကာ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်ကို ၎င်းတို့ထံမှ အကြံဉာဏ်ရယူသွားသင့်ပါကြောင်း ဆွေးနွေးသည်။

### အကောင်အထည်ဖော်

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက နောင်လာမည့်ဆွေးနွေးပွဲများတွင် ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့၏ အခန်းကဏ္ဍအပြင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် ပြည်သူများ၏ အခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါကြောင်း၊ တိုင်းရင်းသားဒေသအသီးသီးတွင် ဆောင်ရွက်ရန်လျာထားသည့် ဖွံ့ဖြိုးရေးနှင့်စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီတွင် လွတ်လပ်စွာ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းကဲ့သို့သော ပြည်သူ့သဘောထားကို တောင်းခံသည့်စနစ် များကျင့်သုံးဆောင်ရွက်ပါက ပဋိပက္ခကင်းသည့်၊ ရေရှည်အကျိုးတည်တံ့သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

“ဝ” ဒီမိုကရက်တစ်ပါတီမှ ဦးရန်ကျော်က “ဝ” ဒီမိုကရက်တစ်ပါတီအနေဖြင့် လူမျိုးစွဲ၊ ဘာသာစွဲကင်းစွာဖြင့် နယ်မြေဒေသ အမြန်ဆုံး အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်ထောင်စုကြီး အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးအခွန့်ရှည်ရန် ကမ္ဘာ့မြေပုံ၊ မြန်မာ့မြေပုံတွင် ထင်ထင်ရှားရှားပေါ်လွင်နေသော နဂိုရှိနေသည့် “ဝ” ပြည်နယ်ကို အသိအမှတ်ပြုပေးရန် “ဝ” ပြည်သူလူထုကိုယ်စား လေးလေးနက်နက် တောင်းဆိုအပ်ပါကြောင်း၊ NCA ၏ ရလဒ်ကောင်းများ၊ မိုင်ဂျာယန်ညီလာခံ၏ ဆုံးဖြတ်ချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၏ ဆွေးနွေးချက်ရလဒ်ကောင်းများကိုအခြေခံပြီး ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်ဖော်ဆောင်ပေးမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကြိုဆိုထောက်ခံပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုပြည်သူများနှင့်လက်တွဲကာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို “ဝ” ဒီမိုကရက်တစ်ပါတီအနေဖြင့် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် “ယခုလို တွေ့ဆုံကြခြင်းဖြင့် သဘောထားချင်း ညှိရန်၊ နားလည်မှုယူရန်၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန်နှင့် နောက်ဆုံးတွင် ငြိမ်းချမ်းရေးရရှိရေးသာဖြစ်ကြောင်း” ဟူသော မိန့်ခွန်းပါအတိုင်း ပြည်ထောင်စုတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်သင့်ကြောင်း၊ ပြောင်းလဲသင့်သည်များကို ပညာနှင့်ယှဉ်သော ရဲရင့်တည်ကြည်မှုတို့ဖြင့် ပြောင်းလဲနိုင်ကြစေရန် လိုကြောင်း ဆွေးနွေးသည်။

### ထူထောင်နိုင်မည်ဟုယုံကြည်

မွန်အမျိုးသားပါတီမှ နိုင်လယိတမ က ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံပဋိညာဉ်များကို အခြေခံထားရှိပြီး (၂၁)ရာစု ပင်လုံညီလာခံ (ပြည်ထောင်စုငြိမ်းချမ်းရေး) ညီလာခံတွင် ဦးတည်ဆွေးနွေးသွားခြင်းဖြင့်သာ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိသောဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ထူထောင်နိုင်မည်ဟုယုံကြည်ပါကြောင်း ဆွေးနွေးသည်။

### တောင်းဆိုပိုင်ခွင့်

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောသပ်က နိုင်ငံတော်က သတ်မှတ်ထားသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် လားဟူလူမျိုးသည် လူမျိုးတစ်မျိုးအဖြစ် ပါဝင်နေသော်လည်း အခြားလူမျိုးများကဲ့သို့ နယ်မြေဒေသ မရရှိသေးပါကြောင်း၊ သတ်မှတ်လူဦးရေနှင့်ပထဝီအနေအထားအရ နယ်မြေဒေသ ရသင့်သည့် လူမျိုးတစ်မျိုးဖြစ်သည်ဟု သုံးသပ်ခံယူပါကြောင်း၊ မိမိတို့အနေဖြင့် အကြံပြုတိုက်တွန်းလိုသည်မှာ ပစ်ခတ်တိုက်ခိုက်ခြင်းကို အမြန်ဆုံးရပ်တန့်ပြီး ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးဖော်ဆောင်ရန်၊ ပြည်ထောင်စုသားများ တန်းတူအခွင့်အရေးဖော်ဆောင်နိုင်ရန်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် သို့မဟုတ် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖော်ထုတ်ရန်၊ လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်ဝါးမျိုနေသည့် မူးယစ်ဆေးဝါးအန္တရာယ်အား အရှိန်အဟုန်မြှင့်တိုက်ဖျက်ရန်၊ အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ လူငယ်များ၏ အခန်းကဏ္ဍကို ဦးစားပေးအစီအစဉ်ဖြင့်ဖော်ထုတ်ရန်၊ ပြည်နယ်များအတွင်းရှိ လူနည်းစုဌာနေ တိုင်းရင်းသားများ၏အခွင့်အရေးများကို ကာကွယ်ပေးသောဥပဒေများ အခိုင်အမာ ပြဋ္ဌာန်းပေးရန်၊ အမျိုးသားပြည်နယ်အဆင့်မရရှိသေးသော တိုင်းရင်းသားလူမျိုးစုများ ၎င်းတို့နေထိုင်ရာ ပြည်နယ်တစ်ခုအတွင်း၌ ဖြစ်စေ၊ ပြည်နယ်များအတွင်း၌ ဖြစ်စေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ အမျိုးသားနယ်မြေအဖြစ် တောင်းဆိုပိုင်ခွင့်ပေးရန် ဆွေးနွေးသည်။

ထို့နောက် ဦးဆောင်သဘာပတိ ပဒိုစောကွယ်ထူးဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညီလာခံဒုတိယနေ့ မွန်းလွဲပိုင်းအစီအစဉ်ကို ရပ်နားသည်။

**(သတင်းစဉ်)**



# နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူ့အခွင့်အရေးဆိုင်ရာများဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာမြသောင်းတို့သည် မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂရုံးမှ Political advisor, Mr.Andreas Magnusson အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် အမျိုးသားလွှတ်တော်ကော်မတီရေးရာဆောင် အမှတ်(၂၀)၌ တွေ့ဆုံသည်။ **(ဓါပုံ)**

တွေ့ဆုံစဉ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးကိစ္စရပ်များ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးမောင်မောင်လတ်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပါဟုတ်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနအသစ်တစ်ခုဖွင့်လှစ်ရန် အမြန်ဆုံး ချိတ်ဆက်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ **(ယာပုံ)** ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၏ **မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက်ရှိ မဏ္ဍိုင်အားကစားကွင်းကို မြို့နယ်အဆင့် အဆင့်မြင့်အားကစားကွင်းကြီးအဖြစ် သက်ဆိုင်ရာမှဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဆိုပါအားကစားကွင်းကို **အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် အစီအစဉ်မရှိပါကြောင်းနှင့် သဘောတူငှားရမ်းထားသည့် စာချုပ်ပါစည်းမျဉ်း/စည်းကမ်းသတ်မှတ်ချက်များအရ စီမံခန့်ခွဲသူဖြစ်သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့** အကြောင်းကြားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဘောလုံးကွင်းများ ငှားရမ်းခြင်း သဘောတူစာချုပ် အပိုဒ် (၁၃)(က)တွင် အငှားချထားသည့် ဘောလုံးကွင်းများကို အငှားချထားခြင်းခံရသူက လွှဲပြောင်းပေးအပ်ရမည်ဟု ဖော်ပြပါရှိသည့်အတွက် ယခင်အားကစားဝန်ကြီးဌာနမှ အငှားချထားခြင်းခံရသူ ဟံသာဝတီယူနိုက်တက် ဘောလုံးကလပ်အသင်းအား မြောက်ဥက္ကလာပမြို့နယ်ရှိ မဏ္ဍိုင်အားကစားကွင်းကို တစ်နှစ်လျှင် ငှားရမ်းခ သိန်း ၃၀ ဖြင့် နှစ် ၃၀ ငှားရမ်းထားပါကြောင်း၊ စာချုပ်ပါ အပိုဒ် ၁၄ (ဂ) နှင့် အပိုဒ် (၁၅) (က) (ခ) တို့အရ အငှားချထားသည့် အားကစားကွင်းအား မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း၊ ပြုပြင်ခြင်း၊ တိုးချဲ့သည့်လုပ်ငန်းများကို အစိုးရအဖွဲ့၏ စာဖြင့် ကြိုတင်ခွင့်ပြုသည့် သဘောတူညီချက်ရမှသာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်ကို အငှားချထားခံရသူက ကျခံရပါမည်ဟု ဖော်ပြထားသည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဟံသာဝတီယူနိုက်တက် ဘောလုံးကလပ် အသင်းတို့ကသာ သက်ဆိုင်ရာ ဘောလုံးကစားကွင်း၏ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းများကို စာချုပ်ပါစည်းကမ်းသတ်မှတ်ချက်များအတိုင်း တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်မဆိုင်ပါကြောင်း ဖြေကြားသည်။

ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်၏ **ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ်တွင် ခုတင် ၁၆ လုံးဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုက်နယ်ဆေးရုံဖွင့်လှစ်ရန်အတွက် **ဒေသခံပြည်သူများ ရပ်မိရပ်ဖများ၏ စိတ်အားထက်သန်မှုကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သိရှိခဲ့ရသည့်အတွက်** မိမိအနေဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ်မရှိဟု ယတိပြတ် မပြောနိုင်သေးဘဲ အလားအလာကောင်းများ ရှိနေသည်ဟုသာ ပြောကြားလိုပါကြောင်း ဖြေကြားသည်။




ကန်ကြီးထောင့်မြို့နယ်တွင် ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ၊ ကန်ရွာတိုက်နယ်ဆေးရုံနှင့် ကျိုက်လတ်တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ သုံးရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ဒါးက ကျေးလက်ကျန်းမာရေးဌာနပိုင် နယ်မြေ အကျယ်အဝန်း မှာ ၅၆ ဒသမ ၈ စတုရန်းမိုင်ရှိပြီး ကျေးရွာအုပ်စုပေါင်း ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၈၆ ရွာနှင့် လူဦးရေ ၃၄၀၈၂ ဦး ရှိပါကြောင်း၊ ဒါးကကျေးလက်ကျန်းမာရေးဌာနသည် ကန်ကြီးထောင့်မြို့နယ်ဆေးရုံနှင့် ခုနစ်မိုင် လေးဖာလုံသာ ကွာဝေးပြီး မော်တော်ယာဉ်ဖြင့် မိနစ် ၃၀ ခန့်သာ သွားလာရကာ ပုသိမ်ပြည်သူ့ဆေးရုံကြီးနှင့် ၂၂ မိုင် ၂ ဖာလုံ ကွာဝေး၍ တစ်နာရီခန့်သာ သွားလာရပါကြောင်း၊ ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးတိုက်နယ်ဆေးရုံနှင့် သုံးမိုင်ခွဲသာကွာဝေးပြီး သွားလာရေးလွယ်ကူသော နေရာဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ဟုမ္မလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က **ဟုမ္မလင်းမြို့နယ်အတွင်း ဥရုအထက်ပိုင်းဒေသ ပါဟုတ်ကြီးကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ပေးရန်နှင့် အသစ်ခွဲဝေချထားပေးသော ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဌာနခွဲများတွင် ကျန်းမာရေးဆရာ၊ ဆရာမများ ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပါဟုတ်ကြီးကျေးရွာဒေသတွင် **တိုက်နယ်ဆေးရုံအစား ကျေးလက်ကျန်းမာရေးဌာနအသစ်တစ်ခု ဖွင့်လှစ်ရန် သင့်လျော်သည်ဟု ထင်မြင်ပါကြောင်းနှင့် မိမိအနေဖြင့် တိုင်းဒေသကြီးရှိ တာဝန်ရှိသူများနှင့် အမြန်ဆုံး ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း** ဖြေကြားသည်။

**ပေါက်တောမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင် ၂၅ လုံးဆံ့ ဆေးရုံအဆင့်မှ ခုတင် ၅၀ ဆံ့ စံကိုက်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းကို ရခိုင်ပြည်နယ် ပေါက်တောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံက မေးမြန်းရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အစီအစဉ်မရှိသေးကြောင်းနှင့် တိုးမြှင့်မည်ဆိုပါကလည်း ကြိုတင်၍ ဘတ်ဂျက်တောင်းခံခြင်း၊ ဖွဲ့စည်းပုံတင်ပြခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ကျောက်တော်မြို့နယ် သရက်တပင်-ဂုပ္ပိထောင့်လမ်းနှင့် အဆိုပါလမ်းပေါ်ရှိ တံတား ၁၁ စင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်



ပြည်ထောင်စု
ဝန်ကြီးဒေါက်တာအောင်သူ

**နေပြည်တော် စက်တင်ဘာ ၁**

ကျောက်တော်မြို့နယ် သရက်တပင်-ဂုပ္ပိထောင့် ကျေးရွာချင်းဆက်လမ်းကို ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေတွင် လည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ တံတား ၁၁ စင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေတွင် လည်းကောင်း လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သရက်တပင်-ရွာမပြင်-ကျားနင်းကန်-လိပ်မ-စိန်ခြုံ-ကြာခပ်ပြင် -စဖိုသား-လမုသား-ဂုပ္ပိထောင့် ကျေးရွာချင်းဆက်လမ်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူရမည့် လမ်းဖြစ်သောကြောင့် အဆိုပါဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **"ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ သရက်တပင်-ဂုပ္ပိထောင့်လမ်းပေါ်ရှိ တံတား ၁၁ စင်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းနှင့် သရက်တပင်-ရွာမပြင်-ကျားနင်းကန်-လိပ်မ-စိန်ခြုံ-ကြာခပ်ပြင်-စဖိုသား-လမုသား-ဂုပ္ပိထောင့် ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရာ အထက်ပါအတိုင်း ပြောကြားခဲ့သည်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) မှ
ဦးမြင့်နိုင်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးခင်မောင်လတ်၏ **"ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် သာယာကုန်းကျေးရွာအနီး၌ ပြင်ဖြူတာတမံကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ပြင်ဖြူတာကို တာပုံစံကျပြုပြင်ရန်အတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် မြေယူရန်နေရာ၊ ရေတံခါးတည်ဆောက်ရန်နေရာများကို ကြိုတင်ညှိနှိုင်းထားရှိရန် လိုအပ်မည်ဖြစ်ပြီး သဘောတူညီမှုရှိပါက တာပုံစံကျပြုပြင်ခြင်းနှင့် ကွန်ကရစ်ရေတံခါး နှစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေ ၃၇၃ ဒသမ ၅၀ သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **"ရခိုင်ပြည်နယ် မင်းပြားမြို့ ကမ်းပြိုထိန်းသိမ်းရေးလုပ်ငန်းကို ပြီးစီးအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရမှ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မင်းပြားမြို့နယ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ စတင်၍လျာထားပြီး ဦးစားပေးအလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ **"ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ လည်ပတ်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ဝန်ကြီးဌာနအနေဖြင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများအပေါ် ဆန်းစစ်ခြင်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (Environmental Impact Assessment- EIA Procedure) လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်အထိ ၁၀နှစ်ကြာ လည်ပတ်ခဲ့သော တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြန်လည်အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်နိုင်စေရန်အတွက် တင်ဒါခေါ်ယူစိစစ်ခဲ့ပြီး တင်ဒါအောင်မြင်သည့် တရုတ်နိုင်ငံ Wuxi Huaguang Electric Power Engineering ကုမ္ပဏီလီမိတက်သို့ နှစ်ရှည်ငှားရမ်းခဲ့ပါကြောင်း။

ယခုအခါ ကုမ္ပဏီအစီအစဉ်ဖြင့် EIA/SIA လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး Desulfurization Equipment, Denitration Equipment နှင့် Online Monitoring Equipment များကို တပ်ဆင်ရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ပြင် ဒေသခံပြည်သူလူထုနှင့် မီဒီယာများအား စီမံကိန်းလုပ်ငန်းဆိုင်ရာများ တွေ့ဆုံရှင်းလင်းခြင်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ကော့သောင်ဒေသရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် နောင်ချိုဒေသတွင်ရှိသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများသည် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားမှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါစက်ရုံများသည် အသေးစားနှင့် အလတ်စားအဆင့်ရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လျှပ်စစ်ဥပဒေတို့အရ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏အစီအမံဖြင့် ဆောင်ရွက်သော စီမံကိန်းများဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး ၊ ကချင်ပြည်နယ် ၊ ရခိုင်ပြည်နယ် ၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ **(မိုး/ဇလ)**

# လျှော်ဒဏ်သင့်ဒေသရှိ စေတီပုထိုးများနှင့် ရခိုင်ပြည်နယ်ရှိ သာသနာ့ဗိမာန်များ ပြန်လည်တည်ဆောက်ရန် အလှူငွေပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်၌ ယနေ့နံနက်ပိုင်းကကျင်းပသည့် လျှော်ဒဏ်သင့်ဒေသရှိ စေတီပုထိုးများနှင့် ရခိုင်ပြည်နယ်ရှိ သာသနာ့ဗိမာန်များ ပြန်လည်တည်ဆောက်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အလှူငွေပေးအပ်လှူဒါန်းပွဲနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး လျှော်ဒဏ်သင့်ဒေသများရှိ စေတီပုထိုးများနှင့် ရခိုင်ပြည်နယ်ရှိ သာသနာ့ဗိမာန်များ ပြန်လည်တည်ဆောက်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၈၀၀ အား ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က လက်ခံရယူသည်။

ယင်းနောက် အလှူရှင်များ၏ လှူဒါန်းငွေများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောတို့က လက်ခံရယူကြသည်။



ယနေ့ကျင်းပသည့် အလှူငွေပေးအပ်ပွဲတွင် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၉၅၁၄ သိန်းဖြစ်သည်။

ယင်းနောက် ပေးအပ်လှူဒါန်းထားသော အလှူငွေစုစုပေါင်း ငွေကျပ် ၉၅၁၄ သိန်းအနက်မှ ရခိုင်ပြည်နယ်ရှိ လျှော်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဘုရားနှစ်ဆူပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၇၀၀၊ စစ်တွေသာသနာ့ဗိမာန် တည်ဆောက်ရေးအတွက် အလှူငွေကျပ် ၄၀၁၄ သိန်းနှင့် သံတွဲမြို့ရှိ သာသနာ့ဗိမာန် တည်ဆောက်ရေးအတွက် ငွေကျပ်သိန်း ၂၂၀၀ စုစုပေါင်း ငွေကျပ် ၆၉၁၄ သိန်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က လွှဲအပ်လှူဒါန်းရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မာန်အောင်မြို့နယ်မဲဆန္ဒနယ်မှ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုရပ်စဲကြောင်း ကြေညာချက်ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးတင်နု(ခ)ဦးတင်နုအောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အား ယင်းမဲဆန္ဒနယ်တွင် ယှဉ်ပြိုင်အရွေးခံခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်စိန်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ကန့်ကွက်လွှာ တင်သွင်းခဲ့မှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့(၂)ကို ဖွဲ့စည်း၍ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၂၆/၂၀၁၅)ဖြင့် စစ်ဆေးခဲ့သည်။

ရွေးကောက်ပွဲခုံအဖွဲ့က အပြီးသတ်လျှောက်လဲချက်ကြားနာရန် ရုံးချိန်းခေါ်ယူခဲ့ရာ လျှောက်ထားသူ ဦးအောင်စိန်သည် ယခုနှစ် ဇူလိုင် ၂၈ ရက်က ကွယ်လွန်ခဲ့ကြောင်း လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေမှ လျှောက်ထားတင်ပြသည်မှာ မှန်ကန်သဖြင့် ဩဂုတ် ၃၁ ရက်တွင် အမှုရပ်စဲကြောင်း ဆုံးဖြတ်ခဲ့ပြီး ကော်မရှင်သို့ တင်ပြခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၇(က) နှင့်အညီ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ်(၂၆/၂၀၁၅)အား ရပ်စဲကြောင်းအများသိစေရန် ကြေညာချက်အမှတ် (၁၇/၂၀၁၆)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၇ ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၀ ပါအတိုင်း ကန့်ကွက်သူအဖြစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၉၇(ခ)အရ အစား ထည့်သွင်းစေရန် ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ၁၅ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားခွင့်ရှိကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# လုပ်ငန်းစီမံကိန်းရေးဆွဲခြင်းနှင့် စီမံကိန်းစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

လုပ်ငန်းစီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း (Training on Project Formulation and Project Cycle Management)ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ ဖွင့်လှစ်လျက်ရှိသည်။

သင်တန်းသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း ၁၅၀ တက်ရောက်လျက်ရှိသည်။

သင်တန်းတွင် ကျွမ်းကျင်ပညာရှင် Mr.Nicolas Ponty က စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ (Economic Infrastructure and Services)၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ (Social Infrastructure and Services)နှင့် ထုတ်လုပ်မှုကဏ္ဍ (Production Sector)ဟူ၍ အုပ်စုသုံးခုခွဲကာ သင်ကြားလျက်ရှိပြီး ၎င်းသင်တန်းမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစီမံကိန်း (PFM Project)အရ စီမံကိန်းရေးဆွဲရေးဦးစီးဌာနက ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ကျေးရွာများမှ ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးပေးပြီး အစာများထောက်ပံ့

**ကြံခင်း စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများမှ တောင်သူများမွေးမြူထားသော ကျွဲ၊ နွားများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများပူးပေါင်း၍ ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အတွင်း လိုက်လံထိုးနှံပေးခဲ့ပြီး နွားစာအိတ်များကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကြံခင်းမြို့နယ် ဆုံလဲကျေးရွာအုပ်စု၌ နွားစာအိတ် ခုနစ်အိတ်၊ မဲကုန်းကျေးရွာအုပ်စု၌ နွားစာအိတ် သုံးအိတ်၊ သောကြာဒူးကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာ၌ နွားစာအိတ် ရှစ်အိတ်နှင့် ရေလယ်ကျွန်းကျေးရွာအုပ်စု၌ နွားစာအိတ် ၁၅ အိတ်ကို ထောက်ပံ့ပေးခဲ့ပြီး တိရစ္ဆာန်များသောက်ရေအတွက် ရေသန့်ဆေးပြား ၂၅၀ ကိုလည်း ဖြန့်ဝေပေးခဲ့ကာ ကျွဲ၊ နွားကောင်ရေ ၂၇၅ ကောင်ကိုလည်း ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူကို အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခ ဒေါက်တာခင်မောင်လွင် | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မန္တလေး) ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (ခ) | ပါမောက္ခ ဒေါက်တာဒေါ်ဆန်းဆန်းဝင်း | ပါမောက္ခချုပ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင်မောင်ဦး အင်ဂျင်နီယာချုပ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ဦးအေးကျော် ဒုတိယညွှန်ကြားရေးမှူးချုပ် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး နှင့်ကွပ်ကဲရေးဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (ဂ) | ဒေါ်ခင်မာရီ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုဝန်ကြီးရုံး စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန |

# ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြရန်လို

**နေပြည်တော် စက်တင်ဘာ ၁**

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများသည် နှစ်ပတ်လည်အစည်းအဝေးတွင် အတည်ပြုပြီးသော ယခင်ဘဏ္ဍာရေးနှစ်၏ ငွေသားစီးဆင်းမှုစာရင်း၊ လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းကို စက်တင်ဘာ ၃၀ ရက်ထက်နောက်မကျဘဲ အစီရင်ခံစာ တင်ပြရမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က ဩဂုတ် ၂၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၈/၂၀၁၆) ဖြင့် ထုတ်ပြန်ထားသည်။

ထို့အပြင် ယင်းညွှန်ကြားချက်တွင် စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ၁၁၉ နှင့် နည်းဥပဒေ ၁၂၀ တို့အရ နှစ်ပတ်လည်အစီရင်ခံစာ၊ ဒါရိုက်တာအဖွဲ့အစည်းအဝေးက အတည်ပြုထားသော စာရင်းဝင်ကုမ္ပဏီ၏ ယခင်ဘဏ္ဍာရေးနှစ် ငွေသားစီးဆင်းမှုစာရင်း၊ လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်ရှင်းတမ်း၊ ငွေသားစီးဆင်းမှုစာရင်း၊ လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းတို့ ပူးတွဲထားသည့် စာရင်းစစ်အစီရင်ခံစာ၊ ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေး ဥပဒေ၊ ပုဒ်မ ၃၅ (ခ) နှင့် ငွေချေးသက်သေခံ လက်မှတ်လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ၊ ပုဒ်မ-၁၀၉ တို့အရ အလားအလာ ညွှန်းတမ်းတွင် ပါဝင်ရသည့် ကုမ္ပဏီ၏ အရေးကြီးအချက်အလက်များကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလထက် နောက်ကျခြင်းမရှိစေဘဲ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သို့ တင်ပြရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည့် ညွှန်ကြားချက် အပြည့်အစုံကို http://www.secm.gov.mm တွင် ဖော်ပြထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပင်လုံအပြီးမှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေလည်း လက်မှတ်ထိုးလာနိုင်မယ်လို့မျှော်လင့်


ဒေါ်ဒွဲဘူ


ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)


ဦးမင်းကိုနိုင်


ဦးဦးလှစော


ဦးခက်ထိန်နန်


ဒေါ်သီရိရတနာ

ဩဂုတ် ၃၁ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသို့ တက်ရောက်လာကြသူများမှ အချို့အား တွေ့ဆုံမေးမြန်းထားခဲ့ပါတယ်-

**ဒေါ်ဒွဲဘူ၊ ကချင်တိုင်းရင်းသားအစုအဖွဲ့**

အခု (၂၁)ရာစုပင်လုံမှာ တိုင်းရင်းသားလက်နက်ကိုင် အတော်များများပါလာပြီ။ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေလည်း ပါလာပြီ။ ပင်လုံအပြီးမှာတော့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေလည်း လက်မှတ်ထိုးလာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောက်တစ်ခုက (၂၁)ရာစုပင်လုံကို ကျင်းပနေတဲ့အချိန်မှာ တိုင်းရင်းသားအားလုံးလည်း ပြုံးပြုံးရွှင်ရွှင်တက်ရောက်ကြတယ်။ နှစ်ဖက်လက်နက်ကိုင်ခေါင်းဆောင်တွေလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ လာတက်နေပါတယ်။ အဲဒီလိုပဲ အောက်ခြေမှာ တိုက်ပွဲဖြစ်နေတဲ့သူတွေလည်း အတူယှဉ်တွဲနေထိုင်စေချင်ပါတယ်။ ကျွန်မတို့ပြည်သူတွေ ဟိုပြေး ဒီလွှား မျက်ရည်၊ မျက်ခွက်နဲ့ မိုးမလုံ၊ လေမလုံနေထိုင်ရတဲ့ ဘဝတွေကနေ အမြန်ဆုံးလွတ်မြောက်ချင်ပါတယ်။ အပေါ်နဲ့ အောက်နဲ့ ရေချိန်အမြန်ဆုံး ညှိဖို့လိုပါတယ်။

တိုက်ပွဲတွေက ပင်လုံညီလာခံမတိုင်မီတောင်မှ ကိုယ့်အသိစိတ်နဲ့ကိုယ် ရပ်သင့်ပါတယ်။ ပင်လုံညီလာခံပြီးသွားရင်တော့ ကျွန်မ ဆက်မပြောတော့ပါဘူး၊ သူတို့သိမှာပါ။ ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ တိုင်းရင်းသားညီအစ်ကိုတွေ တစ်ယောက်နဲ့တစ်ယောက် အခွင့်အရေးတန်းတူညီမျှဖို့အတွက် လက်နက်ကိုင်ပြီးတော့ ပြဿနာတွေ ဖြစ်ပွားနေတာပါ။ ဒီလို စည်းလုံးညီညွတ်မှု မရှိတဲ့အတွက်ကြောင့် အင်မတန်မှ သာယာလှပတဲ့၊ သယံဇာတပေါများတဲ့ တိုင်းပြည်ဟာ ချွတ်ခြုံကျနေတာပါ။

(၂၁)ရာစုပင်လုံ ညီလာခံကတော့ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုအတွက် ထွက်ပေါက်ဖြစ်မယ်လို့ မြင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတဲ့နေရာမှာတော့ တိုင်းရင်းသားတွေက ကိုယ်လိုချင်တာတွေပဲ လုပ်မယ်ဆိုရင် ငြိမ်းချမ်းရေးဆီဘယ်တော့မှ ရောက်မှာမဟုတ်ဘူး။ ကိုယ်ဖြစ်ချင်တာနဲ့ သူဖြစ်ချင်တာတွေ ညှိနှိုင်းပြီးတော့မှ အပေးအယူမျှမျှတတနဲ့ လုပ်ဆောင်သွားရမှာပါ။ အပေးအယူမျှတယ်ဆိုတဲ့ နေရာမှာလည်း ဖြစ်သင့်တဲ့ အပေးအယူမျိုးကို အားလုံးညီတူမျှတူ စည်းလုံးညီညွတ်စွာနဲ့ ပူးပေါင်းတိုင်ပင်မယ်၊ စားပွဲပေါ်မှာ ဆွေးနွေးအဖြေရှာမယ်၊ ဥပဒေတစ်ခုအတည်ပြုနိုင်မယ်ဆိုရင် ပင်လုံညီလာခံကြီးရဲ့ ရည်ရွယ်ချက်အောင်မြင်မယ်၊ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ပြီးတော့ ကျွန်မတို့နိုင်ငံကြီးလည်း ပြန်လည်နာလန်ထူလာနိုင်မယ်။

ပင်လုံညီလာခံမှာ လက်မှတ်ထိုးပြီးသား လက်နက်ကိုင်တွေ၊ လက်မှတ်မထိုးရသေးတဲ့ လက်နက်ကိုင်တွေ၊ တပ်မတော်၊ အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားအစုအဖွဲ့ ပါဝင်သင့် ပါဝင်ထိုက်သူများအဖွဲ့ နိုင်ငံရေးပါတီ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင် တက်ရောက်တဲ့အပေါ်မှာ အလွန်ဝမ်းမြောက်ပါတယ်။ ဘာကြောင့်လဲဆိုရင် အရင်က လုပ်ခဲ့တဲ့အရာတွေဟာ သိပ်ပြီး ထင်သာမြင်သာမရှိခဲ့ပါဘူး။ ဒီတစ်ခါကတော့ ကမ္ဘာကပါ စောင့်ကြည့်နေတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပါဝင်မှုဟာ အတော်လေးအထောက်အကူဖြစ်စေပါတယ်။ ကျန်တဲ့တိုင်းပြည်တွေကနေ ငြိမ်းချမ်းရေးကို ရစေချင်လို့ နည်းလမ်းအမျိုးမျိုးနဲ့ ကူညီပံ့ပိုးနေတဲ့ပုဂ္ဂိုလ်တွေလည်း တက်ရောက်တဲ့အတွက် အားရစရာပါ။

နိုင်ငံတော်အတွက်၊ ပြည်သူအတွက်၊ တိုင်းရင်းသားတွေ တန်းတူညီမျှမှုအတွက်၊ ခိုင်မာတဲ့လုပ်ငန်းတွေအတွက် အများကြီးမျှော်လင့်ပါတယ်။ ဒီညီလာခံကြီးက အမျိုးသား ရင်ကြားစေ့ရေး၊ တိုင်းရင်းသားတွေ ပေါင်းစည်းရေးအတွက် အစပျိုးတဲ့၊ ရှေ့ဆက်ပြီး ပေါင်းစည်းမယ့် လူမျိုးအလိုက်ဆွေးနွေးပွဲတွေ၊ ဒေသအလိုက် ဆွေးနွေးပွဲတွေ၊ အကြောင်းအရာအလိုက် ဆွေးနွေးပွဲတွေ ရှိလာမယ်။ ဒီညီလာခံမှာတော့ အစိုးရရဲ့အသံ၊ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့အသံ၊ တပ်မတော်ရဲ့အသံ၊ ပြည်သူလူထုအသံ၊ နိုင်ငံရေးအသံ အဲဒါတွေကို နားထောင်ပြီးတော့ အောက်ခြေဒေသတွေအထိ သယ်သွားပြီး နောက်တစ်ကြိမ်ကျင်းပတဲ့အခါမှာ အောက်ခြေနဲ့အပေါ် ညှိရမှာဖြစ်ပါတယ်။

ဆုံးဖြတ်ချက်တွေချနိုင်မယ်။ ဥပဒေဖြစ်လာတယ်ဆိုရင် တိုင်းပြည်ဟာ မျှော်လင့် ချက်တွေအများကြီးနဲ့ လှုပ်ရှားနိုင်မယ်၊ သွားလာနိုင်မယ်။ ငြိမ်းချမ်းရေးကို အထောက်အပံ့ပေးနိုင်မယ့် အခြေအနေဖန်တီးပေးမယ့်အရာဖြစ်တယ်လို့ မျှော်လင့်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)**

NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ပါဝင်လာဖို့အတွက်လည်း ကြိုးစားဆောင်ရွက်လာခဲ့ပါတယ်။ သူတို့နဲ့ အချိန်နဲ့အမျှ ညှိနှိုင်းပြီးတော့ နားလည်မှုတွေ၊ ယုံကြည်မှုတွေ တည်ဆောက်ပြီးတော့ သူတို့ ပါဝင်လာအောင် ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်ကလည်း လက်မှတ်ထိုးပြီးသား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ ညီလာခံကို အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်အောင်ရယ်၊ ကျန်တဲ့အဖွဲ့တွေလည်း အဆင်ပြေချောမွေ့စွာနဲ့ တက်နိုင်အောင်ရယ်၊ နိုင်ငံရေးပါတီတွေထဲမှာလည်း အနိုင်ရပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ်တွေ အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်အောင်လို့ အုပ်ချုပ်မှုလုပ်ငန်းများကိုလည်း အားလုံးညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

တစ်ဖက်က အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခဲ့သလို နိုင်ငံရေးဆွေးနွေးပွဲတွေပြုလုပ်နိုင်ဖို့အတွက် ဒေါက်တာတင်မျိုးဝင်းဦးဆောင်တဲ့ အစုအဖွဲ့ သုံးခုက ကိုယ်စားလှယ် သုံးဦးစီပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး နေ့စဉ်နဲ့အမျှ နိုင်ငံရေးဆွေးနွေးပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့အတွက် သဘာပတိရွေးချယ်ခြင်း၊ အစုအဖွဲ့အလိုက်ရွေးချယ်ခြင်း၊ အကျိုးဆောင်များရွေးချယ်ခြင်းစတဲ့ ရုံးပိုင်းဆိုင်ရာလုပ်ငန်းတွေကိုလည်း အချိန်ပြည့်ဆောင်ရွက်ခဲ့ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေအတွက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ငြိမ်းချမ်းရေးကိုအကျိုးခံစားခွင့်ရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးမင်းကိုနိုင်၊ ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း**

ဒီလိုညီလာခံမျိုးကို ကျွန်တော်နိုင်ငံသားတစ်ယောက်အနေနဲ့ မျှော်မှန်းခဲ့တာကြာပါပြီ။ နှစ်ပေါင်းများစွာ မငြိမ်းနိုင်ခဲ့တဲ့မီးကို ဘယ်လိုငြိမ်းသတ်ကြမလဲဆိုတာရယ်၊ နောက်ပြီး အနာဂတ်က အခုပုံစံအတိုင်းသွားနေလို့ မလုံလောက်ဘူးဆိုတာရယ်၊ ကျွန်တော်တို့အားလုံး နားလည်ထားတယ်။ တစ်ခုပဲရှိပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေက ကျွန်တော်တို့ မမွေးခင်ကတည်းကလည်း လုပ်ခဲ့ကြတယ်။ အဲဒါတွေက ပြည်သူတွေကို ဘယ်လောက်စိတ်ဝင်စားသလဲ။ နောက်ပြီး ပြည်သူတွေကို ဘယ်လောက် သိခွင့်ရှိလဲဆိုတဲ့အပေါ်လည်း မူတည်ပါတယ်။

ဒီတစ်ခါတော့ ပွင့်လင်းမြင်သာမှုအရှိဆုံးလို့ ကျွန်တော်တွေ့ရပါတယ်။ အဲ့ဒီအပေါ်မှာ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကလည်း အင်မတန်ကြီးပါတယ်။ အဲဒီပြည်သူတွေထဲမှာ ကျွန်တော်လည်း ပါပါတယ်။

အခုဟာက ကျွန်တော်တို့ဆီမှာ လက်နက်ကိုင်တိုက်ပွဲတွေရှိနေတဲ့အတွက် အဲဒီတိုက်ပွဲရေိယာမှာရှိတဲ့ အနည်းဆုံးပြည်သူတွေ၊ ကလေးသူငယ်တွေအတွက်က အသက်ရောက်ဆုံးဖြစ်ပါတယ်။ ကျောင်းမနေနိုင်တဲ့၊ ကျောင်းကို စွန့်၊ အိမ်ကိုစွန့်ပြီး ပြေးနေရတဲ့ ကလေးတွေဆီကို ကျွန်တော်ကြိမ်ဖန်များစွာ ရောက်ခဲ့ပါတယ်။ သူတို့လည်း အနည်းဆုံးတော့ စစ်ပွဲမရှိတဲ့ နေရာက ကလေးတွေနဲ့အတူ တန်းတူရည်တူ အခွင့်အရေးတွေ ရသင့်တယ်လို့ အောက်မေ့ပါတယ်။ အဲဒါဘာလဲဆိုတော့ အနည်းဆုံးတော့ ကလေးတွေ ကျောင်းနေခွင့်၊ ကျောင်းတက်ခွင့်ပါ။

ဒီထက်ပိုပြောရရင် စစ်မဖြစ်တဲ့နေရာတွေမှာလည်း ငြိမ်းချမ်းရေးမရှိတဲ့ တိုင်းပြည်တစ်ပြည်ရဲ့ သက်ရောက်မှုက ရှိတာပါပဲ။ ဆိုလိုတာက တိုင်းပြည်တစ်ပြည်က အဲဒီအတွက်ကြောင့် အင်မတန်စစ်စရိတ်တွေ ကုန်ကျရတယ်။ ပြီးတော့ လမ်းပန်းဆက်သွယ်ရေးကအစ အစစအရာရာ နစ်နာတယ်။ အဲဒါတွေအားလုံးအတွက် ဒီညီလာခံက အဖြေတစ်ခုရှာနိုင်မယ်လို့ အားလုံးမျှော်လင့်ထားတယ်။

သို့သော်လည်း နှစ်ပေါင်း ၆၀ ကျော်ဖြစ်လာတဲ့ ပြဿနာရဲ့ အဖြေကို ရှာတဲ့နေရာမှာ နေ့ချင်း ညချင်း မရနိုင်ဘူးဆိုတာလည်း အားလုံးက သိထားပါတယ်။ ဒါပေမယ့် အခြေခံကောင်းတွေတော့ ရနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

အဓိက ကတော့ မျှော်လင့်ချက်သိပ်ကြီးနေတဲ့ ပြည်သူတွေ အပေါ်မှာရော၊ နိုင်ငံတော်အပေါ်မှာပါ ဘယ်လောက်လုပ်ပြနိုင်မလဲဆိုတာ ဒီညီလာခံတက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေက အစွမ်းအစပြကြရမှာပဲ။ ကျွန်တော့်အနေနဲ့ကတော့ ဉာဏ်အမြော်အမြင်ကြီးမားတဲ့ ဆွေးနွေးမှုမျိုးနဲ့ သွားကြရမယ်လို့ နားလည်ထားပါတယ်။ နောက် ဒီငြိမ်းချမ်းရေးညီလာခံမှာ အဖွဲ့အစည်းတွေအားလုံး ပါဝင်စေချင်ပါတယ်။ အဲဒီအတွက်လည်း ထပ်ပြီးရအောင် အဖြေရှာကြမယ်လို့ မျှော်လင့်ပါတယ်။

**ဦးဦးလှစော**

**ရခိုင်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်**

ရှေ့က ပထမအကြိမ် လုပ်ခဲ့တာလည်း ကောင်းပါတယ်။ ဒါကိုဆက်ပြီးတော့ ဒုတိယတစ်ကြိမ် ထပ်ပြီးလုပ်တယ်ဆိုတာလည်း ကောင်းပါတယ်။ ဒီလုပ်ငန်းစဉ်ကတော့ ဘယ်သူပဲ တက်တက် ဆက်လုပ်ရမယ့်လုပ်ငန်းစဉ်ပါ။ ပြည်တွင်းစစ် ဘယ်လိုချုပ်ငြိမ်းအောင်လုပ်မလဲ၊ ငြိမ်းချမ်းရေး ဘယ်လိုတည်ဆောက်မလဲ။ အဲဒီတော့ ပြည်တွင်းစစ် ချုပ်ငြိမ်းဖို့နဲ့ ဖက်ဒရယ်နိုင်ငံတော်သစ် တည်ဆောက်ဖို့၊ ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ဆိုတာ တိုင်းရင်းသားတွေရဲ့ ပြဿနာသက်သက်မဟုတ်ဘဲ မြန်မာပြည်ရဲ့ ပြဿနာပါပဲ။ တိုင်းရင်းသားတွေ စစ်ဘေးဒဏ်ထိရင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အများကြီးထိခိုက်မယ်။ အဲဒါဆိုရင် နိုင်ငံကို အများကြီးထိခိုက်တာပါပဲ။ ဒါကြောင့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးက လုပ်ကိုလုပ်ရမယ့် ကိစ္စပါ။ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးမလုပ်ဘူးဆိုရင် အဲဒီအစိုးရဟာ ပြည်သူကို သစ္စာဖောက်တဲ့ အစိုးရပါ။ ဘယ်သူပဲတက်တက် ဒီကိစ္စကို ပြီးစီးအောင်လုပ်ရမှာပါ။ ကျွန်တော်မျှော်လင့်ပါတယ်။ ငါးနှစ်အတွင်း အများကြီးမျှော်လင့်ပါတယ်။ အစကောင်းဖို့ပဲ လိုပါတယ်။

**ဦးခက်ထိန်နန်၊ တိုင်းရင်းသားကိုယ်စားလှယ်**

တိုင်းရင်းသားလက်နက်ကိုင်သုံးဖွဲ့ကို အစိုးရဘက်က မဖိတ်လို့ ဆိုတာတွေကြားနေရတယ်၊ ကျွန်တော်တို့ သိသလောက်ကတော့ နိုင်ငံတော်အစိုးရကလည်း ဖိတ်တယ်။ ဖိတ်ပေမယ့်လို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတိုင်းဟာ သူ့သမိုင်းနဲ့ သူ့နောက်ခံအကြောင်းအခြေအနေရှိတယ်။ ဒါကြောင့်မို့လို့ ဒီအနေအထားအရ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာနိုင်ဖို့အတွက် တောက်လျှောက်ညှိနှိုင်းမှုတော့ ရှိပါတယ်။

ကျွန်တော်တို့အားလုံးကလည်း ဒီတစ်ခေါက်ကတော့ ပါဝင်လာတော့မယ်လို့ မျှော်လည်း မျှော်လင့်တယ်၊ ယုံလည်း ယုံကြည်တယ်။ အစိုးရရော တပ်မတော်ပါ အကုန်လုံးတော့ ကြိုးစားတယ်၊ ညှိနှိုင်းတယ်။ ဒါပေမယ့် အချိန်ကာလအတိုင်းအတာအရ ဒီညီလာခံမှာ သူတို့မပါဝင်ဖြစ်ပေမယ့်လို့လည်း အားလုံးက ဆက်ကြိုးစားရင် နောင်လာမယ့် အချိန်မှာတော့ အတူတကွလက်တွဲပြီးတော့ ပါဝင်လာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမှမဖြစ်ရင်လည်း မရဘူး။ တစ်နိုင်ငံတည်းမှာ၊ တစ်ပြည်ထောင်စုထဲမှာ အတူတူနေတဲ့သူတွေကတော့ တစ်ချိန်ချိန်မှာ အတူတကွ ညှိနှိုင်းပြီး လက်တွဲဖို့ လိုအပ်ပါတယ်။ ဒါဟာအားလုံးရဲ့တာဝန်ဖြစ်သလို ဒီခေတ်ဒီစနစ် ဒီအချိန်အခါမှာ ဦးဆောင်နေတဲ့သူတွေရဲ့ တာဝန်လည်းဖြစ်ပါတယ်။

ဒီညီလာခံကနေပြီးတော့ ကျွန်တော်တို့ ရင်ထဲမှာ၊ ဦးနှောက်ထဲမှာ၊ အသွေးထဲ အသားထဲမှာ၊ ရိုးတွင်းချဉ်ဆီထဲမှာ ကျွန်တော်တို့ လိုချင်တဲ့၊ တောင့်တနေတဲ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ရရှိမယ်လို့၊ ဒီမှာအစပြုမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံအတွက် အရေးကြီးတဲ့၊ ပြည်ထောင်စုအတွက် အရေးကြီးတဲ့၊ တိုင်းရင်းသားတွေအားလုံးအတွက် အရေးအကြီးဆုံးဖြစ်လို့ လိုအပ်ရင် လိုအပ်သလို ဆောင်ရွက်သွားဖို့၊ လိုအပ်ချက်ပေါ်မူတည်ပြီး သုံးရက်နဲ့ ပြီးရင်လည်းသုံးရက်၊ လေးရက်ဆိုလည်းလေးရက် အစည်းအဝေးကျင်းပသွားဖို့ရှိပါတယ်။

ပြီးခဲ့တဲ့တစ်ခေါက်ကလည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခဲ့တယ်။ ဒါပေမယ့် အစိုးရသစ်လက်ထက်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆိုတဲ့နေရာမှာ (၂၁) ရာစုပင်လုံဆိုပြီးတော့ ထပ်ပြီးတော့ ထည့်လိုက်တဲ့အတွက်ကြောင့် ၁၉၄၇ ပင်လုံသည် လွတ်လပ်ရေးရဖို့ ပြည်ထောင်စုကြီး ဖြစ်ပေါ်လာတဲ့ပင်လုံဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျိုးဆက် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ (၂၁)ရာစုပင်လုံဟာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ရရှိအောင်ကြိုးစားသွားမယ့် ညီလာခံဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

နိုင်ငံရေးအရ အမျိုးသားအဆင့် ဆွေးနွေးပွဲတွေကိုတော့ ဒီညီလာခံပြီးမှ ဆက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်တဲ့အတွက် ဒီညီလာခံဟာ အဖွင့်အစပြုတဲ့ညီလာခံပဲ ဖြစ်ပါတယ်။ ဒီညီလာခံပြီးတာနဲ့ ငြိမ်းချမ်းရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနဲ့သဘာဝပတ်ဝန်းကျင် သယံဇာတခွဲဝေရေး ခေါင်းစဉ်တွေနဲ့ ဆက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆက်တိုက်ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

နောက်တစ်ကြိမ် ညီလာခံကို ခြောက်လအတွင်းမှာ ထပ်ပြီးတော့ ကျင်းပသွားမှာပါ။ ဒီကြားထဲမှာ ဒီခေါင်းစဉ်ငါးချက်နဲ့ ဆွေးနွေးလို့ရခဲ့တဲ့ သဘောတူညီချက်တွေကို နောက်တစ်ကြိမ် ညီလာခံမှာ ပြန်ပြီးတော့တင်ပြသွားဖို့ ဖြစ်ပါတယ်။

**ဒေါ်သီရိရတနာ**

**အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီ**

ဒီငြိမ်းချမ်းရေး ညီလာခံကြီးကနေ မျှော်လင့်ချက်တွေ အများကြီးထားပါတယ်။ ဘာလို့လဲဆိုတော့ ဒီတစ်ခါက ဒုတိယပင်လုံလို့ တင်စားတယ်။ ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့တဲ့ လမ်းစဉ်တွေနဲ့အတူ ကျွန်မတို့ရဲ့ခေါင်းဆောင်၊ နိုင်ငံတော်ရဲ့ အတိုင်ပင်ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒီလိုမျိုးလေးတွေ လုပ်ပေးတဲ့အတွက် ကျွန်မတို့နိုင်ငံအတွက် အများကြီး မျှော်လင့်ချက်ရှိတယ်။ ပြီးတော့ တိုင်းရင်းသားတွေအားလုံးရဲ့ခံစားမှုတွေကိုလည်း သူက အများကြီးနားလည်တဲ့အတွက် ကောင်းမွန်တဲ့ အဖြေတစ်ခု၊ အားလုံးကျေနပ်တဲ့ သဘောတူချက်တစ်ခုကို တက်လှမ်းနိုင်မယ်လို့ အများကြီးယုံကြည်ပါတယ်။

ဒီလုပ်ငန်းက ဒီရက်ပိုင်းအတွင်းနဲ့ ပြီးသွားမှာမဟုတ်ဘူး။ ဒီလိုမျိုးကော်မတီတွေခွဲပြီးတော့မှ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေရော၊ မရပ်စဲသေးတဲ့ အဖွဲ့တွေပါ အားလုံးကိုခေါ်ပြီးတော့ ဆွေးနွေးညှိနှိုင်းပြီးတော့ ရှေ့ဆက်လုပ်ရမယ့်၊ ခရီးစဉ်အရှည်ဖြစ်တဲ့အတွက်ကြောင့် သူတို့အနေနဲ့လည်း ပူးပေါင်းပါဝင်နိုင်မယ်၊ နောက်ပြီး အခက်အခဲလိုလားချက်တွေကိုလည်း ပြောဆိုခွင့်ရှိပါတယ်။ အများကြီးလည်း ကြိုးစားညှိနှိုင်းမယ်လို့ မျှော်လင့်ပါတယ်။ ပွင့်ပွင့်လင်းလင်းနဲ့ မိမိရဲ့ခံစားချက်၊ တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေကို အပြန်အလှန်ပြောခွင့်ပြုတဲ့ ယဉ်ကျေးမှုတစ်ခုကို တည်ဆောက်ပြီးရင် ကျွန်မတို့ ဒီထက်ပိုကောင်းတဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို ရှေ့ဆက်သွားနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်း - တင်မောင်လွင်၊ ဇင်ဦး**



# ဘရာဇီးသမ္မတ ဒီလ်မာရောဆက်ဖ်ကို ဆီးနိတ်လွှတ်တော်ကရာထူးမှ ဖယ်ရှားရန်မဲခွဲ

**ရီယိုဒီဂျနေရိုး စက်တင်ဘာ ၁**

ဘရာဇီးနိုင်ငံ၏ ဆီးနိတ်လွှတ်တော်က သမ္မတဒီလ်မာရောဆက်ဖ်အား ဘတ်ဂျက်ငွေများကို ကိုယ်ကျိုးအတွက်အလွဲသုံးစားပြုလုပ်ခဲ့သည်ဟုဆိုကာ ရာထူးမှဖယ်ရှားရန် မဲခွဲဆုံးဖြတ်ခဲ့သည်။

အဆိုပါမဲခွဲဆုံးဖြတ်မှုသည် ၎င်း၏လက်ဝဲယိမ်းအလုပ်သမားပါတီ၏ ၁၃ နှစ်ကြာ အာဏာရရှိခဲ့မှုကို အဆုံးသတ်စေခဲ့သည်။ မစ္စရောဆက်ဖ်ကမူ စွပ်စွဲချက်များအပေါ် ငြင်းဆန် နေဆဲဖြစ်သည်။ မဲခွဲဆုံးဖြတ်ရာတွင် ဆီးနိတ်လွှတ်တော်အမတ် ၆၁ ဦးက ၎င်းကိုထုတ်မပစ်ရန် မဲထည့်ခဲ့ကြပြီး အမတ် ၂၀ က ထုတ်ပယ်ပစ်ရန် မဲပေးခဲ့ကြသည်။ သမ္မတ အဖြစ်မှဖယ်ရှားပစ်ရန် မဲအရေအတွက် သုံးပုံနှစ်ပုံခန့်လိုအပ်နေသေးကြောင်း သိရသည်။

သမ္မတရောဆက်ဖ်ရာထူးမှ ထွက်ခွာမည့် ၂၀၁၉ ဇန်နဝါရီ ၁ ရက်မတိုင်မီ မိုက်ကယ် တီမာက သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုထားပြီး တရားစွဲဆိုအရေးယူဆောင်ရွက်နေစဉ်အတွင်း ၎င်းက သမ္မတအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

မစ်ချယ်လ်တီမာသည် G-20 အဖွဲ့ဝင်များ၏ စီးပွားရေးဆိုင်ရာညီလာခံတက်ရောက်ရန် တရုတ်နိုင်ငံသို့ထွက်ခွာလျက်ရှိသည်။ ဘရာဇီးနိုင်ငံစီးပွားရေးပြန်လည်ထူထောင်လာနိုင်စေရေးအတွက် လွှတ်တော်နှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ရန် ၎င်းကဝန်ကြီးများအား တိုက်တွန်းထားသည်။

သမ္မတရောဆက်ဖ်အားထုတ်ပယ်ရန် စစ်ဆေးကြားနာမှုသည် ဘရာဇီးအစိုးရနှင့် လက်ဝဲယိမ်း တောင်အမေရိကအစိုးရအဖွဲ့ကြား သဘောထားကွဲလွဲမှုများပေါ်ပေါက်လာစေခဲ့သည်။ ဗုဒ္ဓဟူးနေ့နှောင်းပိုင်းက အဆိုပါစစ်ဆေးဆောင်ရွက်မှုကို တောင်အမေရိက အစိုးရအဖွဲ့က ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။

မစ္စရောဆက်ဖ်သည် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ စွပ်စွဲမှုတွင် ရှုံးနိမ့်ခဲ့သည်မှန်သော်လည်း ရှစ်နှစ်တိုင်တိုင် ၎င်းအားပြည်သူ့ရုံးတော်မှ ထုတ်ပယ်ရန်ကြိုးပမ်းခဲ့သည့် ဆီးနိတ်လွှတ်တော်၏ တစ်ဦးချင်းမဲပေးမှုတွင် အနိုင်ရရှိခဲ့သည်။

(ရိုက်တာ)

# အလက်စကာ၌ လေယာဉ်နှစ်စင်းတိုက်မိ ခရီးသည်ငါးဦးသေဆုံး

**အလက်စကာ စက်တင်ဘာ ၁**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်တွင် စီးပွားရေးလုပ်ငန်းသုံး လေယာဉ်ငယ်နှစ်စင်းတိုက်မိပြီး လူငါးဦးသေဆုံးသွားကြောင်း သိရသည်။

ရုရှားမစ်ရှင်အဖွဲ့ရှိသည့် ကျေးရွာအနီးတွင်ဖြစ်ပွားသည့် အဆိုပါ လေယာဉ်နှစ်စင်းတိုက်မှုတွင် အသက်ရှင်လွတ်မြောက်သူတစ်ဦး တစ်ယောက်မျှမရှိကြောင်း သိရသည်။

သေဆုံးသွားသူများတွင် သုံးဦးမှာ Cessna မှHageland သို့သွားရောက်သည့် ဒေသတွင်းလေကြောင်းလိုင်းတွင် လိုက်ပါလာသူများဖြစ်ပြီး ကျန်နှစ်ဦးမှာ Renfro's Alaskan Adventures ခရီးသွားကုမ္ပဏီပိုင်ဖြစ်သည့် ပိုက်ပါ လေယာဉ်ငယ်ပေါ်တွင် စီးနင်းလိုက်ပါလာသူများဖြစ်သည်ဟု အလက်စကာ အမျိုးသားကာကွယ်စောင့်ကြပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

လေယာဉ်နှစ်စင်းတိုက်မိသည့်ဖြစ်ရပ်များသည် အမေရိကန်၌ဖြစ်ခဲ့သော ကိစ္စရပ်ဖြစ်ကာ အများစုမှာ လေဆိပ်အနီးတွင်ဖြစ်ပွားလေ့ရှိသည်။

(ဘီဘီစီ)






# တရုတ်နိုင်ငံ၌ လျှို့ဝှက်ထောက်လှမ်းမှု လုပ်ဆောင်သည်ဟုဆိုကာ အမေရိကန် အမျိုးသမီးတစ်ဦးအား ဖမ်းဆီး

**ပေကျင်း စက်တင်ဘာ ၁**

ပြီးခဲ့သည့်နှစ်ကတည်းက တရုတ်နိုင်ငံတွင် ရောက်ရှိနေခဲ့သည့် အမေရိကန်နိုင်ငံသား အမျိုးသမီး(အလယ်ပုံ)တစ်ဦးအား သူလျှိုအဖြစ် လာရောက်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆန်ဒီဖန်ဂီလီစ်(အသက် ၅၆နှစ်)သည် ၂၀၁၅ ခုနှစ် မတ်လက အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်အနေဖြင့် တရုတ်သို့ လာရောက်စဉ်က တစ်ကြိမ်ဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၎င်း၏ ခင်ပွန်း ဂျက်ဖ်ဂီလီစ်က မှားယွင်းဖမ်းဆီးခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ပြီး လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

အဆိုပါ သတင်းသည် ဂျီ-၂၀ အစည်းအဝေးအတွက် တရုတ်နိုင်ငံ ဟန်ကျိုးသို့ သွားရောက်မည့် သမ္မတ ဘားရက်အိုဘားမားထံသို့ ရောက်ရှိခဲ့သည်။ သမ္မတဘားရက်အိုဘားမားသည် အမေရိကန်နှင့် တရုတ်အကြား တောင်တရုတ်ပင်လယ်အရေးနှင့် ဆိုက်ဘာတိုက်ခိုက်ခံရမှုဆိုင်ရာ တင်းမာမှုများ ပိုမိုမြင့်တက်လာနေချိန်တွင် ၎င်း၏ဆွေးနွေးဘက် သမ္မတရှီကျင့်ဖျင်နှင့်စနေနေ့တွင် တွေ့ဆုံရန် အစီအစဉ်ချခဲ့သည်။ မစ္စဖန်ဂီလီစ်သည် တက္ကဆက်၌ နေထိုင်သူ လုပ်ငန်းရှင်အမျိုးသမီးဖြစ်ပြီး တောင်ပိုင်း ကျူဟိုင်မြို့မှ မကာအူသို့ ခရီးသွားရန် ထွက်ခွာစဉ် ဖမ်းဆီးထိန်းသိမ်းခြင်းခံလိုက်ရသည်။ ခင်ပွန်းဖြစ်သူ မစ္စတာဂီလီစ်က ၎င်း၏ ဇနီးသည်မှာ ၁၉၉၆ ခုနှစ်က ထောက်လှမ်းရေး သူလျှိုအဖြစ် တရုတ်သို့ ခရီးသွားရောက်ခဲ့သည်ဟု စွပ်စွဲဖမ်းဆီးခံလိုက်ရကြောင်း သို့သော် ၎င်း၏ နိုင်ငံကူးလက်မှတ်တွင် ထိုအချိန်က ခရီးစဉ်သွားရောက်ခဲ့သည့် အထောက်အထားမရှိကြောင်း ပြောဆိုခဲ့သည်။

(ဘီဘီစီ)

# ဂါဘွန်သမ္မတ ဘွန်ဂို ပြန်လည်ရွေးကောက်တင်မြှောက်ခံရ ဆန္ဒပြဆန့်ကျင်မှုများဖြစ်ပွား

**ဝါရှင်တန် စက်တင်ဘာ ၁**

ဂါဘွန်၌သမ္မတ အလီဘွန်ဂိုသည် အဓိကယှဉ်ပြိုင်ဘက်ဖြစ်သည့် ဂျင်ပင်းကို အနိုင်ရရှိပြီး သမ္မတအဖြစ်ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ၎င်းကို ဆန့်ကျင်သည့် အတိုက်အခံအုပ်စုများ ဒေါသအကြီးအကျယ်ထွက်ခဲ့ကာ ဗုဒ္ဓဟူးနေ့က ဆန္ဒပြသူများနှင့် ရဲများအကြား ပဋိပက္ခဖြစ်ပွားခဲ့ပြီး လွှတ်တော်အဆောက်အအုံကို မီးရှို့ခဲ့ကြသည်။

အာဖရိကအလယ်ပိုင်း ရေနံထုတ်လုပ်သူများပါဝင်သည့် အတိုက်အခံအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့သည် ဘွန်ဂိုမိသားစုက ရာစုနှစ်တစ်ဝက်ကြာ အာဏာရယူခဲ့ပြီးသည့် နောက်တွင် နောက်ထပ်ခုနစ်နှစ်ကြာအာဏာစွဲကိုင်ထားရန် ချဲ့ထွင်လာမည့် စနေနေ့ကထုတ်ပြန်သည့် မဲရလဒ်ကြေညာမှုအပေါ် ငြင်းဆန်ကန့်ကွက်ခဲ့သည်။

ဂါဘွန်ရွေးကောက်ပွဲသည် ခါးသီးသည့် ဆူပူလှုပ်ရှားမှုတစ်ရပ်ကို ပေါ်ပေါက်လာစေခဲ့သည်။ ရွေးကောက်ပွဲတွင် ပင်းကမဲရလဒ် ၄၈ ဒသမ ၂၃ မဲရရှိပြီး ဘွန်ဂိုက ၄၉ ဒသမ ၈၀ မဲဖြင့် အနိုင်ရရှိ ကြောင်း ဒေသတွင်းမဲရလဒ်ကြေညာမှုများအရ ပြည်ထဲရေးဝန်ကြီး ပါကမ်းမူဘဲဘက်ဗိုဘီယာက ပြောကြားခဲ့သည်။

မဲရလဒ်များကို နိုင်ငံပိုင်ရုပ်မြင် သံကြားဌာနများမှ ကြေညာပြီး မကြာမီ အချိန်အတွင်းမှာပင် အိမ်နီးချင်းမြို့တော် လစ်ဘရီဘီလီးတွင် အတိုက်အခံအုပ်စုဝင် ၁၀၀ ကျော်တို့က ဆန္ဒပြဆန့်ကျင်မှုများ ပြုလုပ်ခဲ့ကြပြီး ရဲများက လူအုပ်အတွင်းသို့ မျက်ရည်ယိုဗုံးများပစ်၍ ဖြိုခွင်းခဲ့ကြရကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့ သည်။

(ရိုက်တာ)



# ပုဂံရှေးဟောင်းစေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန် ကျပ်သန်း ၁၀၀ ပေးအပ်လှူဒါန်း



ပြည်ထောင်စုဝန်ကြီးက အလှူရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁**

ဩဂုတ် ၂၄ ရက်က မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ယူနန်ပြည်နယ် ရွှေလီမြူနီစီပယ် အုပ်ချုပ်ရေးဌာနမှ အလှူငွေ မြန်မာငွေကျပ်သန်း ၁၀၀ ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) လောကနတ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် သံရုံးဝန်ထမ်းများ၊ ယူနန်ပြည်နယ် ရွှေလီမြူနီစီပယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ပုဂံဒေသရှိ ဘုရားပုထိုးများ ပြုပြင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးအပ်မည့် နည်းပညာနှင့် အတတ်ပညာပိုင်းဆိုင်ရာများ၊ အလှူငွေနှင့် အထောက်အကူပစ္စည်းပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပုဂံဒေသစေတီပုထိုး၊ အဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ခြင်းမှာ မိမိတို့လူသားများ၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ယခု ကျပ်သန်း ၁၀၀ လှူဒါန်းသည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုဌာနမှ ကျွမ်းကျင်သည့် ပညာရှင်အဖွဲ့များစေလွှတ်လေ့လာစေပြီး စက်ယန္တရားပစ္စည်းများကိုပါ ပေးပို့ကူညီ၍ ပုဂံဒေသရှိပျက်စီးသွားသည့် စေတီပုထိုးများကို မူလအနေအထားရောက်သည်အထိ ပြန်လည်ပြုပြင် မွမ်းမံပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပုဂံငလျင်ပျက်စီးမှုကြောင့် နိုင်ငံတကာက လှူဒါန်းမှုများတွင် တရုတ်နိုင်ငံ၏ လှူဒါန်းမှုသည် ပထမဦးဆုံးဖြစ်ပါကြောင်း၊ ပုဂံဒေသ ယဉ်ကျေးမှုအမွေအနှစ်များပျက်စီးသွားမှုအပေါ် အာဆီယံနိုင်ငံများနှင့် ဥရောပသမဂ္ဂနိုင်ငံများကပါ အကူအညီများပေးရန် နေ့စဉ်ကမ်းလှမ်းလျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ဘုရားကျောင်း ပြုပြင်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နည်းပညာဖြင့် ဆောင်ရွက်မှုအတတ်ပညာကို အဆင့်မီကောင်းမွန်သည်ဟု ယူနက်စကိုမှ ထောက်ခံပြောကြားထားသည်ကိုလည်း သိရှိထားပါကြောင်းနှင့် ပုဂံဒေသရှိ ပြုပြင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြန်လည် ပြောကြားသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် ပုဂံဒေသရှိ စေတီ၊ ပုထိုးများ၊ သာသနိက အဆောက်အအုံများ ပြုပြင်နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက မြန်မာငွေကျပ်သန်း ၂၀ နှင့် ယူနန်ပြည်နယ် ရွှေလီမြူနီစီပယ်အုပ်ချုပ်ရေးဌာနမှ မြန်မာငွေကျပ် သန်း ၈၀ စုစုပေါင်း မြန်မာငွေကျပ်သန်း ၁၀၀ လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐ *ကျော့ဖုံးမှ*

UWSA ကိစ္စနှင့် ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ဒီကနေ့ဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဖြစ်စဉ်အစအဆုံး သတင်းပို့ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ပြောတာက ဒါကိုဖြစ်စဉ်အမှန်အတိုင်း ရှင်းပြပေးပါ။ ဖြစ်တတ်တဲ့အရာတွေပါ။ နည်းပညာလွဲမှားမှုတွေတော့ရှိတတ်ပါတယ်။ အဲ့ဒီအတွက်နဲ့တော့ သွားနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို မထိခိုက်အောင် ဆောင်ရွက်သွားဖို့ပြောပါတယ်။ အလားတူမျိုး မိုင်းလားလည်းဖြစ်ပါတယ်"ဟု ပြောသည်။

UWSA သည် နည်းပညာပိုင်းတွင် ချွတ်ယွင်းချက်ရှိသည်ကို တန်းတူရည်တူ ဆက်ဆံမှုမရှိဆိုသည့် ခံစားချက်ကြောင့် တရားဝင်ဖိတ်ကြားခြင်းဖြစ်သော်လည်း လေ့လာသူအဖြစ်နှင့်သာ ထားသည်ဆိုသည့်နားလည်မှုလွဲမှားသည့် အချက်ကြောင့် ပြန်သွားခြင်းဖြစ်ကြောင်း သိရသည်။

"သူတို့ကို ကျွန်တော်တို့ တရားဝင်ဖိတ်တာပါ။ ကျွန်တော်တို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအားလုံးအားကစားရွာမှာ တည်းဖို့သဘောတူထားပါတယ်။ သူတို့အဖွဲ့က အားကစားရွာမှာမတည်းဘဲ ဟိုတယ်မှာတည်းတော့ ဝင်ခွင့် လည်ဆွဲတွေကို ဝန်ထမ်းတွေက ဘယ်မှာပေးရမလဲ မသိဖြစ်နေတယ်။ မနက်ပိုင်း သူတို့လာတော့ ဒီမှာရှိတဲ့ သူတွေက ညနေအစားထိုးလဲပေးပါမယ်ဆိုပြီး လေ့လာသူကတ်တွေ ယာယီထုတ်ပေးပါတယ်။ ဝန်ထမ်းတွေက ဘယ်သူက ဘာလည်ဆွဲ ဆွဲတယ်ဆိုတာသာ ကြည့်ပြီးတော့ ဆောင်ရွက်တော့ "ဝ" ညီနောင်တွေက ခွဲခြားဆက်ဆံခြင်း ဆိုတဲ့ခံစားချက်မျိုးထားပြီး ပြန်သွားတာပါ။ ကျွန်တော်တို့ ကျင်းပရေးကော်မတီက သိတဲ့အခါ အတတ်နိုင်ဆုံးလိုက်ပြီး ဆောင်ရွက်ပါတယ်။ နိုင်ငံရေးအရ၊ လူမျိုးရေးအရ၊ အဖွဲ့အစည်းအရခွဲခြားခြင်း လုံးဝမရှိပါဘူး။ စေတနာ့ဝန်ထမ်းတွေ ဆောင်ရွက်တာ နည်းပညာကြောင့်သာ ဖြစ်ပါတယ်။ မိုင်းလားအဖွဲ့ကိုလည်း ညနေမှာ လည်ဆွဲတွေ သွားရောက်ပေးခဲ့ပါတယ်" ဟု ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောသည်။

"ဝ"အဖွဲ့မှ တင်သွင်းလာသည့် မူနှင့် မူဝါဒဆိုင်ရာစာအုပ်အား လက်ခံရရှိထားပြီးဖြစ်ပြီး ညီလာခံနှင့်သက်ဆိုင်သည့် ကော်မတီကိုအပ်နှံပြီးပါက ညီလာခံသို့ ဆွေးနွေးတင်သွင်းလာသည့် အခြားစာတမ်းများကဲ့သို့ပင် မှတ်တမ်းထားရှိ၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝ"အဖွဲ့ UWSA ကို မေတ္တာရပ်ခံချင်တာက နောက်နောင် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ဖြစ်နိုင်ရင် တာဝန်ရှိတဲ့ အဆုံးအဖြတ်ပေးနိုင်တဲ့ အနည်းဆုံး ဗဟိုကော်မတီအဆင့်လောက် လွှတ်ပေးရင် ဆက်ဆံတဲ့နေရာမှာ ပိုပြီးချောမွေ့လွယ်ကူမယ်လို့ ကျွန်တော်တစ်ဦးတည်းအနေနဲ့ စဉ်းစားမိပါတယ်။ အဆုံးအဖြတ်ပေးနိုင်တဲ့ ခေါင်းဆောင်တွေသာဆို ဒီလိုကိစ္စမျိုး ချက်ချင်းဖြေရှင်းနိုင်မှာပါ။ လာတဲ့ခေါင်းဆောင်တွေက ဆက်ဆံရေးရုံးတာဝန်ခံ အဆင့်လောက်ဆိုတော့ အဝေးကနေရုံးချုပ်ကို သူတို့ပြန်လည် ဆက်သွယ်တဲ့အခါ အခက်အခဲရှိပါတယ်"ဟု ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းကပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့ အစည်းအဝေးတွင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းအသီးသီး၏ မူနှင့် မူဝါဒဆိုင်ရာများကို ဆက်လက်တင်သွင်းသွားမည်ဖြစ်သည်။

# ကံထူးရှင်ထွက်ပေါ်

**နေပြည်တော် စက်တင်ဘာ ၁**

အောင်ဘာလေ သိန်းဆုဌာနခွဲမှ (၃၃၂)ကြိမ်အဖြစ် ယနေ့ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း ၁၅၀၀**

ဒ-၉၇၃၈၀၅

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၁၀၀၀**

ဈ-၄၉၇၀၂၀ ၊ ဝ-၈၅၃၂၇၆

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၅၀၀ ဆုများ**

ယ-၁၄၃၉၂၄ ၊ မ-၄၁၃၈၅၉ ၊ ဌ-၄၉၃၅၈၆ ၊ င-၆၇၅၁၉၄ ၊ ဟ-၉၃၅၄၅၄

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၃၀၀ ဆုများ**

ဏ-၃၀၆၅၀၂၊ ကဆ-၆၄၉၂၂၄ ၊ ဆ-၄၀၁၂၁၆၊ ခ-၆၈၀၄၆၈ ၊ ကဃ-၆၄၁၇၂၂၊ သ-၇၂၆၅၇၁

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၂၀၀ ဆုများ**

စ-၁၅၄၅၀၆ ၊ ကင-၇၀၄၇၃၅ ၊ ဆ-၂၆၂၅၈၉၊ ကင-၇၂၆၈၉၂၊ ရ-၃၄၃၀၃၇၊ လ-၈၀၆၇၅၈ ၊ ကဂ-၄၉၁၀၅၅

**ဆုတစ်ဆုချင်း ကျပ်သိန်း ၁၀၀ ဆုမဲများ**

ကဆ-၁၅၂၈၂၈၊ ထ-၃၆၆၉၅၀၊ ကင-၄၈၈၂၆၅၊ ဒ-၈၃၂၄၇၈ ၊ ခ-၁၅၆၅၉၇၊ သ-၃၉၉၆၉၈ ၊ ရ-၅၂၁၈၉၄၊ ဃ-၈၅၈၂၉၁ ၊ ဋ-၁၅၇၄၉၅ ၊ ပ-၄၁၉၀၁၆ ၊ ရ-၅၆၄၃၅၅ ၊ ကင-၈၆၅၇၈၅ ၊ ကက-၂၉၂၂၇၈၊ ထ-၄၂၄၆၅၆၊ ယ-၇၄၂၃၁၁၊ ဝ-၃၀၄၃၈၃ ၊ ကခ-၄၅၆၅၉၈၊ ဆ-၇၉၇၆၈၇

# ၂၀၁၅-၂၀၁၆ အတွက် အာရှဒေသဆိုင်ရာနိုင်ငံအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဘဏ် ကမ္ဘောဇဘဏ်ရရှိ

**နေပြည်တော် စက်တင်ဘာ ၁**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Finance Asia အဖွဲ့အစည်းမှ ရွေးချယ်ချီးမြှင့်သည့်၂၀၁၅-၂၀၁၆ ခုနှစ်အတွက် အာရှဒေသဆိုင်ရာ နိုင်ငံအလိုက်စွမ်းဆောင်ရည်အကောင်းဆုံးဘဏ် Finance Asia: Country Awards for Achievement 2016 ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့တွင် စင်ကာပူနိုင်ငံ Four Season Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံအတွက် တစ်ခုတည်းသော အကောင်းဆုံးဘဏ်ဆုဖြစ်သည့် Country Awards for Achievement 2016, "Best Bank in Myanmar" ဆုကို ကမ္ဘောဇဘဏ်လီမိတက်မှရရှိခဲ့ပြီး ဆုကို ကမ္ဘောဇဘဏ်လီမိတက် လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်ဝင်းနှင့် ဒေါ်သီသီအေးတို့က လက်ခံယူကာ ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




**(အပေါ်ယာပုံ)**

ကမ္ဘောဇဘဏ်အား Best Bank in Myanmar ဆုကို ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က Finance Asia အဖွဲ့အစည်းသည် ဘဏ်လုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် ဩဇာကြီးမားသော လန်ဒန်အခြေစိုက်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာရှဒေသတစ်ဝန်းလုံးတွင်ရှိသော ဘဏ်လုပ်ငန်းအပါအဝင် ငွေကြေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်များ၊ တိုးတက်မှုများကို နှစ်စဉ်အကဲဖြတ်စောင့်ကြည့်ကာ ဒေသတွင်းရှိနိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက် အကောင်းဆုံးဆုများ ရွေးချယ်ပေးအပ်သည့် အဖွဲ့အစည်းဖြစ်ကြောင်း ကမ္ဘောဇဘဏ်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာကဏ္ဍ၌ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ခြင်း၊ ဘဏ်အပ်ငွေ ဈေးကွက်ဝေစုအများဆုံးရရှိထားပြီး စီးပွားရေးလုပ်ငန်းရှင်များအတွက် ချေးငွေအများဆုံးပံ့ပိုးပေးနိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကိုအလျင်မြန်ဆုံး တိုးတက်စေရန် အထောက်အကူပြုနိုင်ခဲ့ခြင်း ဘဏ်ခွဲအရေအတွက် အများဆုံးဖွင့်လှစ်နိုင်ပြီး ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှု၊ ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်ခြင်းနှင့် ဘဏ်လုပ်ငန်းအောင်မြင်မှုရလဒ်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာခြင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုကဏ္ဍများတွင် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ လုပ်ငန်းများတိုးချဲ့တီထွင်နိုင်ပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတော်အခွန်ဘဏ္ဍာအတွက် နှစ်စဉ်ဝင်ငွေခွန် အများဆုံးထမ်းဆောင်နိုင်ပြီး၊ လူမှုအကျိုးပြုလုပ်ငန်းများတွင် အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခြင်း စသည်တို့ကြောင့် ယခုလို ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း၊ ကမ္ဘောဇဘဏ်သည် ၂၀၁၃ မှ ၂၀၁၅ ခုနှစ်များအတွင်းတွင် နိုင်ငံတကာမှ ချီးမြှင့်သော ဘဏ်လုပ်ငန်းဆိုင်ရာအကောင်းဆုံးစွမ်းဆောင်ရည်ဆုများစွာကို ရရှိထားပြီး ယခု ၂၀၁၆ ခုနှစ် ဇူလိုင်လကလည်း အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Euromoney အဖွဲ့အစည်းကချီးမြှင့်သည့် ၂၀၁၆ ခုနှစ်အတွက် Best Bank in Myanmar ဆုကို တတိယအကြိမ်မြောက် သုံးနှစ်ဆက်ရရှိခဲ့ပြီးဖြစ်ကြောင်း ရှင်းပြသည်။ ကမ္ဘောဇဘဏ်နှင့် အလားတူ နိုင်ငံအလိုက် Best bank ဆုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ICBC Bank, အိန္ဒိယနိုင်ငံမှ ICICI Bank, တောင်ကိုရီးယားနိုင်ငံမှ BUSAN Bank, မလေးရှားနိုင်ငံမှ CIMB Bank, စင်ကာပူနိုင်ငံမှ DBS Bank, ထိုင်းနိုင်ငံမှ Kasikorn Bank တို့လည်း ရရှိကြသည်။

Finance Asia အဖွဲ့အစည်းသည် ဒေသတွင်းနိုင်ငံများတွင် ဘဏ္ဍာရေးကဏ္ဍ၌ ဦးဆောင်နေသည့် အဖွဲ့အစည်းများမှ ပညာရှင်ပုဂ္ဂိုလ်များအား ဖိတ်ခေါ်၍ ဘဏ္ဍာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးအရင်းအနှီး၊ ဈေးကွက်မြှင့်တင်မှုဆိုင်ရာဆွေးနွေးပွဲများ၊ ညီလာခံများကို အလှည့်ကျ ကျင်းပပေးလျက်ရှိပြီး ဘဏ်လုပ်ငန်းများခေတ်မီတိုးတက်စေရန်နှင့် ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်း ဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁ -** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၂၃ ရက်မှ ၃၀ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၆ | ကလောင်စုံ | POT(paw oo thet 1936-1993) | ၈၀၀၀ိ/- | ကျော်မွှေးစာပေ |
| ၃၇ | ကလောင်စုံ | ပင်လုံဦးဖေခင် အမှတ်တရစာစုများ | ၁၅၀၀ိ/- | ခေတ်သစ်စာပေ (မဟာဗန္ဓုလ) |
| ၃၈ | ဇာတိ၊ လင်းနီညို | ရေတွင်းပျက်ထဲကရေ | ၃၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၃၉ | ဒေါက်တာမောင်မောင်သိမ်း | မြို့ပြဆိုင်ရာ အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာ | ၂၀၀၀ိ/- | wisdom house |
| ၄၀ | ဉပဒေသုတေသီခင်ဝင်းမြင့် | မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်နည်းဉပဒေ | ၁၅၀၀ိ/- | ရှုတိုင်းယဉ်စာပေ |
| ၄၁ | မောင်ဝင်းနိုင်(ငါ့သရောက်) | မိကျောင်းချီးမွမ်းသော မျောက် အမှတ်(၃) | ၅၀ိ/- | ရင်ငြိမ်းစာပေ |
| ၄၂ | မောင်ဝင်းနိုင်(ငါ့သရောက်) | ကလေးပညာရှိမဟာဩသဓ (မဟော်သဓာ) | ၅၀ိ/- | ရင်ငြိမ်းစာပေ |
| ၄၃ | ကိုတာ | ခေါင်းဆောင်ခြင်းစိတ်သဘောထားပြောင်းလဲအောင်လုပ်ခြင်း | ၁၅၀၀ိ/- | မုံရွေးစာပေတိုက် |
| ၄၄ | တင်မောင်မောင် (အနွယ်တော်) | အိမ်ရှေ့စံ ကနောင်မင်းသား၏သားတော် လင်းပင်မင်းသား | ၄၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၄၅ | မြတ်ငြိမ်း | သူဌေးဖေဖေရဲ့ကိုယ့်ဘဝကိုယ့်စိတ်ကြိုက်ပုံဖော်ရေး | ၃၅၀၀ိ/- | ကိုနေမန်းစာပေ |
| ၄၆ | ရဲဘော်မျိုးထွင် (ကိုကိုးကျွန်းပြန်) | ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်လိုကြည်ညိုကြမှာလဲ | ၁၅၀၀ိ/- | ပဋ္ဌာန်းစာပေ |
| ၄၇ | Nan Hlaing | TERRACOTTA VOTIVETABLETS OF THATON | ၅၀၀၀ိ/- | ဦးဆောက်ပန်းစာပေ |
| ၄၈ | မင်းသစ်လွင်-မြန်မာပြန် | မော်လူစွမ်းကောင်း မာလင်မင်းသားအာသာနှင့် နတ်မြင်းဖြူ ဇာတ်လမ်းအကျဉ်းချုပ် | ၄၀၀၀ိ/- | လမ်းပြကြယ်စာပေ |
| ၄၉ | မောင်ဆန်းကြယ် | ရင်ခုန်သံမျှော်လင့်ချက် ဒေါ်အောင်ဆန်းစုကြည်အင်တာဗျူး | ၄၀၀၀ိ/- | လွင်ဦးစာပေ |
| ၅၀ | ကိုကိုထွေး(တော်ဝင်) | အပြောကောင်းမှ အထောင်းသက်သာမယ် | ၃၀၀၀ိ/- | GPG စာပေ |
| ၅၁ | တင့်ဇော်-မြန်မာပြန် | ဆန်းစသော်တာမှ ဝံပုလွေများ | ၂၅၀၀ိ/- | လင်းလွန်းစာပေ |
| ၅၂ | ဆရာသဲ(သရောဒယနှင့် နက္ခတ္တဗေဒပညာရှင်) | အသိတိခေတ်ယတြာကျမ်း | ၃၅၀၀ိ/- | ပြည်ပပျော်ရွှင်စာပေ |
| ၅၃ | မြသန်းတင့် | ပီတာဆို၏ ပဋ္ဌလက်မီးအိမ် | ၂၀၀၀ိ/- | မဟာစာပေ |
| ၅၄ | ဟိန်း(ဘူမိ) | ကင်ဆာရောဂါများအတွက် အစွမ်းထက်သော သဘာဝစားစရာများနှင့် မုန်လာဉနီ၏အစွမ်း | ၁၀၀၀ိ/- | မဇ္ဈိမစာပေ |
| ၅၅ | ဒေါက်တာခင်မောင်ညို | ပညာလိုသံမှိုနှက် သလိုပ | ၂၅၀၀ိ/- | ဂလိုဘယ်အလင်း |
| ၅၆ | မောင်ပေါ်ထွန်း | မျိုးဆက်သွေး | ၅၀၀၀ိ/- | ဘဝတက္ကသိုလ် |
| ၅၇ | မိုးဇက်ပိုင် | လူ့အခွင့်အရေးရဲ့လမ်းပြကြယ်နယ်လ်ဆင်မင်ဒဲလား | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၅၈ | သောင်းဝေဦး | မြန်မာနိုင်ငံထောက်လှမ်းရေးများအကြောင်း | ၄၀၀၀ိ/- | မြရတနာ |
| ၅၉ | ဦးမြင့်ဆွေ(ကိုရဲစိုက်ပျိုးရေး) | စိုက်ပျိုးရေးရာ သိမှတ်စရာအမေးအဖြေများ | ၃၅၀၀ိ/ | -Synergy |
| ၆၀ | သူရိန်ဝင်း | အကျဉ်းစခန်းအမှတ်-၁၄ မှ လွတ်မြောက်ခြင်း | ၃၅၀၀ိ/- | |
| ၆၁ | ဘန္ဒတ္တကောသလ | အဘအောင်မင်းခေါင်ကွင်းဆက်များ | ၃၅၀၀ိ/- | မဇ္ဈိမ |
| ၆၂ | ရွှေဉဒေါင်း | စုံထောက်မောင်စံရှား ဝတ္ထုတို(၅) | ၂၀၀၀ိ/- | စာပေလောက |
| ၆၃ | နေဇင်လတ် | ရာဇဗျူဟာ၊ အဂ္ဂဗျူဟာ၊ မဟာဗျူဟာတို့၏ ဆုံမှတ် | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၆၄ | တီချယ်လှိုင် | ဒစ္စနေပုံပြင်များ | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၆၅ | ဂျွန် | စေ့စပ်ညှိနှိုင်းဆွေးနွေးရေးကလေးထံမှနည်းယူပါ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၆၆ | ရန်ကင်းမောင်မြတ်နိုး | မြန်မာ့ရင်မှဂျပန်သွေး | ၂၀၀၀ိ/- | ရန်အောင်စာပေ |
| ၆၇ | ကိုနော်(ပုဂံ) | ပုဂံအရိပ်၊ ပုဂံအတိတ်၊ ပုဂံနှလုံးသား | ၆၀၀၀ိ/- | လင်းလွန်းခင် |
| ၆၈ | တီချယ်လှိုင် | ဆော်လမွန်ဘုရင်ကြီး၏ စိန်တွင်းများ | ၁၈၀၀ိ/- | စိတ်ကူးချိုချို |

## ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရ ဒေါက်တာတင့်လွင်၏ "ပုခန်းမြေမှ ဗိသုကာနှင့်အနုပညာလက်ရာများ "စာအုပ်ကို ဖြန့်ချိရောင်း ချလျက်ရှိသည်။

အဆိုပါစာအုပ်သည် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပုခန်းဒေသတွင် မြန်မာဘိုးဘွားတို့ ချန်ထားရစ်ခဲ့သော သမိုင်းယဉ်ကျေးမှုအမွေ အနှစ် အနုပညာဗိသုကာလက်ရာများ အကြောင်းကို သမိုင်းအမြင်၊ အနုပညာအမြင်ဖြင့် သုတေသနပြုရေးသားထားသည့် စာအုပ် ဖြစ်သည်။ စာရေးသူကိုယ်တိုင် လက်တွေ့ကွင်းဆင်းလေ့လာ၍ ဗုဒ္ဓဆင်းတုတော်၊ ကျောက်စာ၊ မြို့ရိုး၊ စေတီပုထိုးနှင့် နံရံပန်းချီတို့၏ ဓာတ်ပုံ၊ ရုပ်ပုံများဖြင့် ခိုင်မာစွာ ရေးဖွဲ့ထားသည်။

ရောင်းဈေး ၁၂၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း -၀၆၇ -၄၁၄၆၈၁၊ ၈၆ လမ်း ၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကဒေါ်နီနီဝင်း၊ ဉက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင် များသည် ရောဝတီတိုင်းဒေသကြီး ပုသိမ် မြို့ ဟင်္သာတမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဉက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဉက္ကဋ္ဌ များနှင့်တွေ့ဆုံကာ ရေဘေးသင့်ဒေသ များအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဝိုင်းဝန်း ဆွေးနွေးခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန နှင့်အတူ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့က ပါဝင်ဆောင်ရွက်မည့် ရေဘေးသင့် ကယ်ဆယ်ရေးစခန်းများနှင့် ရေဘေး သင့်ကျေးရွာများသို့ စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးမှုများ၊ နောက်ဆက်တွဲပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင် ရွက်မည်ဖြစ်၍ သက်ဆိုင်ရာဒေသရှိ အမျိုးသမီးရေးရာအဖွဲ့များက ပူးပေါင်း ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် က ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင် ရွက်နိုင်ရန် အလှူငွေများပေးအပ်ရာ ရောဝတီတိုင်းဒေသကြီး အမျိုးသမီး ရေးရာအဖွဲ့သို့ ငွေကျပ်သိန်း ၁၀၀ နှင့် ပဲခူး တိုင်းဒေသကြီး ပြည်ခရိုင် အမျိုးသမီး ရေးရာအဖွဲ့သို့ ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ပေးအပ် လှူဒါန်းခဲ့ပြီး လိုအပ်သောထောက်ပံ့ ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရ သည်။ **(သတင်းစဉ်)**

## စာပေမြင့်မှ လူမျိုးတင့်မည်

### ဖခင်အမည်မှန်
မြင်းခြံမြို့၊ ပျော်ဘွယ်စံပြကျေးရွာ၊ အထကကျောင်းခွဲ အဋ္ဌမတန်း(A)မှ မောင်မျိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်း ၉/မခန(နိုင်)၁၆၈၁၇၆ ဖြစ်ပါကြောင်း။
**ဦးကျော်မင်း**

### မိဘအမည်မှန်
နွားထိုးကြီးမြို့နယ်၊ ရွာကြီးကျေးရွာ၊ အထက(ခွဲ)ဒသမတန်းတွင်ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးသူ ကျောင်းဝင်အမှတ် (က/၀၁၃၄)၏ မိဘအမည်မှန်မှာ ဦးခင်မောင်ဝေ+ဒေါ်စန်းကြည် ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဝေ+ဒေါ်စန်းကြည်**

### မိခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ ပဲချက်ကျေးရွာအုပ်စု၊ မြဲတောင်ကျေးရွာ၊ ပဲချက်(အထက) သတ္တမတန်းတွင် ပညာသင်ကြားနေသော မယွန်းနုဒီမောင်၏ မိဘအမည်မှန်မှာ ဦးရဲမောင်+ဒေါ်ရွှေနိုင် ဖြစ်ပါကြောင်း။
**ဦးရဲမောင်+ဒေါ်ရွှေနိုင်**

### ဖခင်အမည်မှန်
မြင်းခြံမြို့၊ ပျော်ဘွယ်စံပြကျေးရွာ၊ အထကကျောင်းခွဲ အဋ္ဌမတန်း(A)မှ မောင်စိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးစံဝင်း ၉/မခန(နိုင်)၀၃၆၃၇၇ ဖြစ်ပါကြောင်း။
**ဦးစံဝင်း**

### မိခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ အထက(ခွဲ) ကခေါင်း၊ အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်ဝေဖြိုးနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်မာညိမ်းဖြစ်ပါကြောင်း။
**ဒေါ်မာညိမ်း**
**၉/နထက(နိုင်)၀၀၆၃၇၉**

### ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက(၄) အဋ္ဌမတန်း(C)မှ မရွှင်းလဲ့ဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းမောင် ၉/မခန(နိုင်)၀၂၈၀၀၆၂ နှင့် MGN ၂၁၂၃၁၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက(၁) ဒသမတန်း (C)မှ မသင်းသင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆွေ ၉/မခန(နိုင်)၁၇၄၁၉၆ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဆွေ**

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ရန်ပိုင်စိုး ၁၃/တကန(နိုင်)၂၈၆၅၀၆နိုင်ငံကူးလက်မှတ်(MB-114285)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၂၅၇၃၉၂**

### ဖခင်အမည်မှန်
ရွှေညောင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း (F)မှ မောင်မျိုးမင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၅/မရန(နိုင်)၁၃၇၆၈၀ ဖြစ်ပါကြောင်း။
**ဦးနိုင်ဝင်း**

### ဖခင်အမည်မှန်
မြင်းခြံမြို့၊ အထက(၁) ဒသမတန်း (F)မှ မထက်ထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းဦး ၈/ရစက(နိုင်)၁၃၄၃၀၈ ဖြစ်ပါကြောင်း။ **ဦးဆန်းဝင်းဦး**

### ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် 1E/7435, Toyota LITEACE ယာဉ်လက်ဝယ်ရှိသူ နန်းဇင်မင်းထွေး ၁၃/တကန(နိုင်)၁၈၉၆၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (တောင်ကြီး)**

### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း
မြစ်ကြီးနားမြို့နေ
ဒုဗိုလ်မှူးကြီးမျိုးဆွေ (ငြိမ်း)- ဒေါ်နန်းစိန်အေးတို့၏သားကြီး
**ဗိုလ်မှူးသန့်ဇော်လင်း**
ဆားမော်မြို့နှင့် မန္တလေးမြို့နေ
ဗိုလ်ကြီးမောင်စန်း(ငြိမ်း)-ဒေါ်သက်ထားနုတို့၏
တစ်ဦးတည်းသောသမီး
**ဒေါက်တာခိုင်မာစန်း** (ရတနာပုံတက္ကသိုလ်)
တို့အား ၃၁-၈-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ဒုဗိုလ်မှူးကြီးတင်ထွန်း (ငြိမ်း)၊ ဒုဗိုလ်မှူးကြီးစိုးသိန်း (ငြိမ်း)၊ ဗိုလ်ကြီးတင်ဝင်း(ငြိမ်း)တို့၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်မှူးသန့်ဇော်လင်း - ဒေါက်တာခိုင်မာစန်း**

### ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ ဝါတွင်းလစဉ် (၇) ရက် တရားစခန်းပွဲ
ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ၌ ဒေါက်တာ ကိတ္တိသာရ (ချောင်းဦးဆရာတော်) မှ ဝါတွင်းကာလ လစဉ် (၇)ရက်တရားစခန်းကို ၁၁-၉-၂၀၁၆ရက်မှ ၁၇-၉-၂၀၁၆ရက်အထိ၊ ၁၁-၁၀-၂၀၁၆ရက်မှ ၁၇-၁၀-၂၀၁၆ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၃၀၀၉၄၉၆၉၊ ၀၉-၇၈၉၂၈၁၈၁၇၊ ၀၉-၄၂၀၁၁၀၈၂၆တို့သို့ စာရင်းပေးသွင်းနိုင်ပါသည်။
စနေ၊ တနင်္ဂနွေအားလပ်သူများ သောကြာလာ တနင်္ဂနွေပြန် အားထုတ်နိုင်ပြီး နေ့ယောဂီအဖြစ်လည်း အားထုတ်နိုင်ပါသည်။
အသက်အရွယ်ကြီးသူများ ဦးစားပေး၍
စခန်းဝင်ကြေးပေးသွင်းစရာမလိုပါ။

### ပျောက်ဆုံးကြောင်း
တောင်သူလယ်သမားများဖွံ့ဖြိုးရေးအများနှင့် သက်ဆိုင်သောဘဏ် လီမိတက် (Farmer Development Public Bank Limited)၏ ကုမ္ပဏီမှတ်ပုံကတ်ပြား အမှတ် (၄၄၀၁/၂၀၁၄- ၂၀၁၅)မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၁၈၀၉၃၁၇**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် EE/1875 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3F/7415 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7F/6134 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ထောက်ကြန့်နယ်မြေအတွင်း လေးလောင်းပြိုင်လူသတ်မှု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေအတွင်း ဩဂုတ် ၂၀ ရက်က လူလေးဦးရက်စက်စွာ အသတ်ခံရမှုနှင့်ပတ်သက်၍ သေဆုံးသူ ဒုတိယရဲအုပ်(ငြိမ်း) ဦးစိုးနောင်၏ဇနီး ဒေါ်ချယ်ရီပွင့်၏ လက်ကိုင်ဖုန်းဖြင့် ရိုက်ထားသည့် မသင်္ကာဖွယ်ရာ အမျိုးသားသုံးဦး၏ဓာတ်ပုံကို ရဲအဖွဲ့က ထုတ်ပြန်ထားသော်လည်း ယင်းဓာတ်ပုံနှင့်ပတ်သက်၍ မည်သူမည်ဝါဖြစ်နိုင်ကြောင်း သတင်းထုတ်ပြန်မှုကိုမရရှိသေးကြောင်း သိရသည်။

ထို့ကြောင့် ထုတ်ပြန်ခဲ့သော ထိုမသင်္ကာဖွယ်ရာ အမျိုးသားသုံးဦး၏ ဓာတ်ပုံနှင့်ပတ်သက်၍ ပြည်သူများ အနေဖြင့် သတင်းတစ်စုံတစ်ရာ အချက်အလက်များတွေ့ရှိပါက တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သတင်းများလက်ခံသည့် 199 Call Centre၊ ဖုန်း - ၁၉၉၊ ၀၁-၂၃၂၃၁၉၉ တို့သို့ ဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းကူညီပေးကြရန်နှင့် သတင်းပေးပို့သူ၏လုံခြုံရေးကို အထူးလျှို့ဝှက်ထားမည်ဖြစ်ကြောင်း ဩဂုတ် ၂၉ ရက်က ထုတ်ပြန်ထားသည်ကို တွေ့ရသည်။

ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်ကို အမှီပြု၍ ဩဂုတ် ၂၉ ရက်ညမှာပင် လူမှုကွန်ရက်စာမျက်နှာ၌ သတင်းများ တက်လာခဲ့သည်။ အမျိုးသားခုနစ်ဦး၏ ဓာတ်ပုံနှင့်တကွ မြဝတီနယ်စပ်၌ ယင်းလူသတ်မှုအားကျူးလွန်သူ မသင်္ကာဖွယ်တစ်ဦးကို ဖမ်းမိထားသည်ဆိုသည့် သတင်းများဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေက "လူမှုကွန်ရက်မှာတက်လာတဲ့ လူခုနစ်ဦးဆိုတာက လှိုင်သာယာမြို့နယ်က အမျိုးသားခုနစ်ဦးပါ။ သက်ဆိုင်ရာနယ်မြေရဲစခန်းမှာ ခြေချုပ်ခံဝန်ခံဥပဒေနဲ့ ရှိနေသူတွေဖြစ်တယ်။ ခံဝန်လက်မှတ်လာရောက် ရေးထိုးနေရတဲ့သူတွေဖြစ်တယ်။ နောက် မြဝတီနယ်စပ်မှာ သုံးဦးထဲက တစ်ဦးကိုမိတယ်ဆိုတာလည်း မမှန်ပါဘူး" ဟု ဆိုခဲ့သည်။

ထို့အပြင် "လူမှုကွန်ရက်မှာ ထွက်ပေါ်နေတဲ့သူတွေက ရဲအဖွဲ့မှာမှတ်တမ်းတွေ့ရှိပါတယ်။ ဒါဟာ လမ်းကြောင်းမှားအောင် အလိုက်လွဲအောင် တကယ့်တရားခံအစစ်တွေက ကိုယ်တိုင်တင်နေတာလည်း ဖြစ်နိုင်ပါတယ်။ အဲဒီလိုအမှားတွေတင်လိုက်တော့ မီဒီယာ၊ ပြည်သူလူထုနဲ့ ရဲအဖွဲ့အနေနဲ့ လမ်းကြောင်းလွဲသွားနိုင်တာပေါ့"ဟု ဩဂုတ် ၃၀ ရက်က မီဒီယာများနှင့် တွေ့ဆုံစဉ်က သုံးသပ်ပြောကြားမှု ရှိခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ အခင်းဖြစ်ပြီး နောက်တစ်ရက် ဩဂုတ် ၂၁ ရက်တွင် မသင်္ကာသူအမျိုးသားတစ်ဦးအား ရဲတပ်ဖွဲ့က ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း ထိုသူမှာ သေဆုံးသူများနှင့် ပတ်သက်မှုမရှိကြောင်း သိရသည်။

အဆိုပါ လေးလောင်းပြိုင်လူသတ်မှုမှာ ပြည်သူအများ စိတ်အဝင်စားဆုံး သတင်းတစ်ရပ်ဖြစ်နေခဲ့သည်။ အမြန်ဆုံးဖမ်းမိနိုင်ရေးအတွက်လည်း မျှော်လင့်စောင့်စားနေသော မှုခင်းတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အမှုမှန် ပေါ်ပေါက်ရေးအတွက် အပူတပြင်း ဆောင်ရွက်နေသော အမှုကြီးတစ်မှုဖြစ်ရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းအကူအညီပေးရန်နှင့် အမှုမှန်ဖော်ထုတ်ရမိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန် သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးတင်**

# ဘဏ်သို့ ငွေကျပ်တစ်သောင်းတန်အတုများ ငွေလွှဲအပ်ပြုလုပ်သူအား ဖမ်းဆီးစစ်ဆေးနေ



**မင်းဘူး စက်တင်ဘာ ၁**

မင်းဘူးမြို့၌ စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ဘဏ်သို့ ငွေကျပ်တစ်သောင်းတန်အတု လာရောက်လွှဲအပ်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက မင်းဘူးမြို့ အမှတ် (၄) ရပ်ကွက်ရှိ ကမ္ဘောဇဘဏ် ဘဏ်မန်နေဂျာ ဦးကျော်ခိုင်က လူတစ်ဦး ငွေစက္ကူအတုဟုယူဆရသော ငွေကျပ်တစ်သောင်းတန် အရွက် ၄၀ အား ငွေလွှဲအပ်မှုပြုလုပ်နေကြောင်း ဖုန်းဖြင့် အကြောင်းကြားချက်အရ မင်းဘူးမြို့မရဲစခန်းမှူး ရဲအုပ်ခိုင်လင်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မိုးကျော်ဟိန်းတို့ ပါဝင်သောတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ နီဝင်း(ခ)ဖိုးနီ (၃၃ နှစ်) ရေပုတ်ကျေးရွာ မင်းဘူးမြို့နယ်နေသူအားတွေ့ရှိခဲ့ပြီး သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ငွေစက္ကူအတုဟုယူဆရသော ငွေကျပ်တစ်သောင်းတန် ၅၉ ရွက်နှင့်အတူ မောင်နီဝင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသိမ်းဆည်း ရမိခဲ့မှုနှင့် ပတ်သက်၍ ငွေစက္ကူအတုဟုယူဆရသော ငွေကျပ်တစ်သောင်းတန် ၅၉ ရွက်အား ငွေလွှဲအပ်ရန်ပြုလုပ်သူ နီဝင်း(ခ)ဖိုးနီအား အရေးယူပေးရန် ရဲအုပ်မိုးကျော်ဟိန်းက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# အမြန်လမ်းမကြီးတွင် သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များအား ယနေ့မှစ၍ ဖမ်းဆီးအရေးယူ




**နေပြည်တော် စက်တင်ဘာ ၁**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို ပညာပေးကာလကျော်လွန်၍ ယနေ့မှစ၍ ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

သတ်မှတ်အမြန်နှုန်းထက် ပိုမိုအရှိန်ပြင်းမောင်းနှင်သော မော်တော်ယာဉ်များကို ယနေ့နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း အရှိန်နှုန်းတိုင်းတာစက်များအသုံးပြု၍ စစ်ဆေးခြင်းကို ၂၀၁ မိုင်တွင် လည်းကောင်း၊ နေပြည်တော်တိုးဂိတ် (စီလမ်းဆုံ)တွင် အမြန်လမ်းရဲတပ်ဖွဲ့ ရဲမှူးရန်နောင်ဝင်းဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များသည်လည်းကောင်း သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ၃၇ စီးအား ဖမ်းဆီးစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် မော်တော်ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

ထိုသို့ တရားစွဲတင်ပို့ရာ၌ အရှိန်နှုန်းလွန်ယာဉ် ၁၃ စီးအား နေချင်းပြီး တရားစွဲတင် ဒဏ်ငွေချမှတ်အရေးယူခဲ့ပြီး ကျန်ယာဉ် ၂၄ စီးအား ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ ယာဉ်မောင်းများကိုယ်တိုင် ဒဏ်ကြေးပေးဆောင်စေခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။ **သန်းဦး (လေးမျက်နှာ)**

# ရန်ကုန်-မန္တလေးကားလမ်းဖြတ်ကူးသူ ကုန်တင်ယာဉ်တိုက်၍သေဆုံး

**တောင်ငူ စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာတောင်ဘက် ၆ မိုင်ခန့်အကွာ ငါးဖယ်အင်းကျေးရွာအုပ်စု ကြံတောကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၂ နာရီခွဲက ကားလမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး ၁၂ ဘီး ကုန်တင်ယာဉ်တိုက်မိ၍ သေဆုံးသွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုသတင်းအရ ကျွန်းကုန်းနယ်မြေရဲစခန်း စခန်းမှူးရဲအုပ်တင်လင်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် (၁၇၉/၃ - ၄ )ကြား၌ ကားလမ်းအတိုင်း မြောက်မှတောင်သို့ ထွန်းပိုင် (၂၂ နှစ်) စမ်းကြီးရပ်ကွက် မော်လမြိုင်မြို့နေသူ မောင်းနှင်လာသော 1M/----- ဟီးနိုး ၁၂ ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက် ကားလမ်းအနောက်မှ အရှေ့ဘက်သို့ ရုတ်တရက်လမ်းဖြတ်ကူးသူ ဇော်ထိုက် (၃၃ နှစ်) ငါးဖယ်အင်းအုပ်စု အင်းတဲကျေးရွာနေသူအား တိုက်မိခဲ့ရာ ရရှိသောဒဏ်ရာများဖြင့် နေရာတွင်သေဆုံးသွားခဲ့ပြီး ကျွန်းကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ(၁၀) ဇီဇဝါလမ်း အိမ်အမှတ်(မ/၂၂)နေ ပြည့်ဖြိုးအောင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇော်မျိုးထွန်း အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ဖမ်းဆီးရမိသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့အထွက်၊ ၄ မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဟိုပုံးမှ တောင်ကြီးဘက်သို့ မောင်မောင်သာအိုး မောင်းနှင်ပြီး မင်းခန့် လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**


## ဖခင်အမည်မှန်

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမက(မူလွန်) စစ်ကိုင်းဒေါင့် စတုတ္ထတန်းမှ မောင်ကျော်ဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်အောင်မိုး ၁၄/ကကန(နိုင်)၀၁၀၃၈၁ ဖြစ်ပါကြောင်း။ **ဦးကျော်အောင်မိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ(၅)၊ ဇီးဇံလမ်း၊ အိမ်အမှတ် ၂၃၄နေ တက္ကသိုလ်ဝင်တန်းအောင် စိုင်းအောင်မြတ်၏ ဖခင်အမည်မှာ ဦးစိုင်းဆာအေး(ခ)ဦးစံအေးမှာ တစ်ဦးတည်းဖြစ်ပါသည်။

## အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ပေါင်) တက္ကသိုလ်ဝင်တန်း (D)မှ မနှင်းလဲ့လဲ့ခိုင်၏ အမည်မှန်မှာ မနှင်းနှင်းဝေ ဖြစ်ပါသည်။ **မနှင်းနှင်းဝေ**

## မွေးသက္ကရာဇ်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ မံထုံအုပ်စု၊ ခရမ်းဆိပ်ကျေးရွာနေ ဦးထွန်းလင်း၏သမီး မသီသီဦး ၅/ဗမန(နိုင်)၀၇၂၉၅၈၏ မွေးသက္ကရာဇ်မှန်မှာ ၂၈-၃-၁၉၉၉ ဖြစ်ပါကြောင်း။ **မသီသီဦး**

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(H)မှ မောင်ခန့်ထက်ကို၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၈/ရစက(နိုင်) ၀၅၆၇၈၄ ဖြစ်ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၂-၉-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂-၁၀-၂၀၁၆ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၈၁၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးခင်မောင်လင်း ၁၂/သဃက(နိုင်)၀၂၀၉၅၈ နှင့် ဒေါ်မြင့်မြင့်ချို ၁၂/သဃက(နိုင်)၀၂၂၆၂၃ တို့၏သားဖြစ်သူ မောင်ကောင်းမြတ်လင်း ၁၂/သဃက(နိုင်)၁၇၈၇၆၆သည် မိဘများ၏ ဆိုဆုံးမမှုကိုနားမထောင်ဘဲ မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင် - ဦးခင်မောင်လင်း
မိခင် - ဒေါ်မြင့်မြင့်ချို

## သားအဖြစ်မှစွန့်လွှတ်ခြင်း

မင်းဘူး(စကု)မြို့ ဇေယျာသီရိရပ်ကွက်နေ မောင်ဇော်ဇော်ထွန်းသည် ဖခင်ကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူမည်မဟုတ်ပါ။ **ဖခင်-ဦးတင်မောင်ထွန်း (စကုမြို့)**

MBU-၁၁၇၀၄၇

## ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အောက်ဖော်ပြပါ အမှိုက်သိမ်းယာဉ် (၁)စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Forland YN-490QB(48kw) | (၁)စီး |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ၈-၉-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ အင်ဂျင်နီယာဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၁၅-၉-၂၀၁၆ရက် ၁၅:၃၀နာရီဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၅၃-၅၅၀၁၀**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်ရေးစခန်း(ထီးခီး) တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ မြေတ္တာမြို့ရှိ ကုန်သွယ်ရေးစခန်း(ထီးခီး)၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း (၂)မျိုးအား တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ဝန်ထမ်းအိပ်ဆောင် (၉၀'×၃၀'×၁၂')၊ RC (၁)ထပ် အဆောက်အအုံတစ်လုံး တည်ဆောက်ခြင်း

(ခ) မြေထိန်းနံရံ (၂၀၀'×၁၈') တည်ဆောက်ခြင်း

**တင်ဒါရောင်းချမည့်နေ့ရက်** - ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့)
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၅-၉-၂၀၁၆ရက် (ကြာသပတေးနေ့)
**တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန၊ ထားဝယ်မြို့။
**တင်ဒါရောင်းချရမည့်နေရာ** - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၀၅၆

တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ(ODA Loan)ဖြင့် ဆောင်ရွက်မည့် မြို့(၅)မြို့တို့တွင် တိုးချဲ့မြို့ ရေရရှိရေးလုပ်ငန်းတို့အတွက် လိုအပ်သောပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ပါသည်-

(က) ဘားအံမြို့၊ မုံရွာမြို့၊ မကွေးမြို့၊ စစ်တွေမြို့
Lot-2(Pump Procurement and Installion Work)

(ခ) ဘားအံမြို့၊ မုံရွာမြို့၊ ထားဝယ်မြို့၊ မကွေးမြို့၊ စစ်တွေမြို့
Lot-3 (Power Supply Work)

၂။ ဘားအံမြို့၊ မုံရွာမြို့၊ မကွေးမြို့၊ စစ်တွေမြို့ ရေရရှိရေးလုပ်ငန်း Lot-2 (Pump Procurement and Installion Work) ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၂၇-၉-၂၀၁၆ ရက် ၉:၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၂၇-၉-၂၀၁၆ရက် ၁၀:၀၀နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ဘားအံမြို့၊ မုံရွာမြို့၊ ထားဝယ်မြို့၊ မကွေးမြို့၊ စစ်တွေမြို့ ရေရရှိရေးလုပ်ငန်း Lot-3 (Power Supply Work) ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို ၂၈-၉-၂၀၁၆ ရက် ၉:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၂၈-၉-၂၀၁၆ ရက် ၁၀:၀၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် ၁၄၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅ တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ မက်သစ်ရပ်ကွက်တွင် **ရတနာ**အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရေးကို စားသောက်ကုန်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့ (FDA) ထောက်ခံချက်အမှတ် ၀၆၂၀၅/ထလဖြင့် ဆောင်ရွက်လျက်ရှိရာ FDAသက်သေခံလက်မှတ်ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။ **ဦးစောနေထွန်းအေး(တာဝန်ခံ) ၁၀/သဖရ(နိုင်)၀၉၃၈၈**

## "လက်တွဲညီညီ ရွှေသို့ချီ" ကရင်တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအက ပါဝင်ယှဉ်ပြိုင်နိုင်

**နေပြည်တော် စက်တင်ဘာ ၁**

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲကျင်းပရေးကော်မတီက ထပ်မံထည့်သွင်းကျင်းပမည့် အကဘာသာရပ်၌ "လက်တွဲညီညီ ရွှေသို့ချီ" ကရင်တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအကကို အမျိုးသားရှစ်ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၁၆ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## Air KBZ လေကြောင်းလိုင်းမှ ထပ်မံဝယ်ယူသော လေယာဉ်သစ်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်စရာ နေရာများပေါများပြီး နှစ်စဉ်တိုးတက်လျက်ရှိလာရောက်လည်ပတ်လျက်ရှိရာ ကမ္ဘာလှည့်ခရီးသွားများအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ပြည့်စုံနေစေရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

Air KBZ လေကြောင်းလိုင်းမှာလည်း ပြည်တွင်း၊ ပြည်ပလေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းနိုင်ရန် စီစဉ်လျက်ရှိပြီး ထပ်မံဝယ်ယူထားသည့် ATR 72-600 လေယာဉ်အမှတ် XY -AMF(MSN 1333)သည် ပြင်သစ်နိုင်ငံမှတစ်ဆင့် Ferry Flight ဖြင့် စက်တင်ဘာ ၁ ရက် နံနက် ၀၀ း ၄၅ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်လာသည်။

Air KBZ လေကြောင်းလိုင်းတွင် ယခု ATR 72- 600 လေယာဉ်ငါးစင်း၊ ATR 72- 500 လေယာဉ်သုံးစင်းစုစုပေါင်း ရှစ်စင်းဖြင့် ပြည်တွင်းခရီးစဉ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အခြေပြု၍ နေပြည်တော်၊ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုး၊ လားရှိုး၊ တာချီလိတ်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ သံတွဲ၊ စစ်တွေ၊ မြစ်ကြီးနားနှင့် ကလေးမြို့များသို့ နေ့စဉ်အချိန်မှန် ပျံသန်းလျက်ရှိသည်။ ထို့ပြင် နိုဝင်ဘာ၂ ရက်မှ စတင်ကာ ပြည်ပခရီးစဉ်အဖြစ် ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်ကိုလည်း တစ်ပတ်လျှင်သုံးရက် တိုးချဲ့ပျံသန်းရန် စီစဉ်နေကြောင်း သိရသည်။

**သတင်း -ဖိုးသော်ဇင်၊ ဓာတ်ပုံ -Air KBZ**

## တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် ဒဂုံမြို့သစ်မြောက်ပိုင်း အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းတွင် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကျင်းပပြီးနောက် ပဏာမလက်ရွေးစင် သေနတ်ပစ်အားကစားသမားများ အားဖြည့်ရွေးချယ်နိုင်ရန် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း တံခွန်စိုက်သေနတ်ပစ်ပြိုင်ပွဲကို ၁၀ မီတာ လေပစ္စတို၊ လေရိုင်ဖယ်ပစ်ခတ်စဉ်များဖြင့် အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်အထိ တစ်ဆက်တည်းကျင်းပမည်ဖြစ်ပြီး ဝန်ကြီးဌာနပေါင်းစုံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တက္ကသိုလ်၊ ကောလိပ်များ၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၊ အားကစားနှင့် ကာယပညာသိပ္ပံများ၊ သေနတ်ပစ်ကလပ်အသင်းများ၊ တပ်မတော်သေနတ်ပစ်ကော်မတီတို့မှ သေနတ်ပစ်အားကစားသမားများနှင့် သေနတ်ပစ်အားကစားသမား မည်သူမဆိုဝင်ရောက်အရွေးချယ်ခံနိုင်ပြီး စက်တင်ဘာ ၂၀ ရက်နောက်ဆုံးထား စာရင်းပေးသွင်းနိုင်၍ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် ဖုန်း-၀၁-၈၀၁၁၀၇၅၊ ၀၉-၄၉၂၉၄၅၄၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

မကြာမီက အမျိုးသားစာကြည့်တိုက်ကို ရန်ကုန်မြို့တွင်း အချက်အချာကျသည့် နေရာသို့ပြောင်းရွှေ့ရန် အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ပြီး ယခုအခါပြောင်းရွှေ့မည့် အဆောက်အအုံအား တိုင်းတာခြင်း၊ ပုံဆွဲခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်သွားမည်ဖြစ်ရာ တစ်နှစ်အတွင်း လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

(မိုး/ဇလ)

## (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း လေ့ကျင့်

**ရန်ကုန် စက်တင်ဘာ ၁**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပရန် တစ်နှစ်နီးပါးလိုသေးသော်လည်း မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် ချန်ပီယံနှစ်ကြိမ်ရရှိဖူးသော်လည်း ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခြင်း မရှိသေးပေ။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၇ ခုနှစ်အတွင်း ဆီးဂိမ်းပြိုင်ပွဲအပါအဝင် ၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲအတွက်ပါ ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဩဂုတ် ၂၉ ရက်မှစ၍ လေ့ကျင့်လျက်ရှိသော်လည်း တစ်ပတ်လျှင် သုံးရက်သာလေ့ကျင့်နေပြီး နည်းပြချုပ် ရော်ဂျာရိုင်နာ ရောက်အပြီး စက်တင်ဘာ ၁၂ ရက်မှ နေ့စဉ်လေ့ကျင့်သွားမည်ဖြစ်သည်။ နယ်သာလန်အမျိုးသမီးလက်ရွေးစင်အသင်း နည်းပြဟောင်း ရော်ဂျာရိုင်နာသည် မြန်မာအမျိုးသမီးအသင်းကို ဖေဖော်ဝါရီလမှ စတင်ကိုင်တွယ်ခဲ့ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် အောင်မြင်မှုမရရှိခဲ့ဘဲ တတိယသာရရှိခဲ့သော်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သက်တမ်းတိုးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ရော်ဂျာရိုင်နာသည် စက်တင်ဘာလဒုတိယပတ်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲနှင့် အာရှဖလားခြေစစ်ပွဲအတွက် အချိန်ယူပြင်ဆင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို ပဏာမကစားသမား ၂၇ ဦးဖြင့် ဖွဲ့စည်းထားပြီး ယူ-၁၉ အမျိုးသမီးအသင်းသို့ သုံးဦးပြန်ပေးထားရသောကြောင့် ၂၄ ဦးဖြင့်သာ စတင်လေ့ကျင့်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်ထိ မန္တလေးမြို့၌ ကျင်းပခဲ့သည့် အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း တတိယလုပွဲတွင် ဩစတြေးလျ ယူ -၂၀ အသင်းကို အနိုင်ကစားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခြင်းမရှိသေးသော်လည်း ၁၉၉၇ ပြိုင်ပွဲ၊ ၂၀၀၃ ပြိုင်ပွဲ၊ ၂၀၀၅ ပြိုင်ပွဲတို့တွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၀၇၊ ၂၀၀၉၊ ၂၀၁၃ ပြိုင်ပွဲတို့တွင် မြန်မာအမျိုးသမီးအသင်းမှာ ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းမရှိဘဲ တတိယနေရာသာ ရယူနိုင်ခဲ့သည်။ **ညီမြတ်သော်တာ**



မြန်မာအမျိုးသမီးအသင်းအား ၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်စဉ်က တွေ့ရစဉ်
ဓာတ်ပုံ - ဖိုးသော်ဇင်


### ဖခင်အမည်မှန်

အထက အုတ်ဖို၊ နဝမတန်း(F)မှ မယုယုဆွေ၏ ဖခင်အမည်မှန်မှာ ဦးဟန်ညိမ်း ၇/အဖန(နိုင်)၀၂၅၃၂၁ ဖြစ်ပါသည်။

ဦးဟန်ညိမ်း

ODYSSEY
ပြည်တွင်း၊ ပြည်ပလေယာဉ်လက်မှတ် အိမ်အရောက်ပို့ဝန်ဆောင်မှု
01-246334,246339,240545
အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်

Dhama Sky Company Limited ပြည်ပခရီးလှည့်လည်ရေးလိုင်စင် (ပခ-၀၂၈၆)
သစ္စာမိုး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၈) ရက် - သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန (၈.၈) သိန်း
(၁၂) ရက် - သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန (၉) သိန်း
(၁၅) ရက် - သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန(၁၀.၅)သိန်း
တပ်ချ်မဟာ၊ ဒေလီ (Hotel 2 Night) (၁၈) ဦး (၁) ဦး အခမဲ့
သီရိလင်္ကာနိုင်ငံ (ဗုဒ္ဓမြတ်စွယ်တော်ဖူး)
(Hotel-အိပ်/စား) ၆ ည/၇ ရက် - USD 1250
အမှတ်(၄)၊ ဒုတိယထပ်(ဝဲ)၊ ဘယသုခ္ခိဖြတ်လမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
09 43157439, 09 96 5009943, 09 777075919

TSI သစ္စာဦး အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
ရန်ကုန် — မုံရွာ — ရေဦး — တန့်ဆည် ရန်ကုန် — တောင်ကြီး



ယာဉ်ထွက်ချိန်များ
ရန်ကုန် ⇌ မုံရွာ ⇌ ရေဦး ⇌ တန့်ဆည် ညနေ ၆ း ၀၀ နာရီ
တန့်ဆည် ⇌ ရေဦး ⇌ မုံရွာ ⇌ ရန်ကုန် ညနေ ၂ း ၀၀ နာရီ
ရေဦး ⇌ မုံရွာ ⇌ ရန်ကုန် ညနေ ၃ း ၀၀ နာရီ
မုံရွာ ⇌ ရန်ကုန် ညနေ ၆ း ၀၀ နာရီ
ရန်ကုန် ⇌ တောင်ကြီး ညနေ ၅ း ၀၀ နာရီ
ရန်ကုန်-တောင်ကြီး ခရီးစဉ်အပြင် (၃.၉.၂၀၁၆)ရက်နေ့တွင် ရန်ကုန်-မုံရွာ-ရေဦး-တန့်ဆည် ခရီးစဉ်၊ (၄.၉.၂၀၁၆)ရက်နေ့တွင် တန့်ဆည်-ရေဦး-မုံရွာ-ရန်ကုန် ခရီးစဉ်တို့ကို စတင်တိုးချဲ့ပြေးဆွဲမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ရန်ကုန်မှစတင်ပြေးဆွဲမည်(၂)ရက်နှင့် တန့်ဆည်မှစတင်ပြေးဆွဲမည်(၂)ရက်တို့တွင် ခရီးသည်များအား ညစာဖြင့် ဧည့်ခံကျွေးမွေးပါမည်။

### Labour Asia Services Co., Ltd

- လိုင်စင်အမှတ် ၅/၂၀၁၅ ထိုင်းလိုင်စင်အမှတ် ၄၉/၂၀၁၂
- ထိုင်းနိုင်ငံရှိ လုပ်ငန်းအမျိုးမျိုးတွင် တရားဝင်အလုပ်လုပ်ကိုင်ရန်အတွက် နေ့စားအထွေထွေလုပ်သားများ အလုပ်လျှောက်ထားနိုင်ပါသည်။
- အောက်ဖော်ပြပါလုပ်ငန်းအတွက် အမျိုးသား၊ အမျိုးသမီးလုပ်သားများ အမြန်အလိုရှိနေပါသည်-

| စဉ် | ကုမ္ပဏီအမည် | လုပ်ငန်းအမျိုးအစား | တည်နေရာ | လိုအပ်သောဦးရေ | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| ၁။ | Baital Turbine Co.,Ltd | ဆောက်လုပ်ရေးလုပ်ငန်း | Pathumthani | ၈၀ | ၂၀ |

* အခြေခံလစာ - တစ်ရက် ၃၀၀ ဘတ် * စာချုပ်သက်တမ်း - (၂)နှစ်
* အလုပ်ချိန် - တစ်ရက် ၈ နာရီ * အသက် - ၁၈ မှ ၃၈ နှစ်
* အချိန်ပိုကြေး - တစ်နာရီ ၅၆ ဘတ် * ပညာအရည်အချင်း - (၅)တန်းအထက်
* မြန်မာနိုင်ငံအလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့် စည်းကမ်းများအတိုင်း စေလွှတ်ပေးပါသည်။
* ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေအတိုင်း ပြည့်ဝစွာအကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။
* အလုပ်လုပ်ခွင့်လက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာ၊ စက်ရုံအလုပ်ရုံတည်နေရာ၊ အလုပ်လုပ်ခ၊ ခံစားခွင့်များ မှန်ကန်တိကျမှုရှိစေရန်နှင့် အလုပ်သမားများ ထိုင်းနိုင်ငံဥပဒေနှင့်အညီ ခံစားခွင့်များ ပြည့်ဝစွာရရှိခံစားနိုင်ရန် ထိုင်းအလုပ်ရှင်နှင့် စနစ်တကျစာချုပ်ချုပ်ဆို၍ စေလွှတ်ပေးပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကာယကံရှင်ကိုယ်တိုင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ- အမှတ် R-1(D)၊ ပန်းခရေလမ်းသွယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၁-၆၃၅၇၆၄၊ ၀၉-၇၃၁၈၀၄၂၉၊ Email-labourasiaservices@gmail.com

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသင်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
စက်တင်ဘာ (၃/၇/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

### ဝန်ထမ်းအလိုရှိသည်

- အမျိုးသား(သို့)အမျိုးသမီး (၁) ဦး
- တိုင်းရင်းဆေးပညာဘွဲ့(သို့)တိုင်းရင်းဆေးပညာဒီပလိုမာရရှိထားသူဖြစ်ရမည်။
- "စံ"တိုင်းရင်းဆေးအထူးကုဆေးခန်းနှင့် ဆေးဝါးထုတ်လုပ်ရေး
- အကွက် ၅၀၂၊ ၈၄ လမ်း၊ ကျွန်းလုံးဥသျှောင်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၀၄၄၄၆၂

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မိုင်နီတာထွေး၏ဖခင်အမည်မှန်မှာ ဦးရှောလု ဖြစ်ပါကြောင်း။

ဦးရှောလု

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မခင်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ၈/မသန(နိုင်)၀၁၈၆၃၀ ဖြစ်ပါကြောင်း။

ဦးအေးလွင်

# ပြည်ထောင်စုအတွင်း စစ်မက်ဖက်ပြိုင်မှုများ အပြီးအပိုင်ချုပ်ငြိမ်းအောင် ငြိမ်းချမ်းရေးဆွေးနွေးဖက်များအကြား နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်

နေပြည်တော် စက်တင်ဘာ ၁

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၂) (MICC-2)တွင် ကျင်းပသည်။**

**ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ ပြောကြားခဲ့သည့် ကြိုဆိုနှုတ်ခွန်းဆက်စကားများကို ဆက်လက်ဖော်ပြလိုက်ပါသည်။**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံသို့ တက်ရောက်လာကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။**

**လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

ကျွန်တော်တို့နိုင်ငံဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြတဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ စည်းလုံးညီညွတ်မှုနဲ့ ဆန္ဒတူညီမှုတို့အပေါ် အခြေခံပြီး စုပေါင်းဖွဲ့စည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖြစ်ပါတယ်။ ပြည်ထောင်စုနိုင်ငံတော်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားများရဲ့တန်းတူရည်တူ အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ အခြေခံမူလအခွင့်အရေးများကို လေးစားခြင်း၊ ပြည်ထောင်စုသားအချင်းချင်း သဟဇာတဖြစ်ရေးတို့ကို ရှေးရှုခြင်း၊ ချစ်ကြည်ရင်းနှီးခြင်းတို့ဖြင့် ပြည်ထောင်စုကြီးရဲ့ ငြိမ်းချမ်းရေးအောင်ပန်းကို ဆင်မြန်းနိုင်မည်ဟု ခံယူချက်၊ ယုံကြည်ချက်ရှိတဲ့အတွက် လွန်ခဲ့တဲ့ ၂၈ နှစ်လောက်ကတည်းက ယခုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က **“ပင်လုံညီလာခံကြီးကဲ့သို့သော ပြည်ထောင်စုကြီး၏ အနာဂတ်ခရီးလမ်းညွှန်များကို ချမှတ်နိုင်မည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညီညွတ်မှုညီလာခံတစ်ရပ်ကို ခေါ်ယူကျင်းပမည်”**ဟု ကြေညာချက်အမှတ်(၉)ကို ထုတ်ပြန်၍ ရည်သန်ခဲ့ပါတယ်။

**တိုင်းရင်းသားများအရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က-**

- တိုင်းရင်းသားနယ်မြေအသီးသီးတွင် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်မည်၊
- ပြည်ထောင်စုဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ပွင့်လင်းမြင်သာသောစီမံချက်များ ချမှတ်ဆောင်ရွက်မည်၊
- သဘာဝအရင်းအမြစ်များ ထုတ်ယူရာမှ ရရှိလာသည့် အကျိုးအမြတ်များကို ဖက်ဒရယ်ပြည်ထောင်စုမူနှင့်အညီ ဒေသအလိုက်မျှတစွာခွဲဝေခံစားခွင့်ရရှိစေရမည်၊
- တိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေးများ ခံစားပြည့်ဝရေးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး သာယာဝပြောရေးတို့ သဟဇာတဖြစ်စေမည့်မှုကို လက်ကိုင်ကျင့်သုံး၍ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ထုတ်မည်၊



- တိုင်းရင်းသားများ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နိုင်ငံရေးညှိနှိုင်းဖြေရှင်းမှု လိုအပ်သည်ဟုယုံကြည်သည်၊
- ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၏ အရင်းအမြစ်များကိုဖယ်ရှားရန် အာဃာတကင်းစင်ပြီး ပင်လုံစိတ်ဓာတ်ကို အခြေခံသောနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ပြည်သူလူထုဘဝလုံခြုံအေးချမ်းစေမည်၊

စသည်ဖြင့် မူဝါဒများကို ယခင်ကတည်းက ချမှတ်ခဲ့ပါတယ်။

ယခုအခါ ယင်းရည်မှန်းချက်၊ ခံယူချက်၊ ယုံကြည်ချက်နဲ့ မူဝါဒများ အကောင်အထည်ဖော်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းကာ ပြည်ထောင်စုကြီးငြိမ်းချမ်းရေးကို အလေးထားပြီး ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျာ**

ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးဟာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးတို့နဲ့ ဆက်စပ်ပတ်သက်လျက်ရှိပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရှိရင် အထက်ပါအရေးတွေ ရရှိဖို့ဆိုတာ “ဝ” မရှိဘဲ “ဝိ” လုပ်သလိုဖြစ်နေမယ်လို့ ကျွန်တော်ထင်မြင်ယူဆမိပါတယ်။ နှစ်ကာလ ရှည်ကြာစွာဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ အသက်၊ ကိုယ်လက်အင်္ဂါတို့ စွန့်လွှတ်ကြရခြင်းဟာ နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်များ ဆုံးရှုံးကြရခြင်းပဲ ဖြစ်ပါတယ်။ အိုးအိမ်စည်းစိမ်ဥစ္စာတွေလည်း ပြိုကွဲပျက်စီးကြရပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေမှ စစ်ရေးအသုံးစရိတ်အများအပြား ကုန်ကျနေရခြင်းဟာ တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေအတွက် နှောင့်နှေးစေပါတယ်။

ဒါ့အပြင် ကျွန်တော်တို့တိုင်းပြည်မှာ ပြည်တွင်းငြိမ်းချမ်းရေးမရှိရင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ အရေးအရာတွေမှာ ထိန်းညှိနိုင်ခြင်းမရှိဘဲ ဟန်ချက်တွေ ပျက်ယွင်းစေပါတယ်။ စစ်ဘေး၊ စစ်ဒဏ်ကြောင့် စစ်ပြေး၊ စစ်ရှောင်ဒုက္ခသည်တွေမှာလည်း သူတို့ရဲ့ရှိစုမဲ့စု ပိုင်ဆိုင်မှုလေးတွေကို စွန့်ခွာခဲ့ကြရပါတယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှရသမျှအထောက်အပံ့လေးတွေနဲ့ ဘဝရှင်သန်ရေးအတွက် ရပ်တည်ကြရပါတယ်။ သူတို့ရဲ့ဘဝတွေ၊ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေ ပျောက်ကွယ်ကြရပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုရဲ့ ဘဝလုံခြုံမှုနဲ့ စိတ်လုံခြုံမှုတို့အတွက် ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အင်တိုက်အားတိုက်အစဉ်တစိုက် ထောက်ခံနေမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ကျွန်တော်တို့အားလုံးဟာမရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်နေထိုင်လျက်ရှိကြတဲ့ ပြည်ထောင်စုကြီးရဲ့မိသားစုဝင်များ ဖြစ်ကြပါတယ်။ လူသားများဖြစ်ကြသည့်အားလျော်စွာ မိသားစုဝင် ကျွန်တော်တို့အချင်းချင်းကြားမှာ အဆင်မပြေမှုတွေ၊ ကတောက်ကဆဖြစ်မှုတွေ၊ အယူအဆကွဲပြားမှုတွေ၊ အထင်အမြင်လွဲမှားမှုတွေရှိတတ်တာဟာ သဘာဝကျပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အားလုံး တစ်ဦးနှင့် တစ်ဦး၊ တစ်စုနှင့်တစ်စု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားကြီးခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်လှန်ယုံကြည်မှုရှိခြင်းတို့ဖြင့် ပူးပေါင်းဖြေရှင်းကြပါက အောင်မြင်မှာ ဖြစ်ပါတယ်။ မိသားစုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို ကျွန်တော်တို့တွေ ထာဝစဉ် မွေးမြူထိန်းသိမ်းကြလျက် စေ့စပ်ညှိနှိုင်းဆွေးနွေးကြပါက ငြိမ်းချမ်းရေးပန်းတိုင်ကို အရောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ခဲ့တဲ့ (၂၀) ရာစုပင်လုံက လွတ်လပ်ရေးရယူပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ထောင်ပေးခဲ့ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီးရဲ့ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ခေါင်းဆောင်တဲ့ (၂၁) ရာစုပင်လုံက ကာလရှည်ကြာနေတဲ့ ပြည်တွင်းစစ်ကြီးကို ချုပ်ငြိမ်းစေပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိကာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်ဖို့ ဦးတည်လျက်ရှိပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း အာသာဆန္ဒပြင်းပြစွာ မျှော်လင့်နေကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယမ်းခိုးယမ်းငွေ့ ယမ်းနံ့တွေအစား လူ့အခွင့်အရေးရနံ့တွေသင်းပျံ့စေချင်ကြပါတယ်။ တိုင်းရင်းသားများအချင်းချင်းအကြား လူမျိုးကြီး၊ လူမျိုးငယ် အစွဲအလမ်းမထားဘဲ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဒီမိုကရေစီအသီးအပွင့်တွေ ခံစားလိုကြပါတယ်။ ပြည်ထောင်စုအတွင်း ဆယ်စုနှစ်များစွာ အနိဋ္ဌာရုံတွေ ဖုံးခဲ့တဲ့ကာလကို နိဂုံးချုပ်ပြီး ဣဋ္ဌာရုံတွေ လွှမ်းတဲ့ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုကြီးကို ပုံဖော်ကြရန် အချိန်အခါကောင်းလို့လည်း ပြည်သူတွေ ယုံကြည်နေကြပါတယ်။ နယ်ပယ်အသီးသီး၌ ကျွန်တော်တို့ တိုင်းရင်းသားများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ကူညီရိုင်းပင်မှု၊ ဝိုင်းဝန်းပံ့ပိုးမှုတို့ဖြင့် ပြည်ထောင်စုကြီး တစ်ခုလုံးနှင့် ပြည်ထောင်စုကြီးရဲ့ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နိုင်မည်လို့လည်း မျှော်လင့်နေကြပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့ရဲ့ စည်းလုံးညီညွတ်မှုကို ယိမ်းယိုင်ပြိုကွဲစေပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံတွင် ဒုက္ခပင်လယ်ဝေစေလျက်ရှိတဲ့ ပြည်ထောင်စုအတွင်း စစ်မက်ဖက်ပြိုင်မှုများ အပြီးအပိုင်ချုပ်ငြိမ်းအောင်ငြိမ်းချမ်းရေး ဆွေးနွေးဖက်များအကြား နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အနာဂတ်မျိုးဆက်သစ်တို့အတွက် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် အတွေးသစ် အမြင်သစ်တို့ဖြင့် စေ့စပ်ညှိနှိုင်းဆွေးနွေးနိုင်ကြပါစေ၊ တိုင်းရင်းသားများအားလုံးလက်တွဲမဖြုတ်စတမ်း စည်းလုံးညီညွတ်လျက် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းရေးတို့အတွက် အောင်မြင်ပြီးစီးခြင်း၏ အခြေခံအကြောင်းတရားများဖြစ်တဲ့ ပြင်းထန်သောဆန္ဒ၊ မလျှော့သောဝီရိယ၊ ခိုင်ခံ့သော စိတ်ဓာတ်၊ အမှားအမှန်ခွဲခြားနိုင်သော ဉာဏ်ပညာတို့ဖြင့် စေတနာ၊ မေတ္တာရှေ့ထား၍ ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေလို့ အလေးအနက်ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်လာကြသော ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ယခုလို သမိုင်းတွင်မယ့်အခမ်းအနားကြီးမှာ ကရင်တိုင်းရင်းသားတစ်ဦးဖြစ်တဲ့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် အမှာစကားပြောကြားခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဖြစ်မြောက်လာအောင် အားကြိုးမာန်တက်ဆောင်ရွက်ပေးပါသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များကိုလည်း အထူးကျေးဇူးဥပကာရတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့တာ ကြာမြင့်ပြီဖြစ်ပေမယ့် ငြိမ်းချမ်းရေးမရရှိတာလည်း ကာလကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပတ်ဝန်းကျင်က နိုင်ငံအသီးသီးဟာ ဖွံ့ဖြိုးတိုးတက်နေပေမယ့် ကျွန်တော်တို့ နိုင်ငံဟာ ငြိမ်းချမ်းရေးမရရှိခဲ့လို့ ဖွံ့ဖြိုးတိုးတက်မှု မရှိခဲ့ဘဲ အရှေ့တောင်အာရှနိုင်ငံများထဲမှာ နောက်ဆုံးမှာ ဖြစ်နေရပါတယ်။ ငြိမ်းချမ်းရေးမရရှိတဲ့အတွက် စစ်ပွဲများဖြစ်ပွားပြီး စစ်ဘေးစစ်ဒဏ်ကို အထူးသဖြင့် ခံစားနေရတာကတော့ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ နေထိုင်နေတဲ့ ဒေသများဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရရှိတော့ ကိုယ့်ရဲ့ဒေသဖွံ့ဖြိုးတိုးတက်အောင် မလုပ်နိုင်ဘဲ စစ်ဘေးကိုရှောင်ရင်း မိမိတို့ရဲ့အိုးအိမ်၊ မိမိတို့ရဲ့ကျေးရွာများကို စွန့်ခွာထွက်ပြေးရပြီး ဒုက္ခမျိုးစုံ ခံစားနေရတာ အားလုံးအသိပဲဖြစ်ပါတယ်။ စစ်ဘေးစစ်ဒဏ်မခံစားရတဲ့ ကျွန်တော်တို့တွေအတွက်ကတော့ ကောင်းမွန်စွာ နေထိုင်စားသောက်နေရပြီး ကလေးသူငယ်များဆိုရင်လည်း ဝတ်ကောင်းစားလှနဲ့ ပညာသင်ကြားနေရပေမယ့် စစ်ဘေးစစ်ဒဏ်သင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများကတော့ ဒုက္ခမျိုးစုံခံစားနေရပြီး ကလေးသူငယ်များဟာလည်း မိဘများနဲ့အတူ ဒုက္ခမျိုးစုံကို ရင်ဆိုင်ခံစားနေကြရပါတယ်။ မီဒီယာစာမျက်နှာများမှာလည်း စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခရောက်နေကြရတဲ့ ကျွန်တော်တို့ရဲ့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ပုံရိပ်များ၊ ကလေးသူငယ်များရဲ့သနားစရာပုံရိပ်တွေကို တွေ့မြင်နေရလို့ များစွာစိတ်မချမ်းမသာ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း နိုင်ငံသူ နိုင်ငံသားအားလုံးက ငြိမ်းချမ်းရေးရရှိရေးကို မျှော်လင့်စောင့်စားနေကြပါတယ်။

အဲဒီလို နိုင်ငံသူနိုင်ငံသားအားလုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးဟာ အခုဆိုရင် လက်တစ်ကမ်း အကွာမှာရောက်ရှိလို့နေပြီ ဖြစ်ပါတယ်။ လက်တစ်ကမ်းအကွာမှာရောက်ရှိနေပြီဖြစ်တဲ့ နိုင်ငံသူ နိုင်ငံသား အားလုံးကလည်း လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံမှာ ပါဝင်ဆွေးနွေးကြမယ့်



*စာမျက်နှာ ၁၆ သို့*

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံးရဲ့ ကောင်းမွန်ပြည့်စုံတဲ့ အနာဂတ်ဖော်ဆောင်နိုင်ရေးအတွက် ဆွေးနွေးချမှတ်ကြမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံအခမ်းအနားကြီးမှာ ယခုလို နှုတ်ခွန်းဆက်စကားပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ အခမ်းအနားကို တက်ရောက်လာကြသူများအားလုံးနဲ့ ပြည်ထောင်စုသားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး "နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံလွတ်လပ်ရေးရရှိခဲ့တာဟာ ယခုဆိုရင် ၆၈ နှစ်ကျော်ခဲ့ပြီဖြစ်လို့ လူ့သက်တမ်းတစ်ခုနီးပါးတိုင်ရှိခဲ့ပြီ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီအချိန်ကာလနဲ့ ညီမျှတဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု မရရှိသေးတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အကြောင်းရင်းကို ဆန်းစစ်ကြည့်မယ်ဆိုရင်"ပြည်တွင်းငြိမ်းချမ်းရေး"တစ်နည်းအားဖြင့် တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ တည်ငြိမ်အေးချမ်းမှုမရှိသေးခြင်းဟာ အဓိကကျတဲ့ အကြောင်းအရာတစ်ရပ်ဖြစ်တယ်ဆိုတာ ငြင်းကွယ်လို့မရတဲ့ အရှိတရားပဲဖြစ်ပါတယ်။ ဒီအတွက်လည်း ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များက ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ချမှတ်ကျင့်သုံးခဲ့တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာများ ကွဲပြားခြားနားကြသော်လည်း "တစ်မျိုးသားလုံး ခိုင်မာတဲ့ စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေး"အတွက် အစဉ်တစိုက်ဦးတည်ကြိုးပမ်းလုပ်ဆောင်ခဲ့ကြ တာပဲဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပြီးပြည့်စုံတဲ့ စုစည်းညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို မတည်ဆောက်နိုင်သော်လည်း ခေတ်ကာလအလိုက် ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်မှု တည်ဆောက်ရေးကြိုးပမ်းမှု ရလဒ်မှတ်တိုင်များကိုတော့ အသီးသီးစိုက်ထူနိုင်ခဲ့ကြပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် **(NCA)** ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီး ကျင်းပနိုင်ခဲ့ခြင်းနဲ့ ဒီကနေ့အခမ်းအနားကြီး ကျင်းပပြုလုပ်နိုင်ခြင်းတို့ဟာလည်း လက်ရှိလျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီခေတ်ကာလ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့ ကြိုးစားအားထုတ်မှုများရဲ့အောင်မြင်မှုရလဒ်များပဲ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ယုံကြည်ချက်၊ ခံယူချက်နဲ့ သဘောထားအမြင်တွေ ဘယ်လောက်ပဲ ကွဲပြားခြားနားနေပါစေ "ငြိမ်းချမ်းရေးကို မဖြစ်မနေရယူလိုစိတ်" အပေါ် အရင်းခံပြီး ကျွန်တော်တို့ ခိုင်ခိုင်မာမာရပ်တည်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ စစ်ရဲ့အနိဋ္ဌာရုံတွေ၊ မငြိမ်းချမ်းမှုရဲ့ဆိုးကျိုးတွေကို ပင်ပန်းဆင်းရဲမှု၊ သွေး၊ ချွေး၊ အသက်ခန္ဓာပေးဆပ်မှုတွေ၊ ဘဝတွေနဲ့ရင်းပြီး တိုက်ရိုက်ခံစားရသူတွေဟာ ကျွန်တော်တို့ တပ်မတော်သားများနဲ့ တိုင်းရင်းသားလက်နက်ကိုင် ညီနောင်သားချင်းတွေပဲ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ လက်ထက်မှာ နိဋ္ဌိတံအဆုံးသတ်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကြီးကို ကျွန်တော်တို့အားလုံးရဲ့ စုစည်းညီညွတ်မှုစွမ်းအားနဲ့ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်လိမ့်မယ်လို့လည်း အလေးအနက် ယုံကြည်ပါတယ်။ ဒီအတွက်ကြောင့် တပ်မတော်အနေနဲ့ "ငြိမ်းချမ်းရေးကို မဖြစ်မနေရယူလိုစိတ်"အပေါ် အရင်းခံပြီး ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်နေကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

လက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာမှာလည်း တပ်မတော်အနေနဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ် အခြေခံပြီး နိုင်ငံရဲ့ပကတိလိုအပ်ချက်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ (၃) ရပ်အပေါ်မှာ ရပ်တည်ပြီး အဖွဲ့အစည်းမျိုးစုံနဲ့ လက်တွဲပူးပေါင်းပါဝင်လုပ်ဆောင်နေတာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ဒီလုပ်ငန်းရပ်များအောင်မြင်ဖို့ အစွမ်းကုန်ဆောင်ရွက်သွားပါမယ်။ ဖြစ်နိုင်သည်များအားလုံးလည်း ညှိနှိုင်းဆောင်ရွက်သွားပါမယ်။ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဟာဆိုရင်လည်း ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ အတိတ်သမိုင်းကြောင်းတစ်လျှောက်မှာ တွေ့ကြုံသိမြင်ခံစားခဲ့ရတာတွေကို လက်ရှိ အခြေအနေတွေနဲ့ယှဉ်ပြီး သုံးသပ်ဖော်ထုတ်ထားတာဖြစ်လို့ နှစ်ဖက်စလုံးက လိုက်နာလုပ်ဆောင်သင့်တဲ့ အခြေခံ အချက်အလက်များပဲဖြစ်ပါတယ်။ ဒီမူဝါဒတွေကို နှစ်ဦးနှစ်ဖက်ပူးပေါင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် စစ်မှန်ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေဖို့ အထောက်အကူပြုသည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုခိုင်မာအားကောင်းစေမှာပဲ ဖြစ်ပါတယ်။

ယခုကျင်းပပြုလုပ်တဲ့ ညီလာခံကြီး ဖြစ်မြောက်လာဖို့အတွက် လူပုဂ္ဂိုလ်မျိုးစုံ၊ အဖွဲ့အစည်းပေါင်းစုံတို့ဟာ အချိန်၊ လုပ်အား၊ ငွေကြေးများစွာသုံးစွဲပြီး တွေ့ဆုံညှိနှိုင်းမှု၊ ဆွေးနွေးမှုတွေကို ပြည်တွင်းမှာရော ပြည်ပမှာပါ ကြိမ်ဖန်များစွာ လုပ်ဆောင်ခဲ့ရတာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်အဖွဲ့ အစည်းအသီးသီးရဲ့ မတူကွဲပြားခြားနားတဲ့ ရပ်တည်ချက်များ၊ သဘောထားအမြင်များနဲ့ လိုလားချက်ဆန္ဒများစွာတို့ကို အကြိမ်ကြိမ်အခါခါ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာပြီးမှ လက်ရှိအခြေအနေကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အဖွဲ့အစည်းအသီးသီးမှာ သတ်မှတ်ထားတဲ့ ရည်မှန်းချက်၊ ချမှတ်ထားတဲ့မူဝါဒရပ်တည်ချက်တွေရှိကြမှာပဲ ဖြစ်ပါတယ်။

ဒါတွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရာမှာ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းမကျနိုင်တာတွေလည်းရှိပါလိမ့်မယ်။ အဲဒီအခါမှာ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကြောင်း၊ ရင်ဆိုင်ဖြေရှင်းခဲ့ရတဲ့ အတွေ့အကြုံများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ၊ ပြောင်းလဲနေတဲ့ ပထဝီနိုင်ငံရေးအခြေအနေများ၊ ဒေသတွင်းနဲ့ နိုင်ငံတကာရေးရာဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေအပေါ်မူတည်ပြီး ဖြစ်နိုင်တာ၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို မှန်မှန်ကန်ကန် သုံးသပ်လုပ်ဆောင်ကြဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ခိုင်မာစွာထူထောင်နိုင်ဖို့ ဒီမိုကရေစီယဉ်ကျေးမှုနဲ့ ကျင့်စဉ်များကို ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲပြီးကတည်းက အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့နိုင်ငံဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းဖို့အတွက် ၂၀၁၁ ခုနှစ်မှာ ကတည်းက ပြည်သူကရွေးချယ်တဲ့ အစိုးရထံကို စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ယခုဆိုရင် ပထမ (၅) နှစ်သက်တမ်းကို လွန်မြောက်လို့ ဒုတိယ (၅)နှစ် သက်တမ်းကိုဆက်လက်လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း လိုအပ်ချက်များကို နိုင်ငံရေးလမ်းကြောင်းအရ တစ်နည်းအားဖြင့် အစိုးရ၊ လွှတ်တော်လမ်းကြောင်းများကသာ ဒီမိုကရေစီနည်းလမ်းတကျ တောင်းဆိုရယူကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီရဲ့ အခြေခံမှုများဖြစ်တဲ့ လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်နဲ့ အသင်းအဖွဲ့များဖွဲ့စည်းခွင့် စတာတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေနိုင်ပြီဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီနည်းလမ်းတကျ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်တဲ့ အခြေအနေအချိန်အခါမျိုးမှာ လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်တာကို တောင်းဆိုတာမျိုး၊ လက်နက်ကိုင် လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာဖြင့် မိမိတို့ရဲ့ ဆန္ဒကိုသာ ဦးစားပေး ဖော်ဆောင်ဖန်တီးနေတာမျိုးတွေဟာ ဒီမိုကရေစီရဲ့ဆန့်ကျင်ဘက်ဖြစ်နေတယ်ဆိုတာကို အလေးအနက် သတိပြုရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ယခုအခါမှာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေပါတယ်။ ဒီလမ်းကြောင်းဟာ ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ ရွေးချယ်လျှောက်လှမ်းခြင်းဖြစ်ပြီး ဒီစနစ်ဟာ တည်တည်ငြိမ်ငြိမ်နဲ့ ခိုင်ခိုင်မာမာရှိဖို့လိုပါတယ်။ ဒီမိုကရေစီကျင့်သုံးတဲ့ ကမ္ဘာ့နိုင်ငံတချို့ရဲ့ဖြစ်ပေါ်မှုများအပေါ်မှာ သင်ခန်းစာရယူပြီး ကျွန်တော်တို့နိုင်ငံဟာ တည်ငြိမ်အေးချမ်းစွာနဲ့ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။

ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ စိုးရိမ်ပူပန်မှုကိုလည်း နားလည်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ဆန္ဒက တိုင်းရင်းသား ပြည်သူအားလုံးအတွက် ညီညွတ်မျှတတဲ့ လူမှုစီးပွားဘဝလုံခြုံရေးနဲ့ အာမခံချက်ရရှိရေးဟာ အဓိကဖြစ်ပါတယ်။ အေးချမ်းစွာနေထိုင်ပြီး ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိဘဝတိုးတက်ရန်ဖြစ်ပါတယ်။ ပြည်နယ်ကြီး/ငယ်၊ ဒေသကြီး/ငယ်၊ လူဦးရေများခြင်း/နည်းခြင်း၊ သယံဇာတများခြင်း/နည်းခြင်း၊ လူမှုစီးပွားကွာခြားခြင်းတို့အပေါ် အခြေခံမှု လုံးဝမပြုလုပ်ဘဲ တိုင်းရင်းသားအားလုံးညီညွတ်မျှတတဲ့ အကျိုးခံစားရဖို့ ဆောင်ရွက်ကြရပါမယ်။ ကွဲပြားခြားနားမှုမရှိ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အချိန်တော့ ပေးရပါလိမ့်မယ်။ မိမိတို့လိုလားချက်ကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာကြရပါမယ်။

ဒီနေ့ကျင်းပတဲ့ညီလာခံကြီးဟာ လပေါင်းများစွာ အချိန်ယူဆောင်ရွက်ခဲ့တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ၊ တွေ့ဆုံမှုတွေနဲ့ အကြိမ်ကြိမ် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခဲ့ခြင်းရဲ့ ရလဒ်တွေပဲဖြစ်ပါတယ်။ အခုအချိန်ကာလမှာ ကျွန်တော်တို့ရဲ့အားသာချက်ကတော့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာ ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုပေးနိုင်ခဲ့တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် **(NCA)** ရှိနေခြင်းဖြစ်ပါတယ်။ ဒီစာချုပ်မှာပါတဲ့ အချက်အလက်အများစုဟာ စာချုပ်ရေးဆွဲတဲ့ ကာလတစ်လျှောက် အတူတကွပါဝင်ခဲ့တဲ့ တိုင်းရင်းသားအဖွဲ့အစည်းများရဲ့ တောင်းဆိုချက်တွေကို အဓိကအခြေခံထားရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ယခုပြန်လည်ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံနဲ့ ဆက်လက် ကျင်းပမယ့် အစည်းအဝေးများမှာလည်း ဒီ **NCA** ကိုပဲ အခြေခံမှုအဖြစ် ဆက်လက်ထားရှိဆောင်ရွက်သွားဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ အကျိုးစီးပွားကို ထာဝစဉ်ရှေးရှုပြီး စိတ်စေတနာ ထက်ထက်သန်သန်နဲ့ အချိန်တိုအတွင်း အကောင်အထည်ဖော်ကြဖို့ အကြံပြုလိုပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ လိုအပ်တာထက်ပိုပြီးအချိန်ကြာလာရင် ဘေးပယောဂတွေ၊ ဝင်ရောက်စွက်ဖက်မှုတွေ၊ ကြိုးကိုင်ခြယ်လှယ်လိုတာတွေ ပိုမိုလာနိုင်ပြီး ရှိရင်းစွဲယုံကြည်မှုတည်ဆောက်ပြီးသားအရာများ ပျောက်ပျက်နိုင်ခြင်း၊ ပွတ်တိုက်မှုများ များပြားလာနိုင်ခြင်းတို့ကြောင့် ယခုလို အကြံပြုပြောကြားရခြင်းဖြစ်ပါတယ်။

ဒီညီလာခံခန်းမတွင်းမှာ ရောက်ရှိနေကြတဲ့ ကျွန်တော်တို့တစ်တွေရဲ့တာဝန်ဟာ အလွန်ကြီးမားလှပါတယ်။ ကျွန်တော်တို့အပေါ် တစ်နိုင်ငံလုံးရဲ့ မျှော်လင့်ချက်ဟာလည်း မြင့်မားလှပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာမှာ လူမျိုးစွဲ၊ ဒေသစွဲ၊ အယူဝါဒစွဲစတဲ့ အစွဲအလမ်းတွေ ကင်းရှင်းစွာနဲ့ အောင်မြင်ပြီးမြောက်သည်အထိ တာဝန်ယူဆောင်ရွက်ကြမည့်သူများအဖြစ် ပြည်သူတို့က အသိအမှတ်ပြုခံထားရသူတွေလည်း ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ဖို့ ကျွန်တော်တို့ဟာ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးကို ရရှိစေနိုင်မယ့်သဘောတူညီမှုတွေကို ဆွေးနွေးညှိနှိုင်းရရှိမယ်လို့ ယုံကြည်ပါတယ်။ တိုင်းပြည်ရဲ့ အင်အားဟာ ပြည်တွင်းမှာသာရှိပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားအားလုံးဟာ ညီရင်းအစ်ကိုများဖြစ်တဲ့အတွက် မတူကွဲပြားမှုတွေကို ပြည်ထောင်စုစိတ်ဓာတ်ပေါ်အခြေခံပြီး ညှိနှိုင်းအဖြေရှာ သွားရမှာဖြစ်ပါတယ်။ စိုးရိမ်မှုနဲ့ သံသယစိတ်တွေကို ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ဖယ်ရှားသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် အဓိကနှလုံးသွင်းကြရမယ့် အချက်နှစ်ချက်ကတော့ "တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး မဟာဗျူဟာကို မျက်ခြည်မပြတ်ကျင့်သုံးခြင်း" နဲ့ "ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိခြင်း" တို့ပဲဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

---

*စာမျက်နှာ ၁၅ မှ*

တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များအနေနဲ့ ရယူပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။ ငြိမ်းချမ်းရေးကိုရယူဖို့ ဆွေးနွေးကြရာမှာ စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခမျိုးစုံခံစားနေကြရတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ကလေးသူငယ်များဟာ ငါ့ရဲ့ဘိုးဘွားများဖြစ်ခဲ့ရင်၊ ငါ့ရဲ့မိခင်ဖခင်များ ဖြစ်ခဲ့ရင်၊ ငါ့ရဲ့ညီအစ်ကိုမောင်နှမများဖြစ်ခဲ့ရင်၊ ငါ့ရဲ့ သားသမီးမြေးမြစ်များဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးနဲ့ ပြည်သူလူထုကိုဦးစားပေးတဲ့ စိတ်ထားများမွေးမြူပြီး မိမိတို့ရဲ့ အတ္တမာန်မာနများကို ဖယ်ရှားကာ ငြိမ်းချမ်းရေးကို မရရအောင်ယူမယ်ဆိုတဲ့ ခိုင်မာတဲ့သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်ပေးကြဖို့ကိုလည်း မေတ္တာရပ်ခံလိုပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်များဟာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ညှိနှိုင်းတိုင်ပင်လို့ ပေါ်ပေါက်လာတဲ့ ပင်လုံစာချုပ်ကြောင့် ကျွန်တော်တို့ရဲ့နိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ အဲဒီ အစဉ်အလာကောင်းကို နမူနာယူပြီး ယခု(၂၁) ရာစုပင်လုံမှာ ငြိမ်းချမ်းရေးရရှိအောင် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆွေးနွေးတိုင်ပင်ညှိနှိုင်း ပေးကြပါလို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။ ငြိမ်းချမ်းရေးရရှိမှလည်း ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ထူထောင်နိုင်မှာဖြစ်ပါတယ်။

ယခုကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမျိုးဟာ နောင်မှာပေါ်ပေါက်လာဖို့ မလွယ်ကူတာကြောင့် ပေါ်ပေါက်လာတဲ့ အခုလိုအချိန်အခါကောင်းမှာ နိုင်ငံသူ နိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကို အရယူပေးရင်း မိမိတို့ရဲ့လှပတဲ့သမိုင်းကို ရေးထိုးပေးကြပါလို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှာ ပါဝင်ဆွေးနွေးကြမယ့် တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်းအသီးသီးမှ ဂုဏ်သရေရှိပုဂ္ဂိုလ်များကို မေတ္တာရပ်ခံပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား

လေးစားအပ်ပါသော နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ညီလာခံဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-Moon၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တစိုက်မတ်မတ်ဘက်ပေါင်းစုံကနေ အထောက်အကူပြုနေကြတဲ့ နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ အထူးဖိတ်ကြားခြင်းခံထားရတဲ့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တော်များနဲ့ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားညီအစ်ကို ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးများမှ ခေါင်းဆောင်များ၊ ဒီညီလာခံဖြစ်မြောက်ရေးအတွက် ပူးတွဲဆောင်ရွက်ခဲ့ကြတဲ့ နှစ်ဖက်သော ခေါင်းဆောင်ကိုယ်စားလှယ်များ၊ အလုပ်အဖွဲ့များ၊ အထောက်အကူပြုသူများအားလုံးနဲ့ သတင်းမီဒီယာများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။

ဒီနေ့လို သမိုင်းဝင်အခမ်းအနားမှာ ကျွန်တော့်ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရဲ့ကိုယ်စား အဖွင့်မိန့်ခွန်းပြောကြားခွင့်ပြုတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်၊ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်တို့ လူသားတွေဟာ မျှော်လင့်ချက်နဲ့ပဲ အသက်ရှင်နေကြရတာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုများ ဒီမှာရောက်ရှိလာခြင်းဟာလည်း ဒီညီလာခံအပြီး စတင်နိုင်မယ့် နှစ်ပေါင်းများစွာကတည်းက မျှော်လင့်စောင့်ဆိုင်းခဲ့ကြရတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ တရားဝင်စတင်နိုင်မယ့် ဖွင့်ပွဲအခမ်းအနားကိုပါဝင်ဖို့ စိတ်လှုပ်ရှားစွာနဲ့ ရောက်ရှိလာကြရတယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခုတင်ပြချင်တာက ဒီ(၂၁)ရာစုပင်လုံ ညီလာခံရဲ့ဆောင်ပုဒ်ကို အတိအလင်းကြေညာထားချက်အရ အပြည့်အဝထောက်ခံချင်ပါတယ်။ ၁၉၄၇ ခုနှစ် ပထမပင်လုံသည် မြန်မာနိုင်ငံကို လွတ်လပ်ရေးဆောင်ကြဉ်းပေးခဲ့သည်။ ၂၀၁၆ ခုနှစ် (၂၁)ရာစုပင်လုံသည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို တည်ထောင်နိုင်ရမည်ဆိုတဲ့ ဆိုင်းဘုတ်ကြော်ငြာချက်တွေကို ဖတ်ရင်း ကျွန်တော်တို့ နှစ်ပေါင်း ၆၀ ကျော် တော်လှန်တိုက်ပွဲဝင်ခဲ့တဲ့ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်ကို အတိအလင်း ဖော်ကျူးနေတာကို တွေ့ရလို့ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးဆိုတဲ့ အကြောင်းခြင်းရာသုံးခုရဲ့ဆက်စပ်မှုနဲ့ပတ်သက်ပြီး မိမိတို့ရဲ့အမြင်ကို တင်ပြချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတရှိတဲ့ လူ့အဖွဲ့အစည်းကို ရယူချင်ရင်တော့ ဒီတန်ဖိုးညီမျှစွာရှိနေကြတဲ့ အကြောင်းခြင်းရာသုံးခုအပေါ်မှာ အခြေခံရမှာဖြစ်ပြီး ချိုးပစ်ဖို့မသင့်တဲ့ သုံးချောင်းထောက် ထိုင်ခုံတစ်လုံးရဲ့ ခြေထောက်တွေလိုဖြစ်ပါတယ်။



အမျိုးသားပြန်လည်သင့်မြတ်ခြင်းမရှိဘဲ ငြိမ်းချမ်းရေးမဖြစ်ပေါ်လာနိုင်သလို ပြန်လည်သင့်မြတ်ခြင်းမရှိတဲ့ လူ့အဖွဲ့အစည်းမှာ ငြိမ်းချမ်းရေးကိုလည်း ရှာလို့မတွေ့နိုင်ပါဘူး။ ပြန်လည်သင့်မြတ်ပြီး ငြိမ်းချမ်းဖို့ဆိုရင် သက်ဆိုင်သူတွေအကြားမှာရရှိထားကြတဲ့ အပြန်အလှန်ပေးအပ်ထားတဲ့ သန္နိဋ္ဌာန်၊ ကတိစကား၊ သဘောတူညီချက်တွေကို ရေရှည်တည်တံ့ခိုင်မြဲရန်လိုအပ်ပြီး တရားဥပဒေစိုးမိုးပြီး လွတ်လပ်တဲ့ ငြိမ်းချမ်းရေးအရသာကို ခံစားနိုင်ဖို့အတွက် လုပ်ငန်းစဉ်တစ်ရပ်လိုအပ်ပါတယ်။ အဲဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ရေးဆွဲထည့်သွင်း ပြဋ္ဌာန်းထားခြင်းပဲဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဖို့ သဘောတူညီမှုတွေ၊ လုပ်ငန်းစဉ်တွေ အခိုင်အမာမရှိတဲ့ အခြေအနေအောက်မှာ ပြန်လည်သင့်မြတ်ရေးမရှိနိုင်ပါဘူး။ ပြန်လည်သင့်မြတ်ရေးမရှိဘဲ ငြိမ်းချမ်းရေးလည်း မပေါ်ပေါက်နိုင်ပါဘူး။

NCA လက်မှတ်ရေးထိုးအပြီး ကျင်းပခဲ့တဲ့ ၂၀၁၆ ဇန်နဝါရီလက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ (UPC) ဟာ နိုင်ငံရေးမာရသွန်အပြေးပြိုင်ပွဲအတွက် ဖွင့်ပွဲဖဲကြိုးဖြတ်ခြင်းပဲဖြစ်ပြီး ဒီနေ့ကျင်းပတဲ့ ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဟာ တာထွက်ခရာသံပဲ ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ NCA ဟာ ပြီးပြည့်စုံတဲ့ စာချုပ်တစ်ခုမဟုတ်ပေမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကိုရောက်ရှိဖို့ ထိုးလိုက်တဲ့ တံတားတစ်စင်းဖြစ်တယ်လို့လည်းယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးကတော့ ကျွန်တော်တို့အားလုံးအတွက် ပန်းတိုင်ပါ။

ဒါကြောင့် ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုတဲ့ ဒီမဏ္ဍိုင်သုံးခုကို တစ်ပြိုင်တည်းပါဝင်ပြီး အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းစဉ်ချမှတ်သွားဖို့ လိုပါတယ်။ တစ်ခုပြီးမှတစ်ခုလုပ်ရတဲ့ လုပ်ငန်းမဟုတ်ဘဲ ပြန်လည်သင့်မြတ်ရေးအဆင့်ကို အခြေခံတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မှတ်တိုင်အဖြစ် သဘောတူသတ်မှတ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲသွားနိုင်အောင် ကြိုးစားဖို့လိုပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံရေးဆွေးနွေးရေးဆိုင်ရာ လမ်းပြမြေပုံ သဘောတူရေးဆွဲထားတဲ့ လုပ်ငန်းစဉ်ရှိပေမယ့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် လမ်းပြမြေပုံတစ်ခုညှိနှိုင်းချမှတ်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖန်တီးဖို့နဲ့ "မူ" ချမှတ်ဖို့ လိုအပ်နေပါတယ်။ ဆွေးနွေးဖက်တွေကြားမှာရှိနေကြတဲ့ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးဆိုင်ရာ အမြင်ကွာဟမှု ကြီးမားနေတယ်ဆိုတာကို သတိမူကြဖို့လိုပါတယ်။

ဒီညီလာခံပြီးရင် ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြည်ထောင်စုအဆင့်၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများ စတင်ပြုလုပ်သွားမှာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်ဖို့ မူဘောင်ရေးဆွဲပြီး လုပ်ငန်းလမ်းညွှန် ချမှတ်ရာမှာလည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ပကတိအခြေအနေနဲ့ ကိုက်ညီရေးကို သတိထားရေးဆွဲဖို့ အကြံပြုလိုပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖက်ဒရယ်အသွင်သဏ္ဌာန်ဆောင်ပေမယ့် အနှစ်သာရချည့်နဲ့ အားနည်းမှုရှိနေတာကိုတော့ ဝန်ခံရမှာပါ။ ဒီ (၂၁) ရာစု ပင်လုံညီလာခံအပြီး စတင်ဆွေးနွေးကြမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ မတူညီကြတဲ့ အစွန်းနှစ်ဖက်မှာရှိတဲ့ ဖက်ဒရယ်ပန်းတိုင်တွေကို ကဏ္ဍာကြီးငါးခုကနေ ဘယ်အခြေခံကို စတင်သဘောတူရယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲမယ်ဆိုတဲ့ လက်တွေ့အကောင်အထည်ဖော်ကြရမယ့် အချိန်ရောက်ရှိလာပြီ ဖြစ်ပါတယ်။

တိုင်းရင်းသားဒေသအချို့တွေမှာ ရှိနေတဲ့ ချည့်နဲ့အားနည်းတဲ့ လူမှုအသိုင်းအဝိုင်းအသစ်ကို ဖန်တီးဖြစ်ပေါ်စေတဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေကို လျှော့ချခြင်း၊ စစ်ဘေးရှောင် ပြည်တွင်းရွှေ့ပြောင်းနေရာချမှုတွေအပေါ်ကို စိတ်ရင်းစေတနာထားပြီး ဖြေရှင်းခြင်း၊ အရေးပေါ်လူသားချင်းစာနာထောက်ထားမှု အကူအညီပေးတဲ့ အစီအစဉ်ချမှတ်ခြင်းတွေဟာ သက်ဆိုင်သူအားလုံးအတွက် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အားလုံးအတွက် အကျိုးရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုစေပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲပြီး သက်ဆိုင်သူတွေကြားမှာ နိုင်ငံရေး ယဉ်ကျေးမှုအသစ်ကိုလက်ခံပြီး ရဲရဲရင့်ရင့်နဲ့ အကောင်အထည်ဖော်ဖို့ အကြံပြုတိုက်တွန်းပါတယ်။

နောက်တစ်ခုက Stakeholders တွေရဲ့ ပါဝင်မှုအခန်းကဏ္ဍကို အကြံပြုချင်ပါတယ်။ ဒီမိုကရေစီရဲ့ အခြေခံတစ်ခုက Bottom up approach ဖြစ်ပြီး ပါဝင်သင့်၊ ပါဝင်ထိုက်သူများရဲ့ ကဏ္ဍကို ထိုသူများထံမှ ထွက်ပေါ်လာတဲ့ အကြံပြုချက်ကို အခြေခံပြီး နည်းလမ်းရှာဖို့ တိုက်တွန်းလိုပါတယ်။ မကြာခင် စတင်မယ့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ လွှန်ခဲ့တဲ့ ရွေးကောက်ပွဲမှာ အနိုင်မရခဲ့တဲ့ နိုင်ငံရေးပါတီတွေ၊ CSOs တွေနဲ့ အခြားသော Stakeholders တွေရဲ့ အခန်းကဏ္ဍတွေကို စဉ်းစားရာမှာ သက်ဆိုင်သူတွေရဲ့ရပ်တည်မှု၊ ကျွမ်းကျင်မှုကဏ္ဍကို အခြေခံပြီး သူတို့ရဲ့အသံတွေကိုလည်း နားထောင်ပေးပြီး သဟဇာတရှိတဲ့ လုပ်ငန်းစဉ်တွေကနေ ပါဝင်စေဖို့ အကြံပြုလိုပါတယ်။

နောက်ဆုံးအနေနဲ့ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြတ်သန်းခဲ့ကြရတဲ့ ခေတ်တွေ၊ စနစ်တွေရဲ့ပုံသွင်းမှုကြောင့် ကျွန်တော်တို့ လူမှုအဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေအကြားမှာ ခံယူချက်၊ အယူအဆဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ကွာဟချက်ကြီးကြီးမားမား ရှိနေတယ်ဆိုတာကို သတိပြုကြပါ။

ချည့်နဲ့ချို့တဲ့ လူမှုအသိုင်းအဝိုင်းတွေနဲ့ ထိုအခြေအနေကို ဖန်တီးဖြစ်ပေါ်နိုင်တဲ့ အခြေခံတွေ၊ ဆင်းရဲမွဲတေမှု ပြဿနာတွေ နက်နက်ရှိုင်းရှိုင်းရှိနေတယ်ဆိုတာကိုလည်း လက်ခံကြပါ။

ကျွန်တော်တို့ နိုင်ငံဟာလည်း အိမ်နီးနားချင်းနိုင်ငံတွေရဲ့ နောက်မှာနောက်ကျကျန်နေတယ်ဆိုတာကိုလည်း အသိအမှတ်ပြုကြပါ။

ဒါပေမယ့် ငြိမ်းချမ်းရေးအတွက် ကျားကုတ်ကျားခဲလုပ်မယ့် အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ အသင်းအဖွဲ့တွေလည်းရှိနေပြီး သူတို့ကိုအားပေးထောက်ခံတဲ့ ပြည်သူလူထုနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းလည်း ရှိနေပါတယ်ဆိုတာကို သတိမူရင်း တည်ငြိမ်အေးချမ်းပြီး သဟဇာတရှိကာ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းသစ်တစ်ခုကို တည်ဆောက်ကြပါစို့လို့ သန္နိဋ္ဌာန်ပြုရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ၊ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လ ပြောကြားသည့်ကြိုဆိုနှုတ်ခွန်းဆက်စကား



ကြွရောက်လာကြတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအသီးသီးမှ ကိုယ်စားလှယ်များအပါအဝင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်တကွ နိုင်ငံတကာမှ အစိုးရသံအရာရှိများ၊ ကမ္ဘာ့ မိသားစုများနဲ့ တစ်သီးပုဂ္ဂလများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နံနက်ခင်းပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ဟာဖြင့် ကျွန်တော်တို့ တိုင်းပြည်အတွက် ရှည်ကြာလှပြီဖြစ်တဲ့ စစ်ရဲ့ အနိဋ္ဌာရုံတွေကို သင်ပုန်းကားချပြီး ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်တောင့်တ တောင်းဆိုနေကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ကြဖို့အတွက် ရည်သန်ပြီး ငြိမ်းချမ်းရေးအစပျိုးဖို့ စုစည်းကြတဲ့ နေ့တစ်နေ့လို့ ပြောရပါမယ်။ ဒါကြောင့် မြန်မာပြည်သမိုင်းမှာ ထူးကဲတဲ့ နေ့ထူးနေ့မြတ်ဖြစ်တာကြောင့်မို့ ညီလာခံတက်ရောက်လာသူအားလုံးကို နွေးထွေးစွာ ကြိုဆိုပါကြောင်းနဲ့ ဒီညီလာခံဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြသူအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ တိုင်းရင်းသားညီအစ်ကိုတွေ စုံညီစွာ တစ်ဖန်ပြန်ပြီး စုရုံးတွေ့ဆုံကြတဲ့ ဒီညီလာခံနဲ့ ပတ်သက်ပြီး အနည်းငယ်ပြောလိုတဲ့ အကြောင်းတွေရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ တိုင်းပြည်ကြီးကို လွတ်လပ်ရေးရရှိအောင် ဆောင်ကြဉ်းပေးခဲ့တဲ့ ပင်လုံသဘောတူညီချက်နဲ့ ပတ်သက်တဲ့ အကြောင်းပဲဖြစ်ပါတယ်။ ဒီပင်လုံသဘောတူညီချက်ကို အကြောင်းပြုပြီး ခုတစ်ခါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုပြီး ဒီညီလာခံကို ကျင်းပတာဖြစ်တဲ့အတွက် ၁၉၄၇ ခုနှစ်က ကျွန်တော်တို့ တိုင်းပြည်လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးခဲ့တဲ့ ပင်လုံသဘောတူညီချက်ကို အစွဲပြုပြီး ဒုတိယအကြိမ် ပင်လုံညီလာခံကို ကျင်းပတယ်လို့ ကျွန်တော့်ရဲ့ စိတ်ထဲမှာ ခံစားရပါတယ်။ ၁၉၄၇ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ပင်လုံသဘောတူညီချက်ဟာ ဟိုတုန်းကရှိခဲ့တဲ့အခြေအနေအောက်ကနေ ဖော်ဆောင်ခဲ့တာဖြစ်သလို ခုတစ်ကြိမ်မှာလည်း မတူကွဲပြားတဲ့အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဖော်ဆောင်ကျင်းပတယ်လို့ နားလည်ပါတယ်။

ဒါကြောင့် ဟိုတုန်းကထားရှိခဲ့တဲ့ ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိကဝတ်နဲ့ ချုပ်ဆိုခဲ့တဲ့ ပင်လုံသဘောတူညီချက် စာချုပ်တွေဟာ အားလုံးကပါဝင်ပြီး သဘောတူညီချမှတ်၊ လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်းဘဲ တိုင်းရင်းသားအားလုံးအတွက် ဒီမိုကရေစီရေး၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် မျှော်လင့်ထားသလို ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် မဖော်ဆောင်နိုင်သေးတာကလွဲရင် လွတ်လပ်တဲ့ တိုင်းပြည်တစ်ခုအဖြစ် ကမ္ဘာ့အလယ်မှာ ထည်ဝါတင့်တယ်စေခဲ့တာကိုတော့ အားလုံးကငြင်းကွယ်လို့မရတဲ့ သမိုင်းမှတ်တိုင်တစ်ခုဆိုတာကိုတော့ အသိပေးလိုပါတယ်။

ဟိုတုန်းက ကျွန်တော်တို့ပြောခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စုဟာ စုဖွဲ့ပြီး အေးအတူ၊ ပူအမျှ ယှဉ်တွဲနေထိုင်ဖို့ ဖြစ်သလိုပဲ အခုကျွန်တော်တို့ပြောတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဟာလည်း ခွဲထွက်ရေးမဟုတ်ဘူးဆိုတာကို ပြောလိုတယ်။ တစ်ခုပဲပြောလိုတာကတော့ တန်းတူရည်တူ၊ အေးအတူ၊ ပူအမျှ ယှဉ်တွဲနေထိုင်နိုင်ဖို့ တစ်ယောက်နဲ့တစ်ယောက်၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုး ဘယ်လိုအပြန်အလှန်အသိအမှတ်ပြုကြပြီး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြမယ်၊ မျှဝေခံစားကြမယ်၊ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုတဲ့ သာစေ၊ နာစေမဟုတ်တဲ့ ညီအစ်ကိုမောင်နှမစိတ်ဓာတ်(သို့မဟုတ်) ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြဖို့တော့ အလွန်အရေးကြီးပါတယ်။ ဗမာမဟုတ်တဲ့ ကျွန်တော်တို့တိုင်းရင်းသားတစ်တွေ လက်နက်စွဲကိုင်ပြီး တော်လှန်မှုတွေ ပြုလုပ်နေကြတာဟာ ဘာကြောင့်လဲလို့ မေးချင်ကြပါလိမ့်မယ်။ ကျွန်တော်တို့ဟာ ပင်လုံမှာပြုခဲ့ကြတဲ့ ကတိ၊ ချုပ်ခဲ့ကြတဲ့ စာချုပ်ပါ သဘောတူညီချက်တွေကို ပြီးပြည့်စုံအောင် အကောင်အထည် မဖော်ခဲ့ကြလို့ ကျွန်တော်တို့ လိုလားတောင့်တတဲ့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံတဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေရလို့ပဲဆိုတာကို ပြောလိုပါတယ်။

ဒါကြောင့် ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိကဝတ်၊ ပင်လုံသဘောတူညီချက်တွေကို အခြေခံပြီး ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်လာတဲ့ ကျွန်တော်တို့တိုင်းပြည်မှာ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတွေ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို အာမခံဆောင်ကြဉ်းပေးမယ့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းဖို့အတွက် အခုစတင်ကျင်းပပြုလုပ်တဲ့ ညီလာခံကနေ ရှေ့ဆက်ညီလာခံတွေမှာ ပင်လုံစိတ်ဓာတ်၊ ကတိကဝတ်နဲ့ သဘောတူညီချက်တွေကို ယုတ်လျော့ပျက်ပြယ် တိမ်းစောင်းမှေးမှိန်စေခြင်း အလျဉ်းမရှိစေဘဲ အထူးသတိချပ်ပြီး ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ချက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ အလွန်အရေးကြီးပါမယ်။ တိုင်းပြည်ရဲ့ အနာဂတ်အရေးကို ဆောင်ရွက်ကြတဲ့နေရာမှာ စိတ်ရှည်သည်းခံခြင်း၊

*စာမျက်နှာ ၁၉ သို့*

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား

ဒီကနေ့လို ထူးခြားတဲ့သမိုင်းဝင်နေ့ထူးနေ့မြတ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားပြုလျက် စကားပြောကြားခွင့်ရတဲ့အတွက် လွန်စွာဝမ်းမြောက်မိပါတယ်။ (၂၁)ရာစု ပင်လုံညီလာခံကို ငြိမ်းချမ်းရေးရရှိဖို့ ကျင်းပတာပါ။ ငြိမ်းချမ်းရေးလိုချင်တာကတော့ မြန်မာနိုင်ငံကို လွတ်လပ်တရားမျှတပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုအဖြစ် တည်ဆောက်ချင်လို့ပဲဖြစ်ပါတယ်။ လွတ်လပ်တရားမျှတပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုအဖြစ် မြင်လိုတဲ့အကြောင်းကတော့ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးဟာ ဒုက္ခပင်လယ်ဝေနေရတဲ့ အခြေအနေကနေ လူတန်းစေ့ပျော်ရွှင်အေးချမ်းစွာ နေထိုင်သင့်ပြီလို့ ယုံကြည်လို့ပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ (၂၁)ရာစုပင်လုံညီလာခံကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေကို ဘာတွေဆွေးနွေးပါ၊ ဘာတွေဆုံးဖြတ်ပါလို့ ပြောခွင့်မရှိပါဘူး။ ဒီနေရာကို ရောက်လာကြတဲ့ သူတွေဟာ မိမိတို့အကျိုးအတွက်ဖြစ်စေ၊ ပါတီအတွက်ဖြစ်စေ၊ တိုင်းပြည်အတွက်ဖြစ်စေ အမျိုးမျိုး သော အကျိုးစီးပွားတွေအတွက် ငြိမ်းချမ်းရေးညီလာခံကြီးကို အရောက်လာခဲ့ကြတာပါ။ ကျွန်တော်တို့ တွေ့ဆုံစကား ပြောကြတော့မှာပါ။ ကျွန်တော်တို့ တွေ့ဆုံစကားပြောတဲ့အခါမှာ ရိုးသားမှု၊ ဖြောင့်မတ်မှန်ကန်မှု၊ အပြန်အလှန်လေးစားလိုက်နာမှု၊ မေတ္တာတရားနဲ့ ကိုယ်ချင်းစာတရား စတာတွေကို လက်ကိုင်ထားပြီး ပြောဆိုဆွေးနွေးကြမှသာ ကျွန်တော်တို့ရဲ့ မူရင်းရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံသူ နိုင်ငံသားအားလုံး လူတန်းစေ့ ပျော်ရွှင်အေးချမ်းစွာ နေထိုင်နိုင်မယ့် အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်မှာပါ။

လွတ်လပ်ရေးရပြီးခါစ စတင်ပြီး တောက်လောင်ခဲ့တဲ့ ပြည်တွင်းပဋိပက္ခတွေကြောင့် ဒေသအသီးသီးမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူလူထုဟာ ဆိုးရွားခါးသီးလှတဲ့ ဘဝတွေကို ခံစားကြုံတွေ့ခဲ့ရပါတယ်။ အဆိုးရွားဆုံး ရလဒ်ကတော့ မြန်မာနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ လူ့အသိုက်အဝန်းအသီးသီးမှာ ညီအစ်ကို မောင်နှမအကြား ယုံကြည်မှုတွေ ပျောက်ဆုံးသွားတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ထူထောင်မယ်ဆိုရင် အပြန်အလှန် နားလည်ယုံကြည်မှု မရှိဘဲ ဆောင်ရွက်လို့ မရပါဘူး။ အခုကျင်းပမယ့် (၂၁)ရာစုပင်လုံညီလာခံရဲ့အနှစ်သာရဟာ အပြန်အလှန် ဆွေးနွေးဖလှယ်ကြရင်း တစ်ဦးကိုတစ်ဦး အပြန်အလှန်ယုံကြည်မှုများ၊ နားလည်မှုများ တိုးပွားလာခြင်းပဲ ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

ယုံကြည်မှုတည်ဆောက်ရာမှာ ပါးစပ်နဲ့တင် ကတိကဝတ်ပေးလို့ မဖြစ်နိုင်တော့ပါဘူး။ တစ်ဦးပေါ်တစ်ဦးထားရှိတဲ့ ယုံကြည်မှုတွေ ရေရှည်ခိုင်မြဲဖို့ဆိုရင် တစ်ဦးချင်းစီရဲ့ဂုဏ်သိက္ခာ၊ အခွင့်အရေး၊ တာဝန်ဝတ္တရား၊ တန်းတူညီမျှခြင်း စတာတွေကို ဥပဒေနဲ့အညီ အခိုင်အမာ အာမခံချက်ရှိအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ဒီလို ယုံကြည်မိလို့လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စတင် ထူထောင်ခဲ့တဲ့အချိန်ကတည်းက ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျွန်တော်တို့ ထပ်ခါထပ်ခါ ပြောနေကြတာဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ် ထွန်းကားလာမှသာ



ဒေသအသီးသီးမှာနေထိုင်ကြတဲ့ နိုင်ငံသူ နိုင်ငံသားတွေဟာ တရားဥပဒေစိုးမိုးရေးနဲ့အတူ ပျော်ရွှင်အေးချမ်းစွာ နေထိုင်စားသောက်လုပ်ကိုင်နိုင်ကြမှာပါ။

ဝမ်းနည်းစရာကောင်းတာက ကျွန်တော်တို့အပါအဝင် မြို့ပေါ်ကျေးလက်နေ ပြည်သူတွေအားလုံးဟာ တရားဥပဒေစိုးမိုးရေးအောက်မှာ နေထိုင်ခွင့်မရှိခဲ့ဘဲ သေနတ်သံတွေ၊ အကြောက်တရားတွေအောက်မှာ နေထိုင်ကြီးပြင်းခဲ့ကြရပါတယ်။ သေနတ်တစ်ချက် ဖောက်လိုက်တာဟာ လူ့အသက်တစ်ချောင်းဆုံးရှုံးသွားရုံတင် မဟုတ်ဘဲ လူ့အသိုင်းအဝိုင်းတစ်ခုအတွင်းက တရားဥပဒေစိုးမိုးမှု၊ အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကိုပါ ပေးဆပ်လိုက်ရတာပါ။ ရလဒ်ကတော့ ကျွန်တော်တို့အားလုံး အောက်တန်း နောက်တန်းကျခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေဟာ တစ်ပါးနိုင်ငံမှာ မျက်နှာငယ်ငယ်နဲ့ ဒုက္ခပင်လယ်ဝေနေရပါတယ်။ အမျိုးသမီးငယ်တွေဟာ နှိပ်စက်အနိုင်ကျင့် ခံနေရတယ်။ လူငယ်တွေအတွက် ပညာရေး တိုးတက်နိုင်ရန် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မှု ကင်းမဲ့ခဲ့တဲ့အတွက် သူတို့ဟာ မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်တွေဖြစ်နေကြရပါတယ်။ လိုရင်းပြောရရင် အပစ်အခတ်ရပ်စဲဖို့ လိုပါတယ်။

တိုက်ပွဲတွေကို ဆွေးနွေးပွဲတွေအဖြစ် ပြောင်းလဲလိုက်ပါ။ စစ်မြေပြင်မှာ တိုက်ခိုက်ကြမယ့်အစား ညီလာခံအတွင်းမှာ အပြန်အလှန်လေးစားမှုနဲ့ ဂုဏ်သိက္ခာရှိစွာ အပြင်းအထန် အငြင်းပွားကြပါ၊ ညှိနှိုင်းအဖြေရှာကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဆွေးနွေးညှိနှိုင်း အဖြေရှာတယ်ဆိုတဲ့သဘောက တစ်ဦးတစ်ဖွဲ့တည်းရဲ့ဆန္ဒတွေကိုပဲ ရှေ့တန်းတင်ထားလို့ မရဘူးဆိုတဲ့အဓိပ္ပာယ်ပါ။ လိုအပ်ချက်အမျိုးမျိုး၊ ဆန္ဒအထွေထွေရှိနေတဲ့ အခြေအနေမျိုးမှာ မိမိလိုအင်ဆန္ဒတွေ အကုန်လုံး ပြည့်ဝချင်မှ ပြည့်ဝပါမယ်။ ဇွဲရှိရှိ၊ စိတ်ရှည်ရှည်နဲ့ ဆောင်ရွက်ရပါမယ်။ ဒီဇွဲ၊ ဒီစိတ်ရှည်သည်းခံမှုဟာ မိမိတို့တစ်ဖွဲ့၊ တစ်ဒေသ ကောင်းကျိုးတစ်ခုတည်းမဟုတ်ဘဲ နိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ ဒေသခံ နိုင်ငံသားတိုင်းရဲ့ လူမှုလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေရရှိအောင် ဆောင်ရွက်မယ်ဆိုတဲ့ ဇွဲ၊ ဒီနိုင်ငံသူ နိုင်ငံသားအားလုံး ပျော်ရွှင်အေးချမ်းစွာ နေထိုင်နိုင်ရေးကို အာမခံတဲ့ အခြေခံအခွင့်အရေးတွေ တန်းတူရရှိလာတဲ့အထိ ညှိနှိုင်းဆောင်ရွက်ကြမယ်ဆိုတဲ့ စိတ်ရှည်မှုမျိုးကို ဆိုလိုတာပါ။

(၂၁) ရာစုပင်လုံညီလာခံကျင်းပတယ်ဆိုတာ နိုင်ငံတော်ထူထောင်ရေးမှာ ဒေသအသီးသီးက ဒေသခံခေါင်းဆောင်တွေအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အရေးပါတဲ့ နိုင်ငံရေးအခင်းအကျင်းတစ်ခု ပေါ်ထွန်းလာခြင်းဖြစ်တယ်လို့ ရှုမြင်ပါတယ်။ ကချင်ရိုးရာစကားပုံ တစ်ခုလည်း "လူသုံးဦးညီရင် ပင်လယ်ရေကိုတောင် အကုန်ခပ်ထုတ်နိုင်တယ်"လို့ ဆိုပါတယ်။ လူသုံးဦးဆိုတာက "မယု" "ဒါမ" "ကဖူကနောင်" ကိုပြောတာပါ။ လူအားလုံး ပါဝင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဆိုလိုတာက အားလုံးပါဝင်ပြီး စိတ်သဘောထားညီညွတ်စွာ ဆောင်ရွက်ကြမယ်ဆိုရင် နိုင်ငံသူ နိုင်ငံသားအားလုံး ပျော်ရွှင်အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်တဲ့ အခြေအနေကောင်းတွေကို ကျွန်တော်တို့ ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းရာမှာ စည်းလုံးညီညွတ်မှုအားနဲ့ ဆောင်ရွက်ရမယ်ဆိုတာတော့ ဘယ်သူမှမငြင်းပါဘူး။ ဒါပေမယ့် နိုင်ငံရေးခေါင်းဆောင်၊ လူမှုရေးခေါင်းဆောင်တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ မိမိက ဘယ်လိုကဏ္ဍမျိုးမှ၊ ဘယ်လိုနေရာမျိုးဆိုမှ ပါဝင်မယ်ဆိုတာထက် ဘယ်လိုအနေအထားမျိုးဖြစ်ပါစေ၊ နိုင်ငံသူ နိုင်ငံသားအရေးအတွက် မိမိတို့ပါဝင်ဆောင်ရွက်မယ်ဆိုတဲ့ စိတ်ထားမျိုးထားနိုင်ဖို့လည်း အရေးတကြီး လိုအပ်ပါတယ်။

ဒေသအသီးသီးက ဌာနခေါင်းဆောင်များဟာ မိမိတို့ရပ်ရွာဒေသအတွက် အရေးပါတဲ့ဆုံးဖြတ်ချက်တွေ ကိုယ်ပိုင်ချမှတ်နိုင်ရုံသာမက နိုင်ငံတော်အတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်ရာမှာ ပါဝင်ဆောင်ရွက်သင့်တယ်ဆိုတဲ့ အချက်ကို ကြိုဆိုပါတယ်။ ဖက်ဒရယ်စနစ်ရဲ့ အနှစ်သာရဟာ မိမိကံကြမ္မာ မိမိဖန်တီးနိုင်ခွင့်ရရှိရေးပဲဖြစ်ပါတယ်။ မိမိကံကြမ္မာကို မိမိဖန်တီးချင်တာဟာ ဒေသတစ်ခုရဲ့ကိစ္စကို ဒေသခံတွေက ဆုံးဖြတ်ခြင်းဟာ အကောင်းဆုံးပဲလို့ ယုံကြည်လို့ပဲဖြစ်ပါတယ်။ ဒေသခံဆိုတာ လူမျိုးစုအကြီး၊ အလတ်၊ အငယ်အစရှိတဲ့ ဒေသတွင်းနေထိုင်နေတဲ့ တစ်ဦးချင်းကို ဆိုလိုပါတယ်။ ဒါ့ကြောင့် ဒေသခံခေါင်းဆောင်များဟာ မိမိတို့ပါတီ၊ မိမိတို့အစုအဖွဲ့ အကျိုးတစ်ခုတည်းကိုမကြည့်ဘဲ ဒေသတွင်း နေထိုင်သူအားလုံး ပျော်ရွှင်အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်တဲ့ အခြေအနေကောင်းတွေ ဖန်တီးပေးနိုင်ဖို့ကို အဓိကထားပြီး တွေးတောလုပ်ကိုင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို တည်ထောင်လိုခြင်းရဲ့ အခြားအနှစ်သာရတစ်ခုကတော့ တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ချင်လို့ပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့အတူ နိုင်ငံတွင်းမှာရှိတဲ့ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်တဲ့အခါမှာ ဖွံ့ဖြိုးမှုအားကောင်းတဲ့ ဒေသတွေက ဖွံ့ဖြိုးမှုအားနည်းနေတဲ့ဒေသတွေကို ဖေးမကူညီရမှာဖြစ်ပါတယ်။ ဒါမှသာ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်ထောင်စုသားတစ်ဦးချင်းစီဟာ ပျော်ရွှင်အေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်တဲ့ဘဝတွေ ပိုင်ဆိုင်နိုင်ဖို့ အခွင့်အရေးကို တန်းတူရရှိကြမှာ ဖြစ်ပါတယ်။

နိုင်ငံသားတိုင်း တန်းတူညီမျှစွာ အခြေခံအခွင့် အရေးတွေကို ခံစားနိုင်အောင် ဆောင်ရွက်နိုင်မှသာ ဒေသအသီးသီးက မျိုးဆက်သစ်လူငယ်ခေါင်းဆောင်တွေ ပေါ်ပေါက်လာမှာဖြစ်ပြီး နိုင်ငံတော်ရဲ့အနာဂတ်ကို သူတို့လက်ထဲ ကျွန်တော်တို့ စိတ်ချလက်ချ ပေးအပ်နိုင်မှာပါ။ အဲ့ဒီလို ဒေသအသီးသီးက စွမ်းရည်ထက်မြက်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေ ပေါ်ထွန်းလာမှသာ ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ သူရဲကောင်းမျှော်နေရတဲ့ ဒုက္ခကကင်းဝေးမှာ ဖြစ်ပါတယ်။ မမျှတမှုတွေ၊ တရားမဲ့မှုတွေ၊ လက်နက်ပဋိပက္ခတွေနဲ့ပဲ ဆက်လက်စခန်းသွားကြမယ်ဆိုရင် သူရဲကောင်း (သို့မဟုတ်) ကယ်တင်ရှင် မျှော်နေရင်းနဲ့ပဲ ကျွန်တော်တို့အားလုံးရဲ့ အနာဂတ်ဟာ ဗုန်းဗုန်းလဲနေပါလိမ့်မယ်။ နိုင်ငံသူ နိုင်ငံသားတွေဟာလည်း ဘယ်သောအခါမှ ပျော်ရွှင်အေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်တဲ့ ဘဝကို ရရှိမှာမဟုတ်ပါဘူး။

ကျွန်တော်က နိုင်ငံသူ နိုင်ငံသားတွေ အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်စားသောက်နိုင်တဲ့ အခြေအနေကိုပဲ မျှော်လင့်ချင်ပါတယ်။ ကျွန်တော်တို့ သူရဲကောင်းတွေကို မမျှော်လင့်ချင်တော့ပါဘူး။ ဂျာမန်ပြဇာတ်ရေးဆရာ၊ ကဗျာဆရာကြီး Bertolt Brecht ရေးသားခဲ့တဲ့ Life of Galileo ပြဇာတ်ထဲမှာ ဇာတ်ကောင် Andreau ‘‘ Pity the country that breeds no hero" "သူရဲကောင်းမရှိတဲ့ တိုင်းပြည်ဟာ သနားဖို့ကောင်းတယ်"လို့ ပြောပါတယ်။ ဒါကို ဇာတ်ကောင် Galileo က ဘယ်လိုတုံ့ပြန်ပြောကြားသလဲဆိုတော့ "No, Andrea Pity the country that needs a hero" "သူရဲကောင်းကို လိုအပ်နေတဲ့နိုင်ငံကသာ သနားဖို့ကောင်းတာပါလို့" တုံ့ပြန်ပြောကြားခဲ့ပါတယ်။

ဒီကနေ့ဒီအချိန်ကစလို့ အခုရရှိလာတဲ့ အခွင့်ကောင်းတွေကို အကျိုးရှိစွာ အသုံးချရပါမယ်။ ပဋိပက္ခတွေကို အဆုံးသတ်လိုက်ပါ။ ကျွန်တော်တို့အတွက် သူရဲကောင်းတွေ၊ ကယ်တင်ရှင်တွေ မလိုအပ်တော့ပါဘူး။ ကျွန်တော်တို့ရဲ့အားနဲ့ ကျွန်တော်တို့ ပင်လယ်ရေကို အကုန်ခပ်ထုတ်လိုက်ပါ့မယ်။ တန်းတူညီမျှတဲ့ လွတ်လပ်ပြီး တရားမျှတမှုကို အလေးထားတဲ့ မြန်မာနိုင်ငံတော်အသစ်ကို ထူထောင်နိုင်ဖို့ နိုင်ငံသူ နိုင်ငံသားတိုင်း ပျော်ရွှင်အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ဖို့ ကျွန်တော်တို့အချင်းချင်း ဒီကနေ့ ဒီနေရာမှာ အကျေအလည်ညှိနှိုင်းဆောင်ရွက်ကြပြီး လှပကောင်းမွန်တဲ့ နိုင်ငံတော်ကို ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေအတွက် အတူတကွ ဖန်တီးပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

# ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား

**ကြွရောက်လာကြသည့် နိုင်ငံတော်အကြီးအကဲများနှင့် ဂုဏ်သရေရှိကိုယ်စားလှယ်တော်ကြီးများခင်ဗျား**

ယခုကဲ့သို့ ထူးခြားစွာစုစည်းတွေ့ဆုံကြသည့် (၂၁) ရာစုပင်လုံညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် ကျွန်တော်အနေနှင့် ဂုဏ်ယူမိပါသည်။

ယခုအချိန်သည် သမိုင်းတွင်ရစ်မည့်အခါသမယပင်ဖြစ်ပါသည်။

ယခုညီလာခံ၏ အရေးပါသည့် ဝိသေသကို ညီလာခံ၏ ခေါင်းစီးပိုင်းက ထင်ရှားစွာ ဖော်ဆောင်လျက်ရှိပါသည်။ ၁၉၄၇ ခုနှစ်တွင် ခေတ်သစ်မြန်မာနိုင်ငံ၏ ဖခင်ကြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကျင်းပခဲ့သည့် မူလပင်လုံညီလာခံ၏ စိတ်ဓာတ်အား ပြန်လည်အမှတ်ရစေသည့် ညီလာခံဖြစ်ကြောင်း ထင်ရှားလှပါ သည်။

အတိတ်ကို ပြန်ကြည့်သလို တစ်ဆက်တည်းမှာပင် ကျွန်တော်တို့သည် အနာဂတ်ကိုလည်း မျှော်ကိုးလျက်ရှိကြပါသည်။ ဤပင်လုံညီလာခံကြီးသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ရသည့် မတူညီသော လူမျိုးစုအဖွဲ့များ အားလုံးအား ပူးတွဲကတိကဝတ်ပြုနိုင်စေရန်၊ တစ်ဖန် တန်းတူညီမျှရေး၊ ဒီမိုကရေစီအရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အပေါ် အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် တစ်စုတစ်ဝေးတည်း စုစည်းပေးသည့် ညီလာခံကြီးဖြစ်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအားရှေးရှုကာ ပတ်သက်သူအားလုံးမှ စိတ်ရှည်သည်းခံသည့်စိတ်ဓာတ်၊ အပေးအယူအလျှော့အတင်းပြုတတ်သည့်စိတ်ဓာတ်၊ ဇွဲလုံ့လပြည့်ဝပြီး ခိုင်မာသည့် သန္နိဋ္ဌာန်တို့အတွက် ကျွန်တော့်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါ သည်။

ရှေ့ဆက်ရမည့် ခရီးသည် ရှည်လျားလှပါသည်။ သို့ရာတွင် ဤခရီးသည် အောင်မြင်သော အလား အလာကောင်းများရှိသည်ဟု ကျွန်တော်ယူဆပါသည်။

ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား နှစ်ပေါင်း၇၀ ကြာ ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့် ကွဲလွဲမှုသမိုင်းမှာ ယခုကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုအဖြစ် အစပြုလုပ်ဆောင်ခဲ့ခြင်းသည် ယခုအကြိမ်မှာ ပထမဦးဆုံးအကြိမ်ဖြစ်ပါသည်။ ယနေ့ကျင်းပသည့် အစည်းအဝေးသည် အရေးပါသည့် မှတ်တမ်း ထင်ကျန်ရစ်မည့် အစည်းအဝေးတစ်ခုဖြစ်ပါသည်။

လွန်ခဲ့သော ၆ နှစ်က ယခင်သမ္မတ ဦးသိန်းစိန်မှ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတံခါးများ ဖွင့်ပေးခဲ့သည့် အချိန်မှစ၍ မြန်မာနိုင်ငံသည် သမိုင်းတွင်ရစ်သည့် ပြောင်းလဲမှုတစ်ရပ်ကိုဆောင်ရွက်ခဲ့ပါသည်။

ဒီမိုကရေစီပြောင်းလဲဖို့ရာ နိုင်ငံ့ခေါင်းဆောင်များမှ ငြင်းပယ်သောအခါ ဖြစ်ပေါ်လာနိုင်သည့် စိတ်ထိခိုက် ဖွယ်ရာဖြစ်ရပ်များကို ကမ္ဘာနှင့်အဝှမ်းမှာ ကျွန်တော်မြင်တွေ့ခဲ့ရပြီးဖြစ်ပါသည်။

နိုင်ငံ့ခေါင်းဆောင်များက ပြည်သူများ၏ မျှော်လင့်ချက်



များ အား အလေးထားနားထောင်သည့်အခါ အကျိုးတရားများ ရရှိနိုင်သည်ကို မြန်မာနိုင်ငံက သာဓကဖြင့်ပြသနေပါသည်။

ကုလသမဂ္ဂသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့်အထူးသဖြင့် အမျိုးသားပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်အားပံ့ပိုးလျက် စိတ်ချယုံကြည်ရသော မိတ်ဖက်အဖွဲ့အစည်းအဖြစ် ရပ်တည်ခဲ့ကြောင်း ဖော်ပြလိုပါသည်။

ကျွန်တော်တို့ ကုလသမဂ္ဂအနေဖြင့် ဆက်လက်၍ နားလည်မှု ပိုမိုကောင်းမွန်ရေးအား ရှေးရှုလျက်တွေ့ဆုံ ဆွေးနွေးခြင်းများနှင့်တင်းမာမှုလျှော့ချရန် ခြားနားမှုများအား ချောမွေ့စေရန် ကြိုးစားအားထုတ်သွားမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားလိုပါသည်။

**ဂုဏ်သရေရှိကိုယ်စားလှယ်တော်ကြီးများခင်ဗျား**

နှစ်ပေါင်းများစွာဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်သည် အသက်ပေါင်းများစွာသေကျေပျက်စီးခဲ့ရသလို မျိုးဆက်သစ်ပေါင်းများစွာ၏ ဂုဏ်သိက္ခာ၊ တည်ငြိမ်အေးချမ်းမှုနှင့် နဂိုအခြေအနေတို့ကိုလည်း မျက်ကွယ်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ မတူခြားနားမှုများအား လက်နက်ကိုင်၍ မဖြေရှင်းနိုင်ကြောင်း ယတိပြတ်သိရှိပြီး ဖြစ်ပါသည်။

ဤပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင်ပါဝင်သောမည်သည့်အဖွဲ့အစည်းကိုမဆို မိမိတို့၏ ရည်မှန်းချက်အလုံးစုံကို ရရှိနိုင်မည်မဟုတ်ဆိုသည်ကို နားလည်ပါရန် ကျွန်တော့်အနေဖြင့် တိုက်တွန်းပါသည်။ တစ်ဖန်ပါဝင်သူများအားလုံးသည် မိမိတို့အနေဖြင့် တစ်စုံတစ်ခုအောင်မြင်မှုရသည်ဟု သတ်မှတ်နိုင်ပါမှသာ ဤငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အောင်မြင်မည်ဖြစ်ပါသည်။

ယင်းသို့အောင်မြင်ရန် အဖွဲ့အားလုံး စိတ်စေတနာကောင်းစွာဖြင့် လူမျိုး၊ ဘာသာ၊ နိုင်ငံရေးနှင့် လူမှုစီးပွား အနေအထားများအပေါ် မခွဲခြားဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏

**စာမျက်နှာ ၁၉ သို့**

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇။)**

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင်ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "ကျပ်သန်းပေါင်း လေးဆယ့်ငါးသိန်းထက်မပိုစေရ"ဆိုသည့် စကားရပ်ကို "ကျပ်သန်းပေါင်း သိန်းငါးဆယ်ထက်မပိုစေရ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) တွင်-

(က) ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုသောအသုံးစရိတ်ဖြစ်ခြင်း။"

( ခ ) ပုဒ်မခွဲငယ် (၃) ကို ပယ်ဖျက်ရမည်။

၅။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ဇယား (၂)၊ ဇယား (၃)၊ ဇယား (၄)၊ ဇယား (၅)၊ ဇယား (၆)၊ ဇယား (၇)၊ ဇယား (၈)၊ ဇယား (၉)၊ ဇယား(၁၀)နှင့် ဇယား (၁၄)တို့ကို ဤဥပဒေပါ ဇယားအသီးသီးဖြင့် အစားထိုးရမည်။

---

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

### နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၉,၅၆၀.၁၃၀ | | ၁,၃၃၉.၇၇၅ | ၁၀.၀၀၄ | | | | | ၁၀,၉၀၉.၉၀၉ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၇၉၁.၄၃၀ | | | ၇၁.၀၉၅ | | | | | ၁,၈၆၂.၅၂၅ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကက တာဝန်ပေးသူ | ၁,၂၃၈.၈၀၀ | ၈.၀၉၆ | | ၂,၈၇၉.၃၉၉ | | | | | ၄,၁၂၆.၂၉၅ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၀,၇၅၇.၉၇၃ | | | ၂,၈၅၆.၄၅၇ | | | | | ၁၃,၆၁၄.၄၃၀ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇,၄၉၇.၇၇၆ | | | ၇၅၉.၆၂၅ | | | | | ၈,၂၅၇.၄၀၁ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၅,၂၇၉.၈၉၉ | | | ၈,၀၉၄.၁၆၀ | | | | | ၂၃,၃၇၄.၀၅၉ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၀၉.၉၁၂ | | | ၇.၀၀၀ | | | | | ၈၁၆.၉၁၂ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၃,၈၀၅.၅၉၀ | | | ၁,၅၀၃.၈၂၀ | | | | | ၁၅,၃၀၉.၄၁၀ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၁,၉၀၄.၇၂၂ | | | ၁၁၈.၄၉၂ | | | | | ၂,၀၂၃.၂၁၄ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃,၃၄၁.၆၈၇ | ၂.၈၉၁ | | ၉၀၃.၄၂၀ | | | | | ၄,၂၄၇.၉၉၈ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇,၇၁၇.၇၇၇ | | | ၁၈၇.၁၂၀ | | | | | ၇,၉၀၄.၈၉၇ |
| | ပေါင်း | | ၇၃,၇၀၅.၇၀၅ | ၁၀.၉၈၇ | ၁,၃၃၉.၇၇၅ | ၁၇,၃၉၀.၅၉၂ | | | | | ၉၂,၄၄၇.၀၅၉ |

(ဆက်လက်ဖော်ပြပါမည်)

---

***စာမျက်နှာ ၁၇ မှ***

သဘောထားကြီးခြင်း၊ နားလည်မှုရှိခြင်း၊ ယုံကြည်မှုရှိခြင်းနဲ့ ခွင့်လွှတ်တတ်ခြင်းတို့ကို အခြေခံဖို့လည်း အရေးကြီးပါတယ်။ ကျွန်တော်တို့အားလုံးဟာ မတူကွဲပြားတဲ့ သမိုင်းအခြေခံ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ယုံကြည်ကိုးကွယ်မှုနဲ့ ဘာသာစကားတွေကနေ လာကြတာဖြစ်တဲ့အတွက် အပေါ်ကပြောခဲ့တဲ့ စိတ်ရှည်သည်းခံမှု၊ သဘောထားကြီးမှု၊ ယုံကြည်မှုနဲ့ အပြန်အလှန် အသိအမှတ်ပြုမှုတွေဟာ မရှိမဖြစ် လိုအပ်မှာဖြစ်ပါတယ်။ ဒီအချိန်ဟာ သယံဇာတ ပေါကြွယ်ဝပါလျက်နဲ့ ဆင်းရဲမွဲတေနေတဲ့ ကျွန်တော့်တို့ တိုင်းပြည်ရဲ့ အနာဂတ်အတွက် အတူတကွ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြဖို့ အဆောတလျင် လိုနေပြီမို့ ကျွန်တော့်အနေနဲ့ ကဗျာတွေ၊ စာတွေ သီကာပတ်ကုံးပြောမနေဘဲ ရိုးရှင်းစွာ လိုရင်းတိုရှင်းပဲ ပြောလိုပါတယ်။

ဒီနေရာမှာ ပြောလိုတာကတော့ အားလုံးတန်းတူရည်တူ အခြေခံအောက်မှာ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ညှိနှိုင်းအဖြေရှာ ဆွေးနွေးကြဖို့နဲ့ ပြည်သူလူထုတစ်ရပ်လုံး အကျိုးစီးပွားကို ရှေ့တန်းတင် ပူးပေါင်းလုပ်ဆောင်ကြဖို့က ပိုအရေးကြီးပါတယ်။

ဒါကြောင့် နောက်ဆုံးအနေနဲ့ ပြောလိုတာကတော့ ဒီညီလာခံဟာ ဖွင့်ပွဲအခမ်းအနားသာသာ ဖြစ်တယ်ဆိုပေမယ့် ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်အရေးကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာနိုင်ဖို့အတွက် ပထမခြေလှမ်း အစပျိုးမှုဖြစ်တာကြောင့် နောင်အဆက်ဆက် ပြုလုပ်ကျင်းပမည့် ညီလာခံတွေအတွက် သေချာစေ့စပ်စေဖို့ ခင်းကျင်းပေးတဲ့ လမ်းကြောင်းအစလည်း ဖြစ်ပါတယ်။ ဒီအစပျိုးမှုဟာလည်း ကောင်းမွန်တဲ့ အစပျိုးပြုမှုဖြစ်ပါစေကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

---

***စာမျက်နှာ ၁၈ မှ***

အောင်မြင်မှုသည် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၏ အရေးပါသည့် အကျိုးစီးပွားအတွက်ဖြစ်သည်ဟူသည့် အသိအမှတ်ပြုမှုတို့ လိုအပ်ပါမည်။

ကွဲပြားသောအကျိုးစီးပွားများနှင့် အမျိုးမျိုးသော မျှော်လင့်ချက်များရှိသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် ပြီးခဲ့သည့်နှစ်အတွင်း တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အား ဆွေးနွေးညှိနှိုင်းရန်အတွက် အဖွဲ့အစည်းတစ်ခုအနေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို နှစ်ထောင်းအားရမိပါသည်။

ဤသဘောတူစာချုပ်သည် အထူးအရေးပါသော စာချုပ်ဖြစ်ပြီး ယခုအခါ အစိုးရသစ်အနေဖြင့် အဆိုပါ သဘောတူစာချုပ်တွင် လက်မှတ်မရေးထိုးသေးသူများပါ ပါဝင်နိုင်ရန် အားစိုက်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ (၂၁) ရာစုပင်လုံညီလာခံသည် အဆိုပါ အားစိုက်လုပ်ဆောင်မှုများကို သရုပ်ဖော်ဆောင်သည့်ရလဒ် ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဤငြိမ်းချမ်းရေး လမ်းစဉ်တစ်လျှောက် လျှောက်လှမ်းစဉ် မဖြေရှင်းရသေးသည့် ကိစ္စရပ်များကို ကိုင်တွယ်ရာတွင်လည်းကောင်း၊ နက်နဲသော၊ ထိလွယ်ရှလွယ်သော ကိစ္စများအားဖြေရှင်းရာတွင်လည်းကောင်း၊ လိုအပ်သောပညာဉာဏ်များနှင့် ပြည့်စုံစွာအားလုံး၏ အကျိုးစီးပွားများကိုထည့်သွင်းကာ လူထုအားလုံးပါဝင်သည့် တစ်ခုတည်းသော ညှိနှိုင်းရေးလမ်းကြောင်းပေါ်ပေါက်စေရန် ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်း တိုက်တွန်းအပ်ပါသည်။

ဤသို့ လုပ်ဆောင်ရာတွင် သိမ်မွေ့မှုကိုအခြေခံလျက် ပျော့ပျောင်းစွာလုပ်ဆောင်ရမည်ဖြစ်ပြီး သဘောတူ စာချုပ်အား လက်မှတ်ရေးထိုးသည့် အဖွဲ့များအပါအဝင် လက်မှတ်မထိုးသေးသည့် အဖွဲ့များအားလုံးအပေါ် လေးစားမှုရှိရန် လိုအပ်မည်ဖြစ်ပါသည်။ ရေရှည်တည်တံ့သည့် အဖြေများရရှိရန် စစ်မှန်သော တိုင်ပင်ဆွေး နွေးမှုများရှိရန် လိုအပ်ပါသည်။ တစ်ဆက်တည်းမှာပင် တွေ့ဆုံဆွေးနွေးသည့်အဆင့်တိုင်းတွင် ပါဝင်သည့် ကိုယ်စားလှယ်အရေအတွက်၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းအား အမျိုးသမီးများဖြင့် ဖွဲ့စည်းရန်လိုအပ်ကြောင်း အားလုံးကို တိုက်တွန်းလိုပါသည်။

**ဂုဏ်သရေရှိ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။**

အကူးအပြောင်းတိုင်းတွင် စွန့်စားမှု(သို့) အန္တရာယ်များ ပါဝင်စမြဲဖြစ်ပါသည်။ သို့ရာတွင် အကူးအပြောင်းပြုလုပ်ရန် ငြင်းပယ်ခြင်းသည် အကြီးမားဆုံးသောအန္တရာယ်ကို ဖြစ်စေနိုင်ပါသည်။ အပြောင်းအလဲပြုလုပ်ရန် ငြင်းပယ်မှုကြောင့် ဖြစ်ပေါ်လာရသော ဝမ်းနည်းဖွယ်ရာ သာဓကများကို ကမ္ဘာတစ်ဝှမ်းမှာ ကျွန်တော်တို့ တွေ့မြင်ရပါသည်။

တက်ရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး မိမိတို့တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို အံ့ဩဖွယ်ရာ သာယာလှပသည့် နိုင်ငံ၏အနာဂတ်များဖြစ်သည့် လူငယ်များနှင့် ကလေးသူငယ်များအတွက် သယ်ပိုးကြပါရန် ကျွန်တော့်အနေနှင့် တိုက်တွန်းအပ်ပါသည်။

ယခုလူငယ်များ၊ ကလေးများ၏ အိပ်မက်များနှင့် မျှော်လင့်ချက်များ ပြည့်ဝပြီး ပိုမိုကောင်းမွန်သည့် သာယာဝပြောကာ ငြိမ်းချမ်းသည့် အနာဂတ်ရရှိရန်မှာ ဤငြိမ်းချမ်းရေး ခရီးစဉ်တွင် ပါဝင်သည့်သူများအားလုံးအပေါ် မူတည်လျက်ရှိပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် မြန်မာနိုင်ငံကို လာရောက်သည်မှာ ယခုအကြိမ်သည် ပဥ္စမအကြိမ်ဖြစ်ပါသည်။ ကျွန်တော် မြန်မာနိုင်ငံကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ၂၀၀၈ နာဂစ်မုန်တိုင်းအပြီး ရောက်ရှိခဲ့ပါသည်။ ယခုတဖန် မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည့် အချိန်တွင်လည်း ပဥ္စမအကြိမ်မြောက်ထပ်မံရောက်ရှိခဲ့ပါသည်။ ဤကာလ တစ်လျှောက်လုံး ကုလသမဂ္ဂယန္တရားကြီးတစ်ခုလုံးမှ မြန်မာနိုင်ငံအား အပြည့်အဝ ပံ့ပိုးကူညီနိုင်ရန် ကျွန်တော့်အနေဖြင့် တစ်တပ်တစ်အားကြိုးစားခဲ့ပါသည်။

အစိုးရအာဏာပိုင်များနှင့် သော်လည်းကောင်း၊ ဤတိုင်းပြည်ရှိ ဆန်းကြယ်လှစွာ မတူကွဲပြားသည့် အမျိုးမျိုးသော မြန်မာပြည်သူတို့ကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များနှင့်တွေ့ဆုံရာတွင်လည်းကောင်း၊ ၎င်းတို့၏ ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် သန္နိဋ္ဌာန်ချလုပ်ဆောင်နေသည်ကို ကြားရသည်မှာ ကျွန်တော့်အတွက် မျှော်လင့်ခြင်းခွန်အားများဖြစ်စေပါသည်။

ဤငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆထက်တစ်ဆနက်ရှိုင်းလာသည်နှင့်အမျှ ကုလသမဂ္ဂသည် မြန်မာနိုင်ငံအပေါ် လေးစားမှုရှိသည့် မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်တည်ရှိသွားမည်ဖြစ်ပါကြောင်း ပြောကြားလိုပါသည်။ အောင်မြင်မှုအပေါင်း ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ကျေးဇူးတင်ပါသည်။





## မန်ယူကို သစ္စာမဖောက်လိုသောကြောင့် အင်္ဂလန်မှ ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ကြောင်း ဒီဂိုဖော်လန်ပြောဆို

ဥရုဂွေးတိုက်စစ်မှူး ဒီဂိုဖော်လန်က ယခုနွေရာသီအတွင်းတွင် အင်္ဂလန်ကလပ်အသင်းများထံမှ ကမ်းလှမ်းမှုများရရှိခဲ့သော်လည်း ငြင်းပယ်ခဲ့ကြောင်း၊ ထိုသို့ငြင်းပယ်ခဲ့ခြင်းမှာ မန်ယူအသင်းအပေါ်တွင် သစ္စာမဖောက်လိုသောကြောင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီဂိုဖော်လန်သည် ၂၀၁၆ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်း၌ ဥရုဂွေးကလပ် ပီနာရိုလ်အသင်းမှ ထွက်ခွာကာ အိန္ဒိယစူပါလိဂ်ကလပ် မွမ်ဘိုင်းစီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဒီဂိုဖော်လန်သည် ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ် အထိ မန်ယူအသင်းတွင် ပါဝင်ကစားခဲ့ပြီး မန်ယူအတွက် စုစုပေါင်း ၉၈ ပွဲ ပါဝင်ကစားခဲ့ကာ ၁၇ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဖော်လန်သည် မန်ယူနှင့်အတူ ပရီမီယာလိဂ်၊ အက်ဖ်အေဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို တစ်ကြိမ်စီရရှိခဲ့သည်။ ဖော်လန်သည် မန်ယူမှထွက်ခွာခဲ့ပြီးနောက် ဗီလာရီးရဲ၊ အက်သလက်တီကို၊ အင်တာမီလန်နှင့် ဘရာဇီးကလပ် အင်တာနေရှင်နယ်၊ ဂျေလိဂ်ကလပ် ဆီရီဇိုအိုဆာကာ စသည့်အသင်းများတွင် ပါဝင်ကစားခဲ့ပြီး အင်္ဂလန်သို့ ပြန်လည်ခြေချခြင်းမရှိခဲ့ပေ။

"အခု နွေရာသီအတွင်း အင်္ဂလန်မှာကစားဖို့ ကမ်းလှမ်းမှုတွေ ရရှိခဲ့ပါတယ်။ ဒါပေမယ့် မန်ယူမှာကစားဖို့အတွက်သာ အင်္ဂလန်ကို ကျွန်တော်ပြန်လာမှာပါ။ အင်္ဂလန်မှာ ကျွန်တော်ပါဝင်ကစားမယ့် တစ်ခုတည်းသောအသင်းက မန်ယူသာဖြစ်ပါတယ်။ တကယ်လို့ မန်ယူအသင်းရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ အီဘရာဟီမိုဗစ်၊ ဝိန်းရွန်းနေ၊ မာတီရယ်၊ ရက်ဖို့ဒ်တို့ မကစားနိုင်ဘူးဆိုရင် မန်ယူကို အရေးပေါ်အငှားစာချုပ်နဲ့ လာကစားပြီး မန်ယူကိုကူညီပေးချင်ပါတယ်။ အခု နွေရာသီအတွင်းမှာ စပိန်နဲ့ အီတလီကလပ်တွေဆီက ကမ်းလှမ်းမှုတွေလည်း ရရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်က စပိန်နဲ့ အီတလီတို့မှာ ကစားဖူးတဲ့ အတွေ့အကြုံရှိထားပြီးသားပါ။ အခု ကျွန်တော်က အတွေ့အကြုံသစ်တစ်ခု စတင်ဖို့အဆင်သင့်ဖြစ်နေပါပြီ"ဟု တိုက်စစ်မှူးဖော်လန်က ပြောသွားသည်။

## ခရိုအေးရှားအသင်း ခေါင်းဆောင်သစ်အဖြစ် လုကာမိုဒရစ်အား ရွေးချယ်



ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား လုကာမိုဒရစ်သည် ခရိုအေးရှား လက်ရွေးစင်အသင်း ခေါင်းဆောင်သစ်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ခရိုအေးရှားလက်ရွေးစင်အသင်းအတွက် ကွင်းလယ်ကစားသမား လုကာမိုဒရစ် ပါဝင်ကစားပေးနိုင်ခြင်းမရှိသည့်ပွဲများတွင် အသင်းခေါင်းဆောင်တာဝန်အား ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ရာကီတစ်နှင့် လိုကိုမိုးတစ်မော်စကိုအသင်းခံစစ်မှူး ကော်လူကာတို့က အလှည့်ကျတာဝန်ယူသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားသည်။

ယူရို ၂၀၀၈ ပြိုင်ပွဲအပြီးမှ စတင်ကာ ခရိုအေးရှားလက်ရွေးစင်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူ ရှက်တာဒိုးနက်စ်အသင်း ညာတောင်ပံခံစစ်မှူး ဒါရီဂျိုဆာနာ (၃၄နှစ်)သည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ခရိုအေးရှားအသင်းက ပေါ်တူဂီအသင်းအား ၁-၀ ဂိုးဖြင့် အရေးနိမ့်ခဲ့သောပွဲအပြီးတွင် နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူသွားခဲ့ခြင်းကြောင့် အသင်းခေါင်းဆောင်သစ်အဖြစ် မိုဒရစ်အား ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ခံစစ်မှူး ဆာနာသည် ခရိုအေးရှားလက်ရွေးစင်အသင်းအတွက် ၁၃၄ ပွဲ ပါဝင်ကစားခဲ့ပြီး ၂၂ ဂိုး သွင်းယူပေး ခဲ့သူဖြစ်ကာ ခရိုအေးရှားလက်ရွေးစင်အသင်းအတွက် ပွဲအများဆုံး ပါဝင်ကစားခွင့်ရရှိသူအဖြစ် စံချိန်တင်ထားသူဖြစ်သည်။

"နိုင်ငံအသင်းရဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ခံရတာက တကယ့်ကိုကောင်းမွန်တဲ့ ခံစားမှုပါပဲ။ ကျွန်တော် အလွန်ဂုဏ်ယူမိပါတယ်။ ကျွန်တော့်အပေါ် ယုံကြည်မှုထားရှိပေးတဲ့ ခရိုအေးရှားအသင်းနည်းပြ ကာဆီကို ကျေးဇူးတင်ပါတယ်။ ဒီတာဝန်နဲ့ ကျွန်တော်လိုက်ဖက်မှုရှိတယ်ဆိုတာကို သက်သေပြနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု မိုဒရစ်က ပြောဆိုခဲ့သည်။ စပါးကစားသမားဟောင်း မိုဒရစ်(၃၀နှစ်)သည် ၂၀၀၆ ခုနှစ်မှစတင်ကာ ခရိုအေးရှားလက်ရွေးစင်အသင်းအတွက် ပါဝင်ခွင့်ရရှိခဲ့သူဖြစ်ပြီး နိုင်ငံအသင်းအတွက် ၉၃ ပွဲ ပါဝင်ကစားထားကာ ၁၁ ဂိုး သွင်းယူထားသူဖြစ်သည်။

လာမည့် စက်တင်ဘာ ၅ ရက်တွင် ခရိုအေးရှားအသင်းက တူရကီအသင်းအား အိမ်ကွင်းတွင် လက်ခံကစားရမည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲသည် မိုဒရစ်အတွက် နိုင်ငံအသင်းကပ္ပတိန်အဖြစ် တာဝန်ယူကစားသည့် ပထမဆုံးပွဲဖြစ်လာမည်ဖြစ်သည်။ ခရိုအေးရှားပရိသတ်များက ဖက်ဆစ်ဝါဒနှင့် ပတ်သက်၍ အော်ဟစ်မှုများပြုလုပ်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ခရိုအေးရှားအသင်းအား ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အိမ်ကွင်းခြေစစ်ပွဲနှစ်ပွဲကို ပရိသတ်မပါဘဲ ကစားရန် ပြစ်ဒဏ်ချမှတ်ထားခြင်းကြောင့် ခရိုအေးရှားအသင်းသည် တူရကီ၊ နိုဝင်ဘာ ၁၂ ရက်တွင် အိုက်စလန်အသင်းတို့နှင့် ကစားမည့်ပွဲများကို ပရိသတ်မပါဘဲ ကွင်းပိတ်ကစားရမည်ဖြစ်သည်။

# တိုက်စစ်မှူးနီဂရီဒိုရဲ့ တစ်ကျော့ပြန်ပရီမီယာလိဂ်ခရီး

**အောင်က**

တိုက်စစ်မှူးနီဂရီဒိုဟာ မန်စီးတီးအသင်းမှာ တစ်ရာသီသာကစားပြီး စပိန်ကို လှည့်ပြန်ခဲ့တဲ့အချိန်တုန်းက မန်စီးတီးအသင်းကို ပြောင်းရွှေ့ကစားခြင်းဟာ သူ့အတွက် အမှားတစ်ခုကျူးလွန်လိုက်ခြင်းဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ သူဟာ မန်စီးတီးအသင်းကို မပြောင်းရွှေ့ခင်က ၂၀၁၃-၁၄ ရာသီမှာဆိုရင် ဆီဗီလာအသင်းရဲ့ပြိုင်ပွဲစုံ ၄၉ ပွဲမှာ ၃၁ ဂိုးအထိ သွင်းယူပေးနိုင်အောင် ခြေစွမ်းပြကစားနိုင်ခဲ့တဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့မန်စီးတီးနေ့ရက်တွေဟာ အိပ်မက်ဆိုးတွေနဲ့ ဖြတ်ကျော်ခဲ့ရတဲ့နေ့ရက်လို့ပြောရမှာပါ။ အခုတော့ သူဟာ အင်္ဂလန်မြေကို တစ်ကျော့ပြန်ရောက်ရှိလာခဲ့ပါတယ်။

လက်ရှိအချိန်မှာ နီဂရီဒိုရဲ့အသက်ဟာ ၃၁ နှစ်ရှိပြီဖြစ်တာကြောင့် အကောင်းဆုံးနေ့ရက်တွေ ဆက်လက်ရှင်သန်ဖို့ မျှော်လင့်နိုင်သေးတဲ့အရွယ်လို့ ပြောရမှာဖြစ်ပါတယ်။ သူဟာမစ်ဒယ်ဘရော့အသင်းကို ကနဦးတစ်ရာသီအငှားနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး သူ့ရဲ့ခြေစွမ်းပေါ်မူတည်ပြီး ရာသီကုန်မှာတော့ အမြဲတမ်းကစားသမားအဖြစ် တွေ့မြင်ရဖို့ ရှိပါတယ်။ နီဂရီဒိုအနေနဲ့ကလည်း မစ်ဒယ်ဘရော့အသင်း ပရီမီယာလိဂ်ကနေ တန်းဆင်းသွားရမှသာ ဗလင်စီယာအသင်းကို ပြန်ဖို့အလားအလာရှိနေတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။



နီဂရီဒိုဟာ ယခုနှစ်နွေရာသီမှာ မစ်ဒယ်ဘရော့အသင်းကို ရောက်ရှိလာခဲ့တဲ့ ကစားသမားသစ် ရှစ်ဦးထဲက တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ ပြောင်းရွှေ့လာမှုဟာ လူတိုင်းကို သတိထားစေခဲ့တာကတော့ အမှန်ပါပဲ။ သူဟာ မစ်ဒယ်ဘရော့အသင်းနဲ့အတူ ပရီမီယာလိဂ် သုံးပွဲကစားပြီးချိန်မှာတော့ ၁ ဂိုးရရှိအောင် စွမ်းဆောင်ပေးခဲ့သလို ဂိုးရရှိဖို့အတွက်လည်း နှစ်ကြိမ်တိုင် ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း လက်ရှိ သူ့ရဲ့စွမ်းဆောင်မှုတွေဟာ ပြီးခဲ့တဲ့ရာသီက ဗလင်စီယာအသင်းမှာ ၁၃ ပွဲကစားပြီးထားတဲ့အချိန်နဲ့တောင် တူညီနေတယ်လို့ပြောရမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း လက်ရှိတိုက်စစ်မှူး နီဂရီဒိုရဲ့ ခြေစွမ်းတွေကတော့ မစ်ဒယ်ဘရော့ ပရိသတ်တွေအတွက် ကျေနပ်နှစ်သက်စရာလို့ ဆိုရမှာဖြစ်ပါတယ်။ ဒ့ါအပြင် သူ့ရဲ့အင်းတိုက်အားတိုက် ကစားနိုင်မှုနဲ့ ခြေစွမ်းကောင်းပေါင်းစပ်ပြီး အသင်းအတွက် ရလဒ်ကောင်းတွေ ရယူပေးထားနိုင်တာကလည်း သက်သေလို့ ပြောရမှာဖြစ်ပါတယ်။ နီဂရီဒိုရဲ့ထူးခြားချက်ကတော့ ဘယ်ခြေ၊ ညာခြေ၊ ခေါင်းတိုက်၊ ဖရီးကစ်ပုံစံမျိုးစုံနဲ့ ဂိုးသွင်းယူနိုင်စွမ်းရှိတဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူးနီဂရီဒိုနဲ့ ပတ်သက်ပြီး ခြေစွမ်းတွေက အခုအချိန်မှာတော့ မှန်းဆလို့မရသေးဘူးလို့ ပြောရမှာဖြစ်ပါတယ်။

တိုက်စစ်မှူးနီဂရီဒိုဟာ မန်စီးတီးအသင်းကနေ ဗလင်စီယာအသင်းကို ပြောင်းရွှေ့သွားခဲ့ပြီးနောက်ပိုင်းမှာတော့ အသင်းနဲ့အတူ စပိန်လာလီဂါ နှစ်ရာသီပေါင်း ၁၀ ဂိုးသာသွင်းယူနိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း တိုက်စစ်မှူး နီဂရီဒိုအနေနဲ့ ဗလင်စီယာအသင်းမှာ ယုံကြည်ချက်တွေပျောက်ဆုံးပြီး ပရီမီယာလိဂ်ကို ဦးတည်ပြန်လာခဲ့ရတာလည်း ဖြစ်ပါတယ်။

မစ်ဒယ်ဘရော့ အသင်းအနေနဲ့ကလည်း နီဒရီဒိုလိုကစားသမားတစ်ဦးကို အရဲစွန့်ပြီး ခေါ်ယူရတယ်လို့တောင် ဆိုရမှာပါ။ ဒါကြောင့်လည်း မစ်ဒယ်ဘရော့အသင်းရဲ့ အနာဂတ်တွေဟာ တိုက်စစ်မှူး နီဂရီဒိုရဲ့ လက်ထဲမှာရှိနေတယ်လို့တောင် ပြောရမှာဖြစ်ပါတယ်။ မစ်ဒယ်ဘရော့အသင်း မန်နေဂျာ ကာရန်ကာကလည်း တိုက်စစ်မှူးတစ်ဦးဦးကို ငွေကြေးအမြောက်အမြား အသုံးပြုခေါ်ယူခြင်းထက် နီဂရီဒိုကို အငှားနဲ့ ခေါ်ယူလိုက်ခြင်းက ပိုမိုကောင်းမွန်တဲ့ နည်းလမ်းဖြစ်မည်ကို ယူဆသောကြောင့် ခေါ်ယူလိုက်ခြင်းလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ်မှာ တိုက်စစ်မှူး အီဘရာဟီမိုဗစ်၊ အဂူရိုတို့ဟာ သုံးဂိုးသွင်းယူပေးထားနိုင်ပေမယ့် နီဂရီဒိုအနေနဲ့ကလည်း အသင်းအတွက် ဂိုးရရှိဖို့အတွက် တစ်ဂိုး သွင်းယူပြီး နှစ်ဂိုးရရှိအောင်ပံ့ပိုးပေးထားနိုင်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်ပါတယ်။

ပရီမီယာလိဂ်သမိုင်းတစ်လျှောက်ကို ကြည့်မယ်ဆိုရင်လည်း အသင်းတစ်သင်းအနေနဲ့ ကစားသမားတစ်ဦးဟာ ၁၀ ဂိုး သို့မဟုတ် ၁၀ ဂိုးအထက် ဂိုးမသွင်းယူနိုင်ဘူးဆိုရင်တော့ အသင်းအနေနဲ့ တန်းဆင်းဇုန်ကိုကျရောက်ဖို့ များနေပြီလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အသင်းတစ်သင်းအနေနဲ့ တန်းဆင်းဇုန်မှာ ကျန်ရစ်နိုင်ဖို့ဆိုရင် ပုံမှန်ဂိုးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးလိုတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီကဆိုရင်တော့ ဆန်းဒါးလန်းအသင်းကို ကယ်တင်ခဲ့သူက တိုက်စစ်မှူးဒီဖိုးဖြစ်ပါတယ်။ ဒါပေမယ့် ကျူပီအာနဲ့ နယူးကာဆယ်အသင်းတို့မှာတော့ တိုက်စစ်မှူးတွေဟာ ၁၀ဂိုးကျော်သွင်းယူနိုင်ပေမယ့် တန်းဆင်းသွားခဲ့ရတာတော့ ရှိပါတယ်။

ဒီနှစ်ရာသီမှာတော့ တိုက်စစ်မှူး နီဂရီဒိုဟာ မစ်ဒယ်ဘရော့အသင်း ပရိသတ်တွေအတွက်တော့ အားကိုးမျှော်လင့်စရာ အလင်းရောင်လို့လည်း ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်မှူး နီဂရီဒိုအနေနဲ့ တစ်ချိန်ကလို ခြေစွမ်းမျိုးတွေသာ ပြန်လည်ရရှိခဲ့မယ်ဆိုရင်တော့ မစ်ဒယ်ဘရော့အသင်း ရလဒ်ကောင်းတွေရယူပေးနိုင်မယ်ဆိုတာကတော့ မလွဲဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

**နီဂရီဒို၏စွမ်းဆောင်မှုမှတ်တမ်း**

| ခုနှစ် | ပွဲ | ဂိုး | ပံ့ပိုးမှု | တစ်ပွဲအလိုက်ဂိုးပေါက်ကန်သွင်းမှု |
|---|---|---|---|---|
| ၂၀၁၂-၁၃ | ၃၆ | ၂၅ | ၁ | ၄.၂ % |
| ၂၀၁၃-၁၄ | ၃၂ | ၉ | ၃ | ၂.၁ % |
| ၂၀၁၄-၁၅ | ၃၀ | ၅ | ၄ | ၁.၈ % |
| ၂၀၁၅-၁၆ | ၂၅ | ၅ | ၂ | ၁.၆ % |

**"နီဂရီဒိုဟာ မစ်ဒယ်ဘရော့အသင်း ပရိသတ်တွေအတွက်တော့ အားကိုးမျှော်လင့်စရာ အလင်းရောင်လို့လည်း ပြောရမှာဖြစ်"**

**"နီဂရီဒိုအနေနဲ့ တစ်ချိန်ကလို ခြေစွမ်းမျိုး တွေသာ ပြန်လည်ရရှိခဲ့မယ်ဆိုရင်တော့ မစ်ဒယ်ဘရော့အသင်း ရလဒ်ကောင်းတွေ ရယူပေးနိုင်မယ်ဆိုတာကတော့ မလွဲဘူးလို့ဆိုရမှာဖြစ်"**

ပြီးခဲ့တဲ့ဩဂုတ် ၂၆ ရက်မှာ ၂၀၁၆-၁၇ ယူရိုပါလိဂ်အုပ်စုမဲခွဲပွဲတွေ ကျင်းပတယ်။ အဲဒီမှာ အင်္ဂလန်ကလပ်ဖြစ်တဲ့ မန်ယူကအုပ်စု(A)မှာ ဖီယင်နော့၊ ဖီနာဘာချီ၊ ဇော်ရာတို့နဲ့ဆုံတယ်။ ဒီတော့အဆိုပါဖြစ်စဉ်နဲ့ပတ်သတ်ပြီး ဘာပြောစရာရှိမလဲ။ ပြောမယ်ဆိုရင်ပေါ့။ အင်္ဂလန်ကလပ်တွေဟာ ယူရိုပါလိဂ်ပြိုင်ပွဲအတွင်း ၂၀၁၂-၁၃ ဘောလုံးရာသီမှာ ချယ်လ်ဆီးဗိုလ်စွဲခဲ့ပြီးတဲ့နောက် ချန်ပီယံဆုကို အရယူနိုင်တဲ့အသင်း မရှိခဲ့သော်ငြား မနှစ်ကယူရိုပါလိဂ်ပြိုင်ပွဲမှာ လီဗာပူးက ဗိုလ်လုပွဲအထိတက်ပြနိုင်ခဲ့တယ်။ ဒီတော့ ဒီနှစ်မှာရော အင်္ဂလန်ကလပ်ဖြစ်တဲ့ မန်ယူအနေနဲ့ ယူရိုပါလိဂ်မှာ ဘယ်အတိုင်းအတာအထိ စွမ်းဆောင်ပြနိုင်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းလာတယ်။

# မန်ယူနှင့် ယူရိုပါလိဂ်မျှော်လင့်ချက်




အထူးသဖြင့်ပေါ့။ ဒီနှစ်ယူရိုပါလိဂ်မှာပါဝင်တဲ့ အင်္ဂလန်ကလပ်နှစ်သင်းအနက် မန်ယူက အင်္ဂလန်အတွက် ၂၀၁၂-၁၃ ရာသီနောက်ပိုင်း ယူရိုပါလိဂ်မှာ တစ်ကျော့ပြန်အောင်ပွဲရယူနိုင်ရေး မျှော်လင့်ချက်ထားချင်စရာ သိပ်ကောင်းလွန်းနေတယ်။

ပြောရရင် မန်ယူကအုပ်စုအနေအထားအရလည်း အားသာမှုရှိတယ်။ ဇော်ရာလို အသင်းငယ်လေးအပြင် ဖီနာဘာချီ၊ ဖီယင်နော့တို့လိုသာမန်အဆင့်အသင်းတွေနဲ့သာ ရင်ဆိုင်ရမှာဆိုတော့ ပြိုင်ဘက်ဝန်းကျင် အနေအထားအရလည်း မျှော်လင့်စရာကောင်းတယ်။

ဒါ့အပြင် မန်ယူမှာက ယူရိုပါလိဂ် အဆင့်ထက်ပိုတဲ့ ကစားသမားအဆင့် အတန်းနဲ့ စုဖွဲ့မှုလည်း ရှိတယ်။ မန်ယူမှာရှိတဲ့ မိုဗစ်၊ ပေါ့ဂ်ဘာ၊ မီခီတာရန်၊ ရွှန်းနေ၊ ဘိုင်လီစတဲ့ ကစားသမားတွေဟာ ထိပ်တန်းအဆင့်တွေနဲ့ ခြေစွမ်းပိုင်းအရ ကောင်းမွန်သူတွေလည်းဖြစ်ကြတာကြောင့် ကစားသမားစုဖွဲ့မှုအင်အားအရလည်း မန်ယူက မျှော်လင့်ချင်စရာပို ကောင်းတယ်။ အရှင်းဆုံးပြောရရင် မန်ယူဟာ လက်ရှိအချိန်အတွင်းမှာ ယူရိုပါလိဂ်ပြိုင်ပွဲဝင်အသင်းတွေအနက်မှာတောင်မှ ကစားသမားအင်အားပိုင်းအရ အတောင့်တင်းဆုံးအသင်းလို့တောင် ဆိုနိုင်နေတဲ့အခါ ၂၀၁၂-၁၃ နောက်ပိုင်းအင်္ဂလန်ကလပ်တွေ ထပ်မံအရမယူနိုင်ခဲ့တဲ့ ယူရိုပါလိဂ်ဆုဖလားကို ဒီနှစ်မန်ယူကရယူပေးနိုင်မလားဆိုတာက စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းခြင်းရာတစ်ခုလိုဖြစ်လာတယ်။

ပြောရရင် လက်ရှိစည်းမျဉ်းအရ ယူရိုပါလိဂ်မှာ ဗိုလ်စွဲတဲ့အသင်းက လာမယ့်နှစ်ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့အုပ်စုအဆင့်ကို တိုက်ရိုက်ဝင်ခွင့်ရမယ်။ ဒီတော့ မော်ရင်ညိုအနေနဲ့ အဆိုပါအချက်ကို အသုံးချပြီး မန်ယူနဲ့သူ့ရဲ့ ပထမဆုံးရာသီမှာ အောင်မြင်မှုတစ်ခုနဲ့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ကို ဒီပြိုင်ပွဲတစ်ခုတည်းကနေ အရယူနိုင်ဖို့ကြိုးစားမယ်ဆိုရင် အဆိုပါအချက်ကို မန်ယူရဲ့ လက်ရှိစုဖွဲ့မှုနဲ့ပါပေါင်းကြည့်ရင် ဒီနှစ်ယူရိုပါလိဂ်မှာ မန်ယူရဲ့ အောင်မြင်နိုင်ခွင့်ဟာ ပိုမိုမျှော်လင့်ချင်စရာ ဖြစ်လာတယ်။

ဒါပေမယ့်ပေါ့။ တစ်ချို့ကတော့ အင်္ဂလန်ကလပ်တွေရဲ့ ယူရိုပါလိဂ်ပြိုင်ပွဲအပေါ်ထားတဲ့ သဘောထားကို ထောက်ပြကြတယ်။ ပြောရရင် အင်္ဂလန်ကလပ်တွေဟာ ယူရိုပါလိဂ်ပြိုင်ပွဲတွေမှာ အောင်မြင်မှုရဖို့ အားစိုက်ရုန်းကန်ရမှုမျိုး သိပ်မတွေ့ရဘူး။ ယူအီအက်ဖ်အေဖလားပြိုင်ပွဲကစလို့ အခု ယူရိုပါလိဂ်ပြိုင်ပွဲဆိုတဲ့အမည်အထိ ပြိုင်ပွဲသက်တမ်းတစ်လျှောက်မှာတောင်မှ ယူရိုပါလိဂ်ဆုဖလားကိုအရယူနိုင်တဲ့ အင်္ဂလန်ကလပ်အသင်းက လေးသင်းသာရှိတာက သက်သေတစ်ရပ်လို့လည်း ဆိုကြတယ်။

**မန်ယူဟာ လက်ရှိအချိန်အတွင်းမှာ ယူရိုပါလိဂ်ပြိုင်ပွဲဝင်အသင်းတွေအနက်မှာတောင်မှ ကစားသမားအင်အားပိုင်းအရ အတောင့်တင်းဆုံးအသင်းလို့တောင် ဆိုနိုင်နေတဲ့အခါ ၂၀၁၂-၁၃ နောက်ပိုင်းအင်္ဂလန်ကလပ်တွေ ထပ်မံအရမယူနိုင်ခဲ့တဲ့ ယူရိုပါလိဂ်ဆုဖလားကို ဒီနှစ်မန်ယူကရယူပေးနိုင်မလားဆိုတာက စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းခြင်းရာတစ်ခုလိုဖြစ်လာ**

အရှင်းဆုံးပြောရရင် အင်္ဂလန်ကလပ်တွေဟာ ယူရိုပါလိဂ်မှာ အောင်မြင်မှုရယူနိုင်ဖို့ထက် ပြည်တွင်းမှာထိပ်ဆုံး လေးသင်းစာရင်းဝင်ဖြစ်ရေးနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ရေးကိုသာ ပိုမိုအာရုံစိုက်လေ့ရှိကြတယ်။ ဒါကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲကြား ဝင်ငွေကွာဟမှုခြားနားလွန်းတဲ့ အချက်တစ်ရပ်ကြောင့်လည်း ဖြစ်သလို ပရီမီယာလိဂ်ရဲ့ ပြိုင်ဆိုင်မှုပြင်းထန်ခြင်းဆိုတဲ့ အချက်ကြောင့်နဲ့လည်း သက်ဆိုင်ပါတယ်လို့ ကောက်ချက်ဆွဲကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ပရီမီယာလိဂ်ပြိုင်ပွဲက အခုနောက်ပိုင်းမှာပိုပြီးတော့တောင်မှ ပြိုင်ဆိုင်မှုပြင်းထန်လာတယ်။ တစ်သင်းနဲ့တစ်သင်းကြား ခြေစွမ်းပိုင်းကွာဟမှုလည်း ကျဉ်းသထက်ကျဉ်းလာတယ်။ ဒီလိုအချိန်မှာ ယူရိုပါလိဂ်ကစားရတဲ့ရက်က ချန်ပီယံလိဂ်ထက်နောက်ကျတယ်။ ပရီမီယာလိဂ်ပွဲစဉ်တွေနဲ့ ပိုမိုနီးကပ်တယ်။ ပြီးတော့ ယူရိုပါလိဂ်က ချန်ပီယံလိဂ်ထက်လည်း ဖြတ်ကျော်ရမယ့်အဆင့်ကပိုများတယ်။ ဒီတော့ ယူရိုပါလိဂ်မှာ အားစိုက်ခဲ့ရလို့ ပွဲပန်းမှုတွေနာကျင်ဒဏ်ရာရမှုတွေကြုံကာ ပရီမီယာလိဂ်ပွဲအတွင်း အတိမ်းအစောင်းဖြစ်ပြီး ရပ်တည်မှုကိုထိခိုက်မယ့်အပေါ် အင်္ဂလန်ကလပ်အများစုက မနှစ်သက်ကြဘူး။

အရှင်းဆုံးပြောရရင် ယူရိုပါလိဂ်မှာရရှိနိုင်တဲ့ ဝင်ငွေဟာ ချန်ပီယံလိဂ်ထက်သာမက လက်ရှိ ပရီမီယာလိဂ်ကနေရနိုင်တဲ့ ဝင်ငွေထက်တောင်နည်းတယ်။ ဒီတော့ ယူရိုပါလိဂ်မှာဆုဖလား ဆွတ်ခူးနိုင်ဖို့ထက် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးနဲ့ အဆင့်အလိုက်ဝင်ငွေကွာဟမှုရှိတဲ့ ပရီမီယာလိဂ်မှာ အဆင့်မြင့်နိုင်သမျှမြင့်ကာ ဝင်ငွေပိုမိုရယူနိုင်ရေးကို သာပိုမိုအားစိုက်ကြတယ်ဆိုတော့။ မန်ယူအနေနဲ့လည်း ဒီနှစ်ယူရိုပါလိဂ်မှာ အောင်မြင်မှုရယူနိုင်ဖို့ကို အဓိကထား အာရုံစိုက်လာဖို့ခက်တယ်လို့ ထောက်ပြကြတာဖြစ်တယ်။

ပြောရရင် မော်ရင်ညိုအနေနဲ့ သာမန်အရတွက်ကြည့်ရင်ဆိုခဲ့ပြီးတဲ့အတိုင်း သူ့ရဲ့ပထမဆုံးရာသီမှာ ဥရောပအောင်မြင်မှု တစ်ခုနဲ့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ကို တစ်ပြိုင်နက်အရယူနိုင်ခဲ့မယ်ဆိုရင် ပရိသတ်ရဲ့ကျေနပ်လက်သင့်ခံမှုကို ရရှိနိုင်တယ်လို့ တွေးတောနိုင်ပေမယ့် မန်ယူဆိုတာက ဖာဂူဆန်နောက်ပိုင်းမှာ ပရီမီယာလိဂ်အောင်မြင်မှုကို လုံးဝမရခဲ့တော့တဲ့ အသင်းဖြစ်တဲ့အပြင် ချန်ပီယံဆုအတွက် စိန်ခေါ်သူအဆင့်ကိုတောင် မရောက်ခဲ့ဘူး။ ဒါ့အပြင် ဒီနှစ်မှာ မော်ရင်ညိုဟာ ပေါ့ဂ်ဘာ၊ မီခီတာရန်၊ ဘိုင်လေ၊ အီဘရာဟီမိုဗစ်တို့လို ထိပ်တန်းအဆင့်ကစားသမားတွေကို ပါခေါ်ယူထားတော့။ မန်ယူပရိသတ်ရဲ့ အသင်းအပေါ်မျှော်လင့်စိတ်က ပိုမြင့်လာတယ်။ အရှင်းဆုံးပြောရရင် မန်ယူပရိသတ်ဟာ ဒီနှစ်မှာ ပရီမီယာလိဂ်ဆုဖလားကို အရယူနိုင်ခြင်းမရှိခဲ့ဘူးဆိုရင်တောင်မှ ချန်ပီယံဆုကို အဓိကစိန်ခေါ် နိုင်တဲ့အဆင့်မှာ မန်ယူကို ပိုမြင်လိုကြတဲ့အခါ။ မော်ရင်ညိုအနေနဲ့ ယူရိုပါလိဂ်ကို အားစိုက်လို့ ပရီမီယာလိဂ်မှာ တိမ်းစောင်းမှုတွေဖြစ်ပြီး ထိပ်ဆုံးလေးသင်းစာရင်းတောင် မဝင်နိုင်ဖြစ်ခဲ့ရင် ပရိသတ်ရဲ့လက်သင့်ခံနိုင်မှုကို ရယူနိုင်ပါ့မလား။

အထူးသဖြင့် မနှစ်ကရာသီအဆုံးသတ်မှာ ဗန်ဟားလ်ကိုထုတ်ပယ်ခဲ့ခြင်းဟာ ယူရိုပါလိဂ်မှာ အောင်မြင်မှုမရခဲ့တာကြောင့်ဆိုတာထက် ပရီမီယာလိဂ်မှာ ထိပ်ဆုံး လေးသင်းနေရာနဲ့ လွဲချော်ခဲ့မှုက ပိုအဓိကကျခဲ့တာကိုကြည့်ရင် မန်ယူရဲ့ အဓိကဦးတည်ရာက ပိုမြင်သာတယ်။ ဒီတော့ မော်ရင်ညိုအနေနဲ့လည်း ယူရိုပါလိဂ်ကို အဓိကထား အားစိုက်နိုင်ခြေရှိပါ့မလား။ တကယ်လို့ အဓိကထား အားစိုက်မှုမရှိရင်ရော ကစားသမား ဘယ်လောက်ပဲတောင့်တင်းမှုရှိရှိ အောင်မြင်မှု ရပါ့မလား။ ထပ်ပြောရရင် ချန်ပီယံလိဂ်ကနေ ဆင်းလာမယ့်အသင်းတွေပါ ပါဝင်လာချိန်ရောက်ရင် ယူရိုပါလိဂ်ကပိုပြီးတော့တောင် အောင်မြင်ဖို့ခက်မယ်ဆိုတော့ မန်ယူအတွက် အာရုံစိုက်မှုမပြင်းထန်ရင် အောင်မြင်ဖို့ပိုခက်မယ့် သဘောလည်း ရှိသေးတယ်။

ဒီတော့ မန်ယူအနေနဲ့ ကစားသမားစုဖွဲ့မှုအရ တောင့်တင်းခိုင်မာမှုရှိပါတယ်ဆိုသော်ငြား ဒီနှစ်ယူရိုပါလိဂ်မှာ အောင်ပွဲရဖို့အာမခံချက်ပေးနိုင်ပါ့မလား။ ဟားလ်ကို အနိုင်ရခဲ့တဲ့ပွဲအပြီးမှာတောင် မော်ရင်ညိုက ပရီမီယာလိဂ်ချန်ပီယံဆုကို မျှော်လင့်ပါတယ်လို့ ဆိုခဲ့တာဆိုတော့ မန်ယူအနေနဲ့ယူရိုပါလိဂ်ကို အာရုံစူးစိုက်ကစားလာနိုင်ပါ့မလား။ သေချာတာကတော့ မနှစ်က လီဗာပူးတောင်မှ ပရီမီယာလိဂ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ခက်တဲ့အချိန်မှ ယူရိုပါလိဂ်ကို အားစိုက်ခဲ့တာဆိုတော့ မန်ယူအနေနဲ့လည်း ယူရိုပါလိဂ်ဟာ ဦးစားပေးပြိုင်ပွဲတစ်ရပ်ဖြစ်ဖို့ခက်တယ်လို့သာ ဆိုချင်မိပါတယ်။

**ဝေမိုးဆက်**

## ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲ

**တနင်္ဂနွေနေ့ (၄-၉-၁၆)**

| | |
|---|---|
| ည ၁၀း၃၀ | ဆန်မာရီနို - အဇာဘိုင်ဂျန် |
| ည ၁၀း၃၀ | ဒိန်းမတ် - အာမေးနီးယား |
| ည ၁၀း၃၀ | ကာဇက်စတန် - ပိုလန် |
| ည ၁၀း၃၀ | လစ်သူယေးနီးယား - ဆလိုဗေးနီးယား |
| ည ၁၀း၃၀ | ဆလိုဗက်ကီးယား - အင်္ဂလန် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ချက် - မ/အိုင်ယာလန် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | နော်ဝေ - ဂျာမနီ |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ရိုမေနီးယား - မွန်တီနီဂရိုး |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | မော်လ်တာ - စကော့တလန် |

**တနင်္လာနေ့ (၅-၉-၁၆)**

| | |
|---|---|
| ည ၁၀း၃၀ | ဂျော်ဂျီယာ - သြစတြီးယား |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ဆားဘီးယား - အိုင်ယာလန် |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ဝေလ - မော်လ်ဒိုဗာ |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | အယ်ဘေးနီးယား - မက်ဆီဒိုးနီးယား |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | အစ္စရေး - အီတလီ |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | စပိန် - လီချင်စတိန်း |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ခရိုအေးရှား - တူရကီ |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ယူကရိန်း - အိုက်စလန် |
| နံနက် ၁း၁၅ (အင်္ဂါနံနက်) | ဖင်လန် - ကိုဆိုဗို |

**အင်္ဂါနေ့ (၆-၉-၁၆)**

| | |
|---|---|
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘီလာရုစ် - ပြင်သစ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘူဂေးရီးယား - လူဇင်ဘတ် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဆွီဒင် - ဟော်လန် |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | အင်ဒိုရာ - လတ်ဗီးယား |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဖာရိုကျွန်းစု - ဟန်ဂေရီ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဆွစ်ဇာလန် - ပေါ်တူဂီ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘော့စနီးယား - အက်စ်တိုးနီးယား |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဆိုက်ပရပ်စ် - ဘယ်ဂျီယံ |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဂျီဘရော်တာ - ဂရိ |

# နိုင်ငံအသင်းမှ အနားယူရေးစဉ်းစားရန် ရွှန်းနေအား အလန်ရှီးယားရား တိုက်တွန်း

မန်ယူအသင်းတွင် ပိုမိုကြာရှည် စွာ ကစားနိုင်စေရေးအတွက် တိုက်စစ်မှူး ဝိန်းရွှန်းနေအနေဖြင့် အင်္ဂလန်လက်ရွေးစင်အသင်းမှ အနားယူသင့်ကြောင်း အင်္ဂလန်တိုက်စစ်မှူးဟောင်း အလန်ရှီးယားရားက တိုက်တွန်းလိုက်သည်။

တိုက်စစ်မှူး ဝိန်းရွှန်းနေသည် အင်္ဂလန်အသင်း မန်နေဂျာသစ် ဆမ်အလာဒိုက်စ်၏ ပထမဆုံးပွဲဖြစ်သောဆလိုဗက်ကီးယားနှင့် ကစားမည့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲအတွက် အင်္ဂလန်အသင်းကစားသမားစာရင်းတွင် ထည့်သွင်းခြင်းခံထားရသူဖြစ်သည်။ သို့သော်လည်း မန်နေဂျာ





ဆမ်အလာဒိုက်စ်သည် ဝိန်းရွှန်းနေး(၃၀ နှစ်)အား တိုက်စစ်နေရာအတွက်မဟုတ်ဘဲ ကွင်းလယ်ကစားသမားတစ်ဦးအဖြစ်သာ ထည့်သွင်းထားခြင်းဖြစ်သည်။

"အခုအချိန်က ရွှန်းနေအနေနဲ့ ကိုယ့်အတွက် ကိုယ်စဉ်းစားရမယ့်အချိန်ပါ။ ဆိုလိုတာက သူ့အနေနဲ့ နိုင်ငံလက်ရွေးစင်အသင်းက အနားယူဖို့ စဉ်းစားသင့်ပြီလို့ ဆိုလိုတာဖြစ်ပါတယ်။ ဒီလိုပြောရတဲ့အတွက် တကယ့်ကို စိတ်မကောင်းဖြစ်ရပါတယ်။ ရွှန်းနေအနေနဲ့ အင်္ဂလန်အသင်းအတွက် အကောင်းဆုံး လုပ်ဆောင်ပေးနိုင်မှုမရှိတော့ဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ဒါပေမယ့် သူဟာ အသက် ၃၀ အရွယ်ရှိပါပြီ။ နောက်ပြီး ရွှန်းနေက အင်္ဂလန်အသင်းနဲ့ မန်ယူအသင်းရဲ့ ကပ္ပတိန်ဖြစ်ပါတယ်။ သူ့အသက်အရွယ် ကစားသမားတစ်ဦးအနေနဲ့ နိုင်ငံအသင်းမှာရော ကလပ်အသင်းမှာပါ အားလုံးကျေနပ်လက်ခံအောင် ကစားနိုင်ဖို့ဆိုတာ အလွန်ခက်ပါတယ်။ ရွှန်းနေအနေနဲ့ နိုင်ငံအသင်းကနေ အနားယူဖို့ ဆုံးဖြတ်မယ်ဆိုရင်လည်း ဒီဆုံးဖြတ်ချက်အတွက် အရှက်ရစရာမလိုပါဘူး"ဟု အလန်ရှီးယားရားက The Sun သတင်းစာ၌ ရေးသားဖော်ပြခဲ့သည်။

အလန်ရှီးယားရားက သူသည် အသက် ၂၉ နှစ်အရွယ်၌ပင် အင်္ဂလန်လက်ရွေးစင်အသင်းမှ အနားယူခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းတွင် အသက် ၃၅ နှစ်အထိ ကစားနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆက်လက်ရှင်းလင်းဖော်ပြခဲ့သည်။

တိုက်စစ်မှူး ရွှန်းနေသည် အင်္ဂလန်အသင်းအတွက် ၁၁၅ ပွဲ ပါဝင်ကစားထားပြီး ၅၃ ဂိုး သွင်းယူထားကာ နိုင်ငံအသင်းအတွက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

**တိုက်စစ်မှူး ရွှန်းနေသည် အင်္ဂလန်အသင်းအတွက် ၁၁၅ ပွဲ ပါဝင်ကစားထားပြီး ၅၃ ဂိုး သွင်းယူထားကာ နိုင်ငံအသင်းအတွက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်**

# ဆင်သေနှင့် ငလိုက်ချောင်းဆုံရာတွင် ရုတ်တရက်ရေလျှံမှုကြောင့် ကျောင်းသားကျောင်းသူများ အခက်ကြုံ

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စုနှင့် ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာ နှစ်ရွာကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ဆင်သေချောင်းနှင့် ငလိုက်ချောင်းဆုံရာ ချောင်းဆုံမှာ ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ကျောင်းသားကျောင်းသူများနှင့် နေ့စဉ်သွားလာကြသူများ အခက်အခဲများနှင့် ကြုံတွေ့ကာ အန္တရာယ်ဖြစ်ပွားနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီး သွားလာမှုအဆင်ပြေစေရန် ရည်ရွယ် တည်ဆောက်နေသည့် တံတားငယ်မှာလည်း ရေတိုးလာသောကြောင့် မူလအရှည်နှင့် ကိုက်ညီမှုအားနည်းနေကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ ချောင်းဆုံနေရာသည် ကျေးရွာနှစ်ရွာဆက်သွယ်ထားသည့် အဓိကကျသော နေရာတစ်ခုတွင် တည်ရှိပြီး နှစ်စဉ်ရေလျှံလေ့ မရှိသော်လည်း သုံးနှစ်တစ်ကြိမ် ရေလျှံလေ့ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။ "ရေက ဩဂုတ် ၂၈ ရက်မှာ ရုတ်တရက်စပြီး ချောင်းရေလျှံ လာတာပါ။ အထက်တန်းကျောင်းက ညောင်ပင်သာရွာဘက်မှာရှိတော့ နေ့စဉ် ကလေးတွေက ချောင်းကိုဖြတ်ပြီး ကျောင်းသွားကြရတာ။ ရေကြီးတော့ ကလေးတွေ ကူးဖြတ်နိုင်ဖို့ ခက်ခဲနေကြရတာဖြစ်ပါတယ်။ အဲဒီနေရာက ဇေယျာသီရိမြို့နယ်အပိုင်ထဲက သာယာကုန်းကျေးရွာအပြင် ရိုးပင်ဇောင်း၊ ရွာသစ်၊ ညောင်ပင်ကြီး၊ ချောင်းကမ်း၊ ဝဲကြီးစတဲ့ ရွာတွေကနေ နေ့တိုင်း ညောင်ပင်သာကို ကျောင်းသွား တက်နေကြတဲ့ ကလေးတွေအားလုံး ကူးသန်းဖို့ ခက်ခဲနေတယ်" ဟု ၄င်းက ဆက်ပြောသည်။

ကလေးများ ကျောင်းတက်နိုင်ရေးအတွက် နယ်မြေခံတပ်ရင်းမှတပ်မတော်သားများက နံနက် ၅နာရီ မှ ညနေ ၆ နာရီခွဲအထိ စက်တပ်ဖိုက်ဘာ လှေနှစ်စင်းဖြင့် အခမဲ့ ကူညီပို့ဆောင်ပေးနေကြောင်း သိရသည်။ "တပ်မတော်က လှေတွေနဲ့ ကူးပေးနေလို့ ကလေးတွေကျောင်းသွားရတာ အဆင်ပြေနေပါတယ်။ ချောင်းရေလျှံတာ ရက်ရှည်သွားမယ်ဆိုရင် ကလေးတွေ ကျောင်းသွားဖို့အတွက်ပါ အခက်အခဲရှိနိုင်တယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အဆိုပါ ချောင်းကူးနေရာတွင် မြို့နယ်ကျေးရွာချင်းဆက် တံတားငယ်တစ်ခုကို ယခုနှစ်ဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ တံတားတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ တံတားသည် ပေ ၄၀ ငါးခန်း (ပေ ၂၀၀)ခန့်ရှိသော်လည်း ချောင်းရေတိုးပွားလာခဲ့သည့်အတွက် တံတား ထိပ်နှစ်ခုမှာ မြေပြင်နှင့် မထိစပ်နိုင်တော့သဖြင့် တံတားအခြေအနေကို သက်ဆိုင်ရာမှ လာရောက်စစ်ဆေးကာ တံတားအရှည်တိုးချဲ့ပေးရန် မျှော်လင့်နေကြကြောင်း ဒေသခံများထံမှ သိရသည်။

"အရင်တုန်းက တိုင်းတာခဲ့တဲ့အတွက် တံတားအရှည်က လက်ရှိ ချောင်းအကျယ်နဲ့ဆိုရင် လိုအပ်နေပါတယ်။ တံတားရဲ့ဟိုဘက်ထိပ်နဲ့ ဒီဘက်ထိပ်ကို ဖြည့်စွက်ပြီး တည်ဆောက်ပေးစေချင်တယ်"ဟု သာယာကုန်း ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် ဇေယျာသီရိမြို့နယ် ညောင်ပင်ကြီးကျေးရွာမှ ပျဉ်းမနား သကြားစက်ဘက်သို့ နေ့စဉ်အလုပ်သွားသည့် ဒေသခံများ အားထားရာ ညောင်ပင်ကြီးကျေးရွာနှင့် သနပ်ပင် ဆိပ်ကျေးရွာ ချောင်းကူးကြိုးတံတားမှာလည်း ဩဂုတ် ၂၈ ရက်က ရေစီးနှင့် မျောပါခဲ့သဖြင့် ဒေသခံများအခက်အခဲကြုံတွေ့နေရကြောင်းသိရသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)၊**
**ဓာတ်ပုံ-အိဇာဇာညွန့်**



# ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် စူဠာမဏိဘုရားကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်ဦး စက်တင်ဘာ ၁**

ညောင်ဦးတွင် ဩဂုတ် ၂၄ ရက်က အင်အား ပြင်းငလျင် လှုပ်ခတ်မှုကြောင့် ပုဂံရှေး ဟောင်း ယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် ဘုရားများနှင့် စေတီပုထိုးများစွာထိခိုက်ပျက်စီးသွားခဲ့ပြီး ယခုအခါ အဆိုပါ ငလျင်ကြောင့် ပြိုကျပျက်စီးသည့် ဘုရားစေတီ ပုထိုးများအား ဘုရားဖူးညှော့သည်များ လာရောက်ဖူးမြော်ရာတွင် ယခင်ရှေးဟောင်းလက်ရာမပျက် ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် အသစ်ပြန်လည် ပြုပြင်မွမ်းမံပြင်ဆင်နိုင်ရေး ဩဂုတ် ၃၁ ရက်က စူဠာမဏိဘုရားကြီးတွင် ပြိုကျခဲ့ သည့် အုတ်ချပ်များရှင်းလင်းခြင်းနှင့် ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စူဠာမဏိဘုရား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ၊ ခမရ(၇၁)မှ တပ်မတော်သားများ၊ အမှတ်(၂၅) နှင့် အမှတ်(၃၅)လုံခြုံရေး တပ်ဖွဲ့ခွဲများမှ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင် ဆောက်လုပ်ရေးရုံးမှ ဝန်ထမ်းများ၊ Bollon Over Bagan မှ ဝန်ထမ်းများ၊ Golden Eagle Bagan မှ ဝန်ထမ်းများ၊ ရွှေစေတီကျောင်းတိုက်မှ သံဃာ ၆၅ ပါး၊ အလိုတော်ပြည့်ကျောင်းတိုက်မှ သံဃာ ၃၃ ပါး၊လောကနန္ဒာ စာသင်တိုက်မှ သံဃာအပါး ၅၀၊ မဂ္ဂကာရီ လူမှုကူညီရေးအသင်းမှ အသင်းဝင်များ၊ (ဝက်ကြီးအင်း) အာယုသုခလူမှုကူညီရေးအသင်းမှ အသင်းဝင်များ၊ မြတ်ဒါနလူမှုကူညီရေးအသင်းမှ အသင်းဝင်များ၊ စိတ်စေတနာလူမှုကူညီရေးအသင်းမှ အသင်းဝင်များနှင့် သံလျင်ချောင်း ပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀၀ ကျော်ခန့် စုပေါင်းကာ စူဠာမဏိဘုရားပရိဝုဏ်အတွင်း ငလျင်ကြောင့် ပြိုကျပျက်စီးနေသည့် အုတ်ချပ်များ ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများနှင့် ဖိုရမ်များဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိသည်။ မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များ ကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏ အသံများပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များမှ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးမှ ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း၏ အသင်းဝင်ပုံစံများ စုပေါင်းပေးအပ်ရေး၊ ဥပဒေပညာပြန့်ပွားရေးနှင့် ဥပဒေပညာ အထောက်အကူပြု ပညာပေးဟောပြောပွဲများကျင်းပရေးတို့ကို စီစဉ်ပြင်ဆင်နေကြောင်း ဩဂုတ်လနောက်ဆုံးပတ်က ကမာရွတ်မြို့နယ်တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပသော မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးဘတင့်ဆွေက ဆွေးနွေးပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် အသင်းအထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦးက အသင်း၏ ဆက်လက်ဆောင်ရွက်မည့်ရှေ့လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြကြောင်း သိရသည်။

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများ အသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာအသင်းသားများနှင့်ဥပဒေဘွဲ့ရသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(၃၄၉)

# ရောင်းဝယ်ရေးသမဝါယမအသင်း(လီမိတက်)များတွင် ကုန်မျိုးစုံလက်လီဆိုင်ဖွင့်

**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးကျော်စိုးသန်း၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ရောင်းဝယ်ရေးသမဝါယမအသင်း(လီမိတက်)များတွင် ကုန်မျိုးစုံလက်လီဆိုင်များဖွင့်လှစ်လျက်ရှိရာ ချမ်းအေး သာစံမြို့နယ်တွင် အောင်ဇမ္ဗူရောင်းဝယ်ရေးသမဝါယမအသင်း(လီမိတက်) ကုန်မျိုးစုံလက်လီဆိုင်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်က ၆၃လမ်း (၂၈×၂၉) လမ်းကြားရှိ အသင်းဆိုင်တွင်လည်းကောင်း၊ ၃၅ လမ်း ၈၅ လမ်းထောင့်ရှိ မန်းရတနာရောင်းဝယ်ရေး သမဝါယမအသင်းဆိုင်တွင် လည်းကောင်း ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောကညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် သက်ဆိုင်ရာအသင်း(၂)အသင်းမှ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ရထားရဲတပ်ဖွဲ့အမှတ်(၁၉)တပ်ခွဲ လက်ပံတန်းမှ တပ်ခွဲမှူး ဒုတိယရဲမှူး ဖိုးဆယ် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဩဂုတ်လနောက်ဆုံးပတ်က လက်ပံတန်းမြို့ လောကမာရ်အောင်ရွှေဘုန်းရောင်စေတီ တော်နှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။

ဝဝဝ

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၁**

အမှတ်(၁) ယာဉ်ထိန်းရဲဒုတိယတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ နေပြည်တော်အတွင်း ယာဉ် မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ဝန်ကြီးဌာနများ၊ စာသင်ကျောင်းများနှင့်ကားဂိတ်၊ ဆိုင်ကယ်ကယ်ရီဂိတ်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော ဆောင်ရွက်မှုအား ဩဂုတ် ၂၉ ရက်က ဥတ္တရသီရိမြို့ နယ် ACE ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဥတ္တရသီရိမြို့နယ် မင်းကုန်ရွာအထကနှင့် ပျဉ်းမနားမြို့နယ် ညောင်ပင်သာ အထကများသို့ သွားရောက်ဆောင်ရွက်ခဲ့သည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်သားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန် သရုပ်ပြပုံများ၊ မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေများကို အသေးစိတ်ချပြ ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင် ၈၀၀ အား ဝေငှခဲ့သည်။

**(သတင်းစဉ်)**

# ရေကြီးနစ်မြုပ်သီးနှံများ စိုက်ပျိုးရန်နှင့် ကြံသီးနှံတောင်သူပညာပေး

**အောင်လံ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ရေကြီးနစ်မြုပ်သီးနှံများ ပြန်လည် စိုက်ပျိုးရန်နှင့် ကြံသီးနှံတောင်သူပညာပေး(Field Day)နှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို ပြုလုပ်ခဲ့ရာ ဩဂုတ် ၃၁ ရက်က တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်စိန်နှင့်အဖွဲ့တို့သည် ဒုရင်ဖိုလ်သကြားစက်ရုံဝင်းအတွင်း စံပြကြံစိုက်ခင်း၌ ကြံစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပညာပေး (Field Day)ပြုလုပ်ခြင်း၊ ရေကြီးနစ်မြုပ်သီးနှံများ အမြန်ဆုံးစိုက်ပျိုးနိုင်ရန်နှင့် သီးနှံစုံစံပြစမ်းသပ်ကွက်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည် ။

**သိန်းလွင် (ပြန်/ဆက်)**


ငွေဖြည့်လိုက်တိုင်း
facebook နဲ့ Viber
စိတ်ကြိုက်
free*
ဓါတ်ပုံ / ဗီဒီယိုအပါအဝင်
စာရင်းသွင်းခပေးရန်မလိုဘဲ အခမဲ့
ပုံသေမြန်နှုန်းမြင့်အင်တာနက် speed
ဓါတ်ပုံ၊ ဗီဒီယိုတွေ စိတ်ကြိုက်တင်၊ စိတ်ကြိုက်ကြည့်
sticker, emoji တွေနဲ့ စိတ်ကြိုက် CHATTING
telenor
အခုပဲစာရင်းသွင်းဖို့
*365*3#
ကိုဖုန်းခေါ်ဆိုပါ။
*အသေးစိတ်အချက်အလက်များနှင့် လိုက်နာရမည့်သတ်မှတ်ချက်များကို www.telenor.com.mm တွင် ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်



wave money
YOMA BANK
The Responsible Bank.
telenor
လွယ်ကူ၊ လျင်မြန်ငွေလွှဲရန်
JOIN THE LUCKY DRAW NOW!
NEW MITSUBISHI CAR
500,000 MMK
SONY 48" LED TV
SAMSUNG S7 EDGE 32 GB
Wave Money ဆိုင်သို့သွားပြီး (သို့) Wave Money App နဲ့
ငွေလွှဲ၊ ငွေထုတ်ရင်း Lucky Draw အစီအစဉ်မှာ ပါဝင်ဆင်နွှဲလိုက်ပါ။
အသေးစိတ်အချက်အလက်များအတွက် အချိန်မရွေးခေါ်ဆိုမေးမြန်းရန်
တယ်လီနောအသုံးပြုသူများ – ၉၀၀၊
တယ်လီနောအသုံးမပြုသူများ – ၀၉၇၉၀၀၀၉၀၀၀
ပရိုမိုးရှင်းအစီအစဉ်များ ပိုမိုသိရှိနိုင်ရန်
Facebook.com/WaveMoney
တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
ကံစမ်းမဲအစီအစဉ်
• Wave Money ရဲ့ကံစမ်းမဲအစီအစဉ်ကို Digital Money Myanmar Limited မှ (၄၅)ရက်ကြာ ပြုလုပ်မှာဖြစ်ပါတယ်။
• ဆုမဲများအနေဖြင့် Mitsubishi Car ကားအသစ် 1စီး၊ Sony LED 48" တီဗွီ 2 လုံး၊ Samsung S7 Edge 32 GB ဖုန်း 2 လုံးနှင့် Wave အကောင့်ထဲထည့်ပေးမယ့် E-money 5 သိန်းဖိုးတို့ ပါဝင်ပါတယ်။
• Wave ဆိုင်ငွေလွှဲမှုဖြစ်စေ၊ Wave အကောင့်မှဖြစ်စေ Wave Money ဖြင့် မည်သည့်လုပ်ငန်းစဉ်ကိုမဆို ပြုလုပ်ပြီး ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်နိုင်ပါတယ်။ အကျုံးဝင်သော လုပ်ငန်းစဉ်များ – ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ငွေလက်ခံခြင်းနှင့် ဖုန်းငွေဖြည့်ခြင်း။
• ကံထူးရှင်များကို ဖုန်းဆက်အကြောင်းကြားသွားမှာ ဖြစ်ပါတယ်။
• ကံစမ်းမဲအစီအစဉ် အသေးစိတ်အချက်အလက်များအတွက် Wave Money Facebook Page facebook.com/WaveMoney မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။

MPT
ရှေ့သို့လှမ်း၍မြန်မာပြည်




# သောကြာနေ့တိုင်းမှာ ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

- သောကြာနေ့တွင် E-Topup ဖြင့် ငွေဖြည့်ပြီး အပိုဆုနှစ်မျိုး ရယူလိုက်ပါ။
- MPT ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

(Data အပိုဆုများသည် ဆွေသဟာ အသုံးပြုသူများအတွက်သာ)

- အပိုဆုငွေများဖြင့် **MPT** မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့်နေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 1,000 Ks | 20 MB | 20 MB + 100 Ks |
| 3,000 Ks | 80 MB | 80 MB + 500 Ks |
| 5,000 Ks | 150 MB | 150 MB + 1,250 Ks |
| EVERY 10,000 Ks | 400 MB | 400 MB + 3,000 Ks |

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

# နေ့စဉ် E-Topup ဖြင့် ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | E-Topup ဖြင့် (အပိုဆု) |
|---|---|
| 1,000 Ks | 100 Ks |
| 3,000 Ks | 500 Ks |
| 5,000 Ks | 1,250 Ks |
| EVERY 10,000 Ks | 3,000 Ks |

- **MPT** ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
- အပိုဆုငွေများဖြင့် **MPT** မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့်နေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- ဩဂုတ်လ(၁၂)ရက်နေ့မှ စက်တင်ဘာလ(၁၂)ရက်နေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြစိန်
**အသက်(၉၃)နှစ်**

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ အကြီးတန်းဒုဥက္ကဋ္ဌ(၁) ဦးခင်အောင်ထွန်း(ခ)ဦးညီ၏ အဒေါ်ဖြစ်သူ ဒေါ်မြစိန် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြစိန်
**အသက်(၉၃)နှစ်**

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ အကြီးတန်းဒုဥက္ကဋ္ဌ(၁) ဦးခင်အောင်ထွန်း(ခ)ဦးညီ၏ အဒေါ်ဖြစ်သူ ဒေါ်မြစိန် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြစိန်
**အသက်(၉၃)နှစ်**

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ အကြီးတန်းဒုဥက္ကဋ္ဌ(၁) ဦးခင်အောင်ထွန်း(ခ)ဦးညီ၏ အဒေါ်ဖြစ်သူ ဒေါ်မြစိန် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုရေးရာအဖွဲ့**
**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ အကြီးတန်းဒုဥက္ကဋ္ဌ(၁) ဦးခင်အောင်ထွန်း(ခ)ဦးညီ၏အဒေါ်ဖြစ်သူ ဒေါ်မြစိန် အသက်(၉၃)နှစ် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊**
**တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်တောင်ပိုင်း၊ မွန်ပြည်နယ်၊**
**ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ နေပြည်တော်၊**
**ပုဂံဒေသ၊ ညောင်ရွှေဒေသ၊ ကျိုက်ထိုမြို့၊ ပြင်ဦးလွင်မြို့**
**(မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ**
### ဒေါက်တာဦးကျော်မင်း
**ဥက္ကဋ္ဌ- ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့**

၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ၁၂း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ**
**ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်မြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးချင်းစိန်(ခ)ပေပြင်ခွန်း
**အထွေထွေမန်နေဂျာ(စက်မှုစီမံ) (ငြိမ်း)**
**မြန်မာ့သင်္ဘောကျင်းလုပ်ငန်း**
**အသက်(၈၀)**

ဦးချင်းစိန်(ခ)ပေပြင်ခွန်း [အထွေထွေမန်နေဂျာ(စက်မှုစီမံ) (ငြိမ်း)၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း] အသက်(၈၀)သည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ**
**Myanma Shipyards-Dong A Joint Venture Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိုင်းဝန်းကျောက်
**အသက်(၅၅)နှစ်**

ဒေါ်အေးအေးသန်း(ခ)မငယ် (Brand Manager, L'Occitane, Han Ideal Trading Ltd.) ၏ခင်ပွန်း ဦးစိုင်းဝန်းကျောက်သည် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Medi Myanmar Group Ltd နှင့်**
**Han Ideal Trading Ltd. မှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးအောင်အောင်
**တဇ(၂၇)**
**အသက်(၃၈)နှစ်**

သူငယ်ချင်း ဗိုလ်မှူးအောင်အောင်သည် ၁-၉-၂၀၁၆ရက် နံနက် ၅နာရီတွင် ပြင်ဦးလွင်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တဇ(၂၇) ကျောင်းဆင်းအရာရှိသူငယ်ချင်းမိသားစု**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးနောင် (စာရေးဆရာ ဦးစိုးသွေး)
**အသက်(၇၈)နှစ်**

ကုက္ကိုင်းရေကူးအသင်း တွဲဖက်-အတွင်းရေးမှူး ဦးပြည့်လင်း၏ဖခင် ဦးစိုးနောင် (စာရေးဆရာ ဦးစိုးသွေး) သည် ၂၉-၈-၂၀၁၆ရက် မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုက္ကိုင်းရေကူးအသင်း**

## ဦးခင်လှိုင်
**မန်နေဂျာ(ငြိမ်း)၊ CB Bank**
**အသက်(၇၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၃၂၊ ငါးလွှာ-ကနေ (ဦးစိန်ချော-ဒေါ်ဖွားသင်)တို့၏သား၊ (ဦးဘန်နီ-ဒေါ်သန်းတင်)တို့၏သားသမက်၊ဒေါ်ရီရီမြင့်(မြန်မာ့အာမခံလုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာအောင်ကျော်လှိုင်(Future Engineering Group)-ဒေါက်တာစိုးဝင်းမော်၊ ဒေါ်သဉ္ဇာမွန်(Executive Search)၊ ကိုသန်းမြတ်စိုး-မလှဲ့ယဉ်ဝင်း(Myanmar Survey Research)တို့၏ဖခင်၊ (ဦးအုန်းမြင့်)-ဒေါ်လှမြင့်၊ (ဦးထွန်းရှိန်)-ဒေါ်တင်တင်အေး၊ ဦးကျော်လှ-ဒေါ်ခင်ခင်ထွေး၊ (ဦးတင်ကြည်)-ဒေါ်သန်းသန်းဝင်း၊ (ဦးမြတ်အောင်)-ဒေါ်မြင့်မြင့်၊ ဦးရွှေမြ-ဒေါ်ခင်ခင်နွယ်တို့၏မောင်/ညီ၊ ပိုင်ထူးသန့်၏အဘိုး၊ တူ၊ တူမ ၁၃ယောက်တို့၏ဦးလေးသည် ၁-၉-၂၀၁၆ရက် မွန်းလွဲ ၁း၁၅နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၉-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉- ၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဗိုလ်ကြီးတင်ဝမ်း (ငြိမ်း)
**OTS အမှတ်စဉ်(၇၂)**
**အသက်(၆၁)နှစ်**

အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်၏ အုပ်ချုပ်/စီမံဌာန၊ မိုင်းမြို့အုပ်ချုပ်ရေးမှူး ဗိုလ်ကြီးတင်ဝမ်း(ငြိမ်း)သည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားကြီးပွားတိုးတက်ရေး**
**ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဗိုလ်ကြီးတင်ဝမ်း (ငြိမ်း)
**OTS အမှတ်စဉ်(၇၂)**
**အသက်(၆၁)နှစ်**

အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်၏၊ အုပ်ချုပ်/စီမံဌာန၊ မိုင်းမြို့အုပ်ချုပ်ရေးမှူး ဗိုလ်ကြီးတင်ဝမ်း(ငြိမ်း)သည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားကြီးပွားတိုးတက်ရေး**
**ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်**
**မိတ်ဖက်ကုမ္ပဏီများ**

## ဒေါ်ခင်ခင်လှ
**(တောင်ကုတ်) ရွာမ**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ တိုက် ၄၈၄၊ အခန်း ၂၀၂နေ(ဦးအောင်ထွန်း-ဒေါ်မနု)တို့၏သမီး၊ (ဦးစိန်ထွန်း-ဒေါ်လုံးမဖြူ)တို့၏ချွေးမ၊ (ဦးထွန်းခင်)၏ဇနီး၊ ဦးတိုးဝင်း(အထွေထွေမန်နေဂျာ၊ တောင်ကြီးမောက်မယ်) - ဒေါ်ခင်မေချစ်၊ မခင်မေလွင်၊ (ကိုဇော်မျိုးထွန်း)၊ ကိုခင်မောင်ဇော် - မအေးအေးကျော် တို့၏မိခင်၊ မအင်ကြင်းခိုင်၊ မောင်ဝေယံဖြိုး၊ မမေမြတ်နိုးခင်တို့၏အဘွားသည် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်၊ခေမာသီရိလမ်း၊ တိုက် ၄၈၄၊ အခန်း ၂၀၂ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ချို
**(မောင်မြင့် ပရိဘောဂ၊ တွံတေး)**
**အသက်(၇၆)နှစ်**

ဥူးဝါယာမ(ခ)ဦးမြင့်၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ အုန်းပင်စုရပ်ကွက်နေ ကိုမြင့်ဦး-မမြင့်မြင့်လွင်(အကိုင်း-တေးသံသွင်း)၊ ကိုမြင့်လွင်(မောင်မြင့်-ပရိဘောဂ)၊ ကိုဦး-မလှဲ့လှဲ့ဝင်း၊ မမြင့်မြင့်ချို၊ မစန္ဒာဦး၊ မချိုချိုမြင့်(ခ)မဘိုမ၊ ကိုမြင့်အေး-မယဉ်ယဉ်မိုး(သူနာပြု၊ တွံတေးဆေးရုံ)၊ ဗိုလ်မှူးမောင်မောင်ဦး - မနီနီမြင့်တို့၏မိခင်၊ မောင်နေဇော်ထက် - မအေးအေးမြင့်(ခ)မီးလေး၊မောင်ဇေယျာမြင့်ဦး(ခ)ဇော်ဗိုလ်၊ မနီလာမြင့်ဦး၊ မရွှန်းလဲ့မောင်၊ မဖူးပွင့်မောင်တို့၏အဘွား၊ မမေဦးခင်၏ဘွားဘွားကြီးသည် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် အထက်ပါနေအိမ်မှ တွံတေးမြို့ အိုးဘိုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစောအောင် (စစ်တွေမြို့)
**အသက်(၇၅)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးစောလှဦး-ဒေါ်အောင်ကြွဖြူ)တို့၏သား၊ ဦးစောသိန်း၊ ဒေါ်အုန်းမေတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၃၂၊ ငါးလွှာ/ခေါင်းရင်းနေ ဒေါ်ကျော့စိန်၏ခင်ပွန်း၊ ဦးစောဝင်းနိုင်-ဒေါ်မကြည်၊ ဦးအုန်းလွင်-(ဒေါ်စောစန္ဒာ)၊ ဦးသန်းနိုင်-ဒေါ်ဇင်မင်းထွန်း၊ ဦးစောရန်နိုင်-ဒေါ်ညိုညိုမီ၊ ဦးထွန်းလင်း-ဒေါ်စောသန္တာ(မြို့တော်စည်ပင်၊ ထုတ်လုပ်ရေးဌာန)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၃၁-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်အုန်း
**လက်ထောက်ဘဏ္ဍာရေးမှူး(ငြိမ်း)**
**E.P.C**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၁၀၁၊ ပထပ်၊ လေးထောင့်ကန်လမ်းမကြီး၊ဆ/ကရပ်ကွက်နေ(ဦးကျော်ရှင်း)-ဒေါ်မသိန်တို့၏သား၊ (ဦးအေးသာ - ဒေါ်အေးပွဲ)တို့၏ သားသမက်၊ ဦးလှသောင်း-(ဒေါ်အင်ရှိန်)၊ ဦးတင်ရွှေ-(ဒေါ်မြင့်)တို့၏ညီ၊ (ဒေါ်စန်းစန်းဝင်း၊ အထက-၁၊ သင်္ဃန်းကျွန်း)၏ခင်ပွန်း၊ ကိုအောင်သူ-မအိအိမြတ်၊ (ကိုရဲမင်းထွန်း)-မမြစန္ဒာဝင်း၊ မသင်းသင်းလှိုင် (အလက-၄၊ သင်္ဃန်းကျွန်း၊ မူလတန်းပြ)တို့၏ဖခင်၊ မောင်ဇေဟိန်းဆက်၏အဘိုးသည် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၆ရက် (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၇-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းထွန်း (မန္တလေး)
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၁)၊ တိုက် ၁၅၆/၅နေ (ဦးထွန်းရီ)-ဒေါ်ဝင်းကြည်တို့၏သား၊ ပြည်မြို့နေ ဦးသန်းနွံ့-(ဒေါ်ညွန့်ညွန့်)တို့၏ သားသမက်၊ ဒေါက်တာဒေါ်ခင်စန်းနွယ်(တွဲ/ပါမောက္ခ၊ သတ္တဗေဒဌာန၊ မြစ်ကြီးနားတက္ကသိုလ်)၏ခင်ပွန်း၊ မောင်ကောင်းမင်းခန့်၏ဖခင်၊ ဒေါ်နှင်းနှင်းထွန်း၏အစ်ကိုသည် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကျော့ယဉ်မာ
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၂လမ်းအောက်၊ အမှတ် ၅၉၅နေ(ဦးသန်း)-ဒေါ်ခင်နွယ်တို့၏သမီး၊ (ဦးသောင်းရွှေ)-ဒေါ်သန်းရွှေတို့၏ချွေးမ၊ ဒေါ်ခင်သောင်း၏တူမ၊ ဦးထွန်းထွန်းဇော် - ဒေါ်တင်တင်အုန်းတို့၏အစ်မ၊ ဦးတင်ထွဋ်၏ ချစ်လှစွာသောဇနီး၊ မောင်မြတ်သီဟကျော်၏မိခင်၊ မောင်ကျော်ဇေထွန်း၊ မထူးရွှေရည်ထွန်းတို့၏အဒေါ်သည် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၆ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၇-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနေလ
**အသက်(၈၃)နှစ်**

(ဦးဘခင်-ဒေါ်ညွန့်ရီ)တို့၏သား၊ ဒေါ်ခင်သောင်း၊ ဒေါ်မေရီစိန်တို့၏မောင်၊ ဦးဇော်ဝေ၏အစ်ကို၊ တိုက် ၆/၁၊ ပေါ်ဆန်းမွှေးလမ်းသွယ်(၁)နေ (ဒေါ်ရွှေရည်)၏ခင်ပွန်း၊ ဦးဥတ္တရ(ဦးနေရီ) မိုးညှင်းသီဂီကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်-ဒေါ်ဂျင်မီ(အမက-၁၆၊ သင်္ဃန်းကျွန်း၊ ငြိမ်း)၊ ဦးနေဝင်း(ဒုရဲမှူး-င/၁၇-သရက်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ခင်သော်တာ(အထက-၃၊ သရက်)၊ ဦးဉာဏ်ဝင်း-ဒေါ်ချိုချို၊ ဦးအောင်မိုးဝင်း-ဒေါ်အေးအေးမြတ်၊ ဦးဇော်သိန်းထူး-ဒေါ်ဝင်းဝင်းမြတ်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၃၁-၉-၂၀၁၆ရက် နံနက် ၀၀း၁၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်နှင့် မိုးညှင်းသီဂီကျောင်းမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၆ရက် နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဆွေဝင်း
**ပါမောက္ခ(အငြိမ်းစား)၊ ရက္ခဗေဒဌာန**
**မကွေးတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်(ရန်ကုန်)**
**ကျောက်တန်းမြို့နယ်အသင်း**
**အသက်(၇၂)နှစ်**

ရန်ကုန်တောင်ပိုင်းခရိုင်၊ တံတားမြို့နေ (ဦးဘစံ-ဒေါ်လှကြည်)တို့၏သမီး၊ ရန်ကုန်မြို့နေ ဒေါ်သန်းသန်းနွဲ့၏ညီမ၊ ဦးဖေသန်း-ဒေါ်ကြူကြူသိန်း၊ (ဦးမောင်မောင်ကြီး)-ဒေါ်ချိုချို၊ ဒေါ်တင်လေးဆွေ(ခ)ရွှေမိတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၁၄၄၀နေ ဦးတိုးဝင်းကျော်(ရက္ခဗေဒ)၏ဇနီး၊ ကိုဇလင်းမောင်-မသန္တာဝင်း၊ မအေးအိန္ဒြာ-ကိုမျိုးမြင့်သိန်းတို့၏မိခင်၊ ကိုပြည့်ဖြိုးကျော်(ဓေတ္တ-သြစတြေးလျ)-မဒါလီသိမ့်၊ ကိုဇော်ဇော်မျိုး-မသက်နှင်းလွင်၊ မပြည့်မွန်သွင်(ဓေတ္တ-ဒူဘိုင်း)၏ကြီးကြီးသည် ၃၁-၈-၂၀၁၆ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအုန်းမြင့်(ခ)ဦးစိုး
**MPPE (ငြိမ်း)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်အောက် ၂လမ်း၊ အမှတ် ၄၀၅/အေ၊ မြေညီနေ (ဦးသိုက်-ဒေါ်သိန်းဟန်)တို့၏သား၊ (ဦးသိန်းဖေ-ဒေါ်မြပု)တို့၏သားသမက်၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်စန်းမြင့်တို့၏မောင်၊ (ဦးစိန်သောင်း)၊ ဦးတင်မောင်ဝင်း-ဒေါ်ငွေငွေညွန့်၊ ဦးအုန်းမြင့်-ဒေါ်မြင့်မြင့်ခင်၊ (ဦးမြင့်အေး)-ဒေါ်သန်းသန်းငွေတို့၏အစ်ကို၊ မောင်ဝေယံအုန်းမြင့်၏ဖခင်၊ ဒေါ်တင်တင်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအစင်း(ခ)ဦးအထောင်း
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၆၃နေ (ဦးဟုန်-ဒေါ်တင်ငွေ)တို့၏သား၊ (ဦးကြည်-ဒေါ်ဟန်သီ)တို့၏သားသမက်၊ ဒေါ်မွှေးမွှေး၏ခင်ပွန်း၊ ဗိုလ်မှူးစိုးသိန်း-ဒေါ်စုစုထွန်း၊ မဇင်ဇင်ထွန်း၊ မောင်မျိုးခိုင်ကျော်၊ ဒေါက်တာကောင်းဇော်ဟိန်းတို့၏ဖခင်၊ ဂူးဂူး၊ ထူးထူးတို့၏ အဘိုးသည် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၉-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း အသက်(၅၅)နှစ်
**(ဦးစီးအရာရှိ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန) နေပြည်တော်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်း ၂)လမ်း၊ အမှတ် ၁၇နေ (ဦးအေးချို)-ဒေါ်သန်းညွန့်တို့၏သား၊ ဒေါ်အေးသန်း၊ ဒေါ်စန်းစန်းအေး-ဦးမင်းနိုင်စိုး၊ ဒေါ်ယဉ်သန်း-ဦးသက်နိုင်တို့၏မောင်/အစ်ကို၊ ဦးမောင်ဝင်း-ဒေါ်သိန်းရီတို့၏သားသမက်၊ ဒေါ်မီမီခိုင်(ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန)၏ခင်ပွန်းသည် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျွေ့ကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသန်းထွန်း အသက်(၅၅)နှစ်
**(ဦးစီးအရာရှိ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန) နေပြည်တော်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်း ၂လမ်း၊ အမှတ် ၁၇နေ (ဦးအေးချို)-ဒေါ်သန်းညွန့်တို့၏သား၊ ဒေါ်အေးသန်း၊ ဒေါ်စန်းစန်းအေး-ဦးမင်းနိုင်စိုး၊ ဒေါ်ယဉ်သန်း-ဦးသက်နိုင်တို့၏မောင်/အစ်ကို၊ ဦးမောင်ဝင်း-ဒေါ်သိန်းရီတို့၏သားသမက်၊ ဒေါ်မီမီခိုင်(ညွှန်ကြားရေးမှူး၊ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန)၏ခင်ပွန်းသည် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

## ဒေါ်နွဲ့နွဲ့မူ(သန်လျင်) B.A (History)
**ခရိုင်ကော်မတီဝင် (ပြည်ခိုင်ဖြိုးပါတီ) ရန်ကုန်တောင်ပိုင်းခရိုင်**
**ဒု-ဥက္ကဋ္ဌ၊ မိဘဆရာအသင်း၊ အုတ်ဖိုစုမူလွန်**
**ဘဏ္ဍာရေးမှူး၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့**
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၂၁နေ (ဦးစံမင်း-ဒေါ်စန်းနွဲ့)တို့၏သမီး၊ (ဦးတင်အောင်)-ဒေါ်တင်ရီတို့၏သမီးချွေးမ၊ ဦးအောင်ကျော်မင်း-ဒေါ်သင်းသင်းအေး၊ ဦးဝင်းနိုင်-ဒေါ်အေးမူ၊ ဦးဇော်ဝင်း-(ဒေါ်မြင့်မြင့်မူ)၊ (ဦးရဲထွဋ်)-ဒေါ်ခင်မို့မို့တို့၏ညီမ၊ မောင်ရဲထက်ဝင်း၊ မောင်ဟိန်းတေဇာဝင်းတို့၏မိခင်၊ ဦးဆန်းဝင်း၏ ချစ်လှစွာသောဇနီးသည် ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# “ဝ”ပြည် သွေးစည်းညီညွတ်ရေးအဖွဲ့(UWSA )နှင့် ပတ်သက်၍ ၁၀ ဦးကော်မတီအစည်းအဝေးထိုင်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြား

**သတင်း - ရဲခေါင်ညွန့် ၊ ဓာတ်ပုံ-ဖိုးထောင်**

**နေပြည်တော် စက်တင်ဘာ ၁**




ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယနေ့အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)၊ ဦးလှမောင်ရွှေ၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးဇော်ဌေးနှင့် ဦးစိုင်းကျော်ညွန့်တို့က ယနေ့ပြုလုပ်သည့်အစည်းအဝေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။ **(ယာပုံ)**

ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက“ဒီနေ့က ပါတီတွေနဲ့ အဖွဲ့အစည်းတွေရဲ့ မူနဲ့ ပေါ်လစီကို တင်ပြတဲ့အပိုင်းပါ။ တင်ပြတဲ့အထဲမှာ အားလုံးကို ခြုံကြည့်ရင် တူညီတဲ့အချက်က ငြိမ်းချမ်းရေးကို လိုလားတယ်ဆိုတဲ့အချက်ပါ။ NCA မှာပါတဲ့အတိုင်း ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြမယ်ဆိုတာလည်း တူညီတဲ့အပိုင်းပါ။ အားလုံးပါဝင်ရေးမူကိုလည်း အားလုံးထောက်ခံပါတယ်။ ညီလာခံမှာ မပါနိုင်သေးတဲ့ ညီနောင်တိုင်းရင်းသား သုံးဖွဲ့အတွက် ဝိုင်းဝန်းကြိုးပမ်းကြဖို့ တိုက်တွန်းတာတွေရှိတယ်”ဟုပြောသည်။

“ဝ” ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ (UWSA ) သည် ယနေ့ညီလာခံတွင် စာတမ်းတင်သွင်း ဖတ်ကြားခြင်းမပြုဘဲ အစည်းအဝေးမှ ပြန်သွားခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ၁၀ ဦး ကော်မတီအစည်းအဝေးထိုင်မည်ဖြစ်ကြောင်းနှင့် အဖွဲ့အစည်းအသီးသီးမှ တင်သွင်းလာသည့် စာတမ်းများကို စုစည်း၍ ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း ဦးဇော်ဌေးထံမှ သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐

# ပြောင်းရွှေ့မည့် အမျိုးသားစာကြည့်တိုက် ပြုပြင်ရေးလုပ်ငန်းများစတင်



ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၁ လမ်း ထောင့်ရှိ ရေနံရုံးချုပ်အဆောက်အအုံကို တွေ့ရစဉ်

**သတင်း-မြင့်မောင်စိုး ၊ ဓာတ်ပုံ -တင်စိုး (မြန်မာ့အလင်း)**

**ရန်ကုန် စက်တင်ဘာ ၁**

အမျိုးသားစာကြည့်တိုက်ကို ပြည်သူအများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ရန်ကုန်မြို့တွင်းသို့ ပြောင်းရွှေ့သွား မည်ဖြစ်ရာ ပြောင်းရွှေ့မည့်ကုန်သည်လမ်းနှင့် ၃၁ လမ်းထောင့်ရှိ ရေနံရုံးချုပ်အဆောက်အအုံကို ပြင်ဆင်မွမ်းမံမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဦးသန်းအောင်က ပြောသည်။

“တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်ဆိုပြီးရှိပါတယ်။ အမျိုးသား စာကြည့်တိုက်က နေပြည်တော်မှာ ပြောင်းရွှေ့သွားတာဖြစ်လို့ တချို့တစ်ဝက်ကျန်ပါတယ်။ ကျန်တဲ့အစိတ်အပိုင်းကို ရန်ကုန်မြို့ရဲ့ လူသွားလူလာများတဲ့မြို့ထဲကို အမျိုးသားစာကြည့်တိုက်ကို ပြောင်းဖို့ဆောင်ရွက်ခဲ့ရာမှာ ဒီကနေ့စက်တင်ဘာ ၁ ရက်မှာ ကုန်သည်လမ်းနဲ့ ၃၁ လမ်းထောင့်ရှိ ရေနံရုံးချုပ် အဆောက်အအုံအဟောင်းကို ပုံဆွဲတာတွေ၊ တိုင်းတာတာတွေ စတင်လုပ်ဆောင်မယ်လို့ သိရပါတယ်။ ဒီအဆောက်အအုံကို ၁၉၀၆ ခုနှစ်က စဆောက်တာဖြစ်တဲ့အတွက် သက်တမ်းအားဖြင့် နှစ် ၁၁၀ ရှိနေပြီဖြစ်ပါတယ်။ ငါးထပ်အဆောက်အအုံဖြစ်တဲ့အတွက် အထပ်လိုက်၊ အလွှာလိုက်ပြုပြင်မှုတွေဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြုပြင် ဆောက်လုပ်မှာကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကဖြစ်ပါတယ်။ တစ်နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပြီး အမျိုးသားစာကြည့်တိုက်ကို ပြောင်းရွှေ့သွားမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးသန်းအောင်က ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံစာကြည့်တိုက်အသင်းရုံးခန်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အမျိုးသားစာကြည့်တိုက်၏ အဓိကတာဝန်သည် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သော စာပေများကို စုဆောင်းထိန်းသိမ်းသွား ရန်ဖြစ်ကြောင်း၊ ထို့အပြင် သုတေသနပညာရှင်များဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ပေးရခြင်းဖြစ်ကြောင်း၊ ရှားပါးစာအုပ်နှင့် ပေပုရပိုက်မူရင်းများကို နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ သိမ်းဆည်းထားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဖတ်ရှုလေ့လာလိုပါက ဒစ်ဂျစ်တယ်စနစ်ဖြင့် Screen ပေါ်တွင် ကြည့်ရှုနိုင်မည့်အပြင် ပရင်တာဖြင့်စာရွက်ထုတ်ယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ မူရင်းစာအုပ်နှင့် ပေပုရပိုက်များသည် ကြွပ်ဆတ်နေပြီဖြစ်၍ အများပြည်သူအား ကြည့်ရှုခွင့်ပြုရန် မဖြစ်နိုင်တော့ကြောင်း၊ ယင်းရှားပါးစာပေများကို စနစ်တကျ ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ❍


**အလက်စကာဦ လေယာဉ်နှစ်စင်းတိုက်မိ ခရီးသည်ငါးဦးသေဆုံး**
စ၁ - ၁၀

**ဘထ်သို့ ငွေကျပ် တစ်သောင်းတန် အတုများ ငွေလွှဲအပ် ပြုလုပ်သူအား ဖမ်းဆီးစစ်ဆေးနေ**
စ၁ - ၁၃

**(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအမျိုးသမီး အသင်းလေ့ကျင့်**
စ၁ - ၁၄



